# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၇၂)


**မိမိကိုယ်ကိုယ်စောင့်ရှောက်**

မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း။ မိမိသာလျှင် မိမိ၏ လဲလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည် သည် အမျိုးကောင်းမြင်းများကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကိုယ် စောင့်ရှောက်လေလော့။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၈၀)**

# ဗိုလ်ချုပ်အောင်ဆန်း၏ ဆီလီကွန်ပုံတူရုပ်တု ဗိုလ်ချုပ်ပြတိုက်သို့ ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂**

(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူကြည့်ရှုနိုင်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဆီလီကွန်ရုပ်တုပုံတူသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်ပြတိုက်သို့ ရောက်ရှိလာသည်။

ပက်လက်ကုလားထိုင်ပေါ်၌ ဗိုလ်ချုပ်အောင်ဆန်း စာဖတ်နေဟန် သုံးဖက်မြင် ဆီလီကွန်ရုပ်တုကို ရုပ်တုပညာရှင် ဦးအောင်ကျော်ထွန်းက ထုလုပ်ထားခြင်းဖြစ်သည်။

"နတ်မောက်မှာရှိတဲ့အရုပ်နဲ့ ဒီအရုပ်နဲ့က ပက်လက်ကုလားထိုင်မှာ စာဖတ်နေတာအတူတူပါပဲ၊ ဒါပေမယ့် ထုလုပ်တဲ့ စိတ်ခံစားမှုကတော့ ကွာခြားပါတယ်။ ဗိုလ်ချုပ်အိမ်ပြန်လာပြီး အေးအေးလူလူ စာဖတ်နေနိုင်ပြီဆိုတဲ့ ခံစားချက်ကို ပြည်သူပြည်သားတွေ သိရှိခံစားနိုင်အောင်ဖော်ကျူးထားပါတယ်"ဟု ဆီလီကွန်ရုပ်တုပညာရှင် ဦးအောင်ကျော်ထွန်းက ပြောသည်။

ယခုနှစ် အာဇာနည်နေ့သည် အခြားနှစ်များနှင့်မတူဘဲ တစ်မူထူးခြားနေမည်မှာ သေချာသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တကယ့်သက်ရှိထင်ရှား ဗိုလ်ချုပ်အောင်ဆန်း ကုလားထိုင်ပေါ်၌ထိုင်ပြီး စာဖတ်နေသည့်အလား ဆီလီကွန်ရုပ်တုကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဆီလီကွန်ရုပ်တုကို ထုလုပ်ခဲ့သည့် ဆီလီကွန်ပန်းပုပညာရှင် ဦးအောင်ကျော်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)သို့ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) တက်ရောက်နိုင်ရေးဆွေးနွေး

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဇူလိုင် ၂**

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K- National Socialist Council of Nagaland) သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)သို့ တက်ရောက်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ( ၂၁ ရာစုပင်လုံ) ကြိုတင်ပြင်ဆင်ရေးကော်မတီနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ ဖိတ်ခေါ်မှုကြောင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) သည် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ (၂၁ ရာစုပင်လုံ) ကြိုတင်ပြင်ဆင်ရေးကော်မတီအား လာရောက်တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၇ ကော်လံ ၁* ◆


**တနင်္ဂနွေ ဖတ်စရာ**

**အပြာရောင်ကမ္ပည်းတပ်ဆင်ခွင့်ရထားသည့် နှစ်ပေါင်း ၁၀၂ နှစ် သက်တမ်းရှိ အိန္ဒိယသံရုံးအဆောက်အအုံ**
ရန်ကုန်မြို့ပြရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင် စာမျက်နှာ - ၁၅

**ရောင်ခြည်ဦးအလှများ ဝေ့ဝဲနေသည့် မြို့သံတွဲ**
ခရီးသွားဆောင်းပါး စာမျက်နှာ - ၁၆၊ ၁၇


**နေရာကွက်၍ မိုးကြီးနိုင်** ၂-၇-၂၀၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




မြန်မာ့အလင်း

# ငြိမ်းချမ်းသည့်လူ့ကမ္ဘာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့တော် ဒါကာတွင်ဖြစ်ပွားခဲ့သည့် စားသောက်ဆိုင်ကို တိုက်ခိုက်စီးနင်းပြီး ဓားစာခံများဖမ်းဆီးမှုမှာ လူအသေအပျောက်များနှင့်အတူ ၂၄ နာရီအတွင်း နိဂုံးချုပ်သွားခဲ့ပြီဖြစ်သည်။


သောကြာနေ့ည ၉ နာရီခန့်က စတင်ကာ စနေနေ့နံနက် ၉ နာရီခန့်တွင် အဆုံးသတ်ခဲ့သော အဆိုပါအကြမ်းဖက်မှုတွင် ဓားစာခံ ၁၄ ဦးထက်မနည်းကို ပြန်လည်ကယ်တင်နိုင်ခဲ့ကာ သေနတ်သမားခြောက်ဦးကို ရှင်းလင်းနိုင်ခဲ့ကြောင်း မီဒီယာများက ဖော်ပြကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ၏ ပြောကြားချက်တွင် ဓားစာခံ ၁၃ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဓားစာခံအချို့ သတ်ဖြတ်ခံခဲ့ရကြောင်း၊ သေနတ်သမားခြောက်ဦးကို သုတ်သင်နိုင်ခဲ့ပြီး တစ်ဦးကို အရှင်ဖမ်းဆီးမိခဲ့ကြောင်း ပြောကြားခဲ့ပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍မူ "စစ်သွေးကြွများ၏ တိုက်ခိုက်မှု"ဟု ဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ လူဦးရေသန်း ၁၅၀ ခန့်ရှိပြီး အများစုမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ကြသည်။ ကမ္ဘာပေါ်ရှိ အခြားဒေသများမှာကဲ့သို့ အစွန်းရောက်အတွေးအခေါ်များနှင့် အစွန်းရောက်ဝါဒများ ၎င်းတို့နိုင်ငံအတွင်း ဝင်ရောက်မလာစေရန် အစိုးရအနေဖြင့် ကြိုးပမ်းခဲ့သည့်တိုင် လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း ဘာသာရေးအမည်ခံ အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များဖြစ်သော သတ်ဖြတ်မှုများ ဒေသအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်များနှင့် ပတ်သက်၍ နိုင်ငံတကာမှ ဝေဖန်ပြစ်တင်မှုများ တစ်စတစ်စများပြားလာမှုကို တုံ့ပြန်သည့်အနေဖြင့် စစ်သွေးကြွနှိမ်နင်းရေး စီမံချက်ရေးဆွဲပြီး လွန်ခဲ့သည့်လအတွင်းက အကောင်အထည်ဖော်ခဲ့ရာ ဖမ်းဆီးထိန်းသိမ်းခံရသူအများစုမှာ သာမန်ရာဇဝတ်မှုကျူးလွန်သူများက အများစုဖြစ်ပြီး ဘာသာရေးအစွန်းရောက်များ မပါကြောင်းလည်း သတင်းများထွက်ပေါ်ခဲ့သည်။

ဒါကာသံတမန်ရပ်ကွက် စားသောက်ဆိုင်တိုက်ခိုက်မှုနှင့် ပတ်သက်၍ လက်နက်ကိုင်အကြမ်းဖက်သမားများက အစ္စလာမ်ဘာသာ၏ အထွတ်အမြတ် ဥပုသ်လပထမဆုံး သောကြာနေ့ကို ယ-ရက်အဖြစ် ရွေးချယ်တိုက်ခိုက်ကာ ဘာသာရေးအသွင်ကို ဆောင်စေခဲ့ပြီး သံတမန်ရပ်ကွက်အတွင်းရှိ နိုင်ငံခြားသားများအကြိုက် စားသောက်ဆိုင်ကို ရွေးချယ်တိုက်ခိုက်ကာ ကမ္ဘာ့နိုင်ငံများ၏ အာရုံစိုက်မှုကိုရယူခဲ့သည်။ တိုက်ခိုက်မှု၏နောက်ကွယ်မှ ကြိုးကိုင်သူမှာ အိုင်အက်စ်အဖွဲ့ဖြစ်မည်လား၊ အိန္ဒိယတိုက်ငယ် အယ်လ်ခိုင်ဒါအဖွဲ့ဖြစ်မည်လား ဆိုသည်ကို မသိရသေးသည့်တိုင် အဆိုပါအဖွဲ့များ မိမိတို့နိုင်ငံအတွင်း တည်ရှိမနေကြောင်း အကြိမ်ကြိမ်ငြင်းဆိုထားခဲ့သည့် ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ပြန်လည်စိစစ်ရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်မူ မိမိတို့နှင့် ဆက်ဆံရေးကောင်းရှိသော အိမ်နီးချင်းနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်အတွက် စာနာထောက်ထားမှုများပြသရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ အတွင်းအပြင်လုံခြုံရေးတို့ ကျိုးပေါက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများကသာမက တိုင်းရင်းသူ တိုင်းရင်းသား၊ နိုင်ငံသူ နိုင်ငံသားအားလုံးက မပြတ်သောသတိဖြင့် စောင့်ကြည့်ကာကွယ်သွားကြရန် လိုအပ်မည်ဖြစ်သည်။ ဒါကာမြို့ သံတမန်ရပ်ကွက် စားသောက်ဆိုင်တိုက်ခိုက်မှုဖြစ်စဉ်တွင် အကြမ်းဖက်သေနတ်သမား ၁၀ ဦးလျော့လျော့ကို ဘင်္ဂလားဒေ့ရှ်စစ်ဘက်၊ ရဲဘက်မှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ယန္တရားများ၊ လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့များ၊ အကြမ်းဖက် တန်ပြန်နှိမ်နင်းရေးရဲတပ်ဖွဲ့များ၊ ဗုံးရှင်းလင်းရေးအဖွဲ့များ၊ လက်ဖြောင့်သေနတ်သမားများ စသည်ဖြင့် ရာနှင့်ချီ၍ ညလုံးပေါက် ဝိုင်းပတ်ဝန်းရံကာ တစ်နာရီကျော်ကျော်ကြာအောင် တိုက်ခိုက်ခဲ့ရာတွင် ထောင်နှင့်ချီ၍ အပြန်အလှန်ပစ်ခတ်မှု၊ ဖောက်ခွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဓားစာခံအချို့နှင့် တပ်ဖွဲ့ဝင်အချို့ အသက်ပေးခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် လုံခြုံရေးကျိုးပေါက်ခဲ့ပါက ရှင်းလင်းရခက်သည့်သာဓကကို တွေ့ရမည်ဖြစ်သည်။

ကောင်းမြတ်သော ပြဟ္မစိုရ်တရားတို့ ထွန်းကားသည့် လူ့အဖွဲ့အစည်းများဖြစ်အောင် တည်ဆောက်ကြခြင်းဖြင့်သာ အကြမ်းဖက်မှု၊ တိုက်ခိုက်သတ်ဖြတ်မှုကင်းသည့် ငြိမ်းချမ်းသောဒေသ၊ ငြိမ်းချမ်းသောနိုင်ငံ၊ ငြိမ်းချမ်းသောကမ္ဘာကို မျက်မှောက်ပြုနိုင်ကြမည်ဖြစ်ပါကြောင်း။ ။




## အမှတ်(၅၄)အစုန် RBE အထူးအမြန်ရထား ကောလင်း - မန္တလေး စတင်ပြေးဆွဲ

**ကောလင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းဘူတာ၌ ကောလင်း- မန္တလေးပြေးဆွဲမည့် အမှတ်(၅၄)အစုန် RBEအထူးအမြန်ရထား ဇူလိုင် ၁ ရက် ည ၉နာရီခွဲက စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရက်၁၀၀စီမံချက်အရ နိုင်ငံတော်အစိုးရမှ ပြည်သူများ ခရီးသွားလာရာတွင် လွယ်ကူလျင်မြန်စေရေး၊ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် ငွေကြေးသက်သာစွာဖြင့် ခရီးသွားလာနိုင်ရေးတို့အတွက် ပြေးဆွဲရခြင်းဖြစ်ကြောင်း တိုင်းမန်နေဂျာ ဦးမင်းမင်းထွေးက ပြောကြားသည်။

နိုင်ငံတော် အစိုးရမှ ယင်းအမြန်ရထားကိုပြေးဆွဲပေးခြင်းဖြင့် ကောလင်း-မန္တလေးကြားရှိ ရထား ရပ်နားသည့် ချပ်သင်း၊ ကျွန်းလှ၊ ကန့်ဘလူ၊ ထန်းတပင်၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ရွာထောင်ဘူတာများမှ လိုက်ပါစီးနင်းကြမည့်ခရီးသွားပြည်သူများအတွက်ပိုမိုလွယ်ကူ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရထားကို ရထားတွဲသုံးဆိုင်းဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

## ခင်နှင်းပညာဒါန ဖောင်ဒေးရှင်းမှဦးဆောင်၍ အခမဲ့တရုတ်စာနှင့် တရုတ်စကားပြောသင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၂**

ခင်နှင်းပညာဒါန ဖောင်ဒေးရှင်းမှုဦးဆောင်ကြီးမှူးဖွင့်လှစ်သည့် တရုတ်စာနှင့်တရုတ်စကား ပြောသင်တန်းဖွင့်ပွဲကိုဇူလိုင် ၂ရက်က မန္တလေးမြို့(၆၂လမ်း×၃၂လမ်း) ရှိ တောင်စလင်းတိုက်သစ် လေးထပ်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာတောင်စလင်းဆရာတော်ကြီး ဦးတိက္ခက သြဝါဒစကားပြောကြားပြီး ခင်နှင်း ပညာဒါနဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်နှင်း-ကျောက်ပန်းတောင်း)က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆရာမ၊ ဖုကျင်းကျောင်းဆရာမ ဒေါ်ဖြူဖြူဝင်းက သင်တန်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ထူးချွန်သူများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်ပေးမည့် အခွင့်အရေးရရှိနိုင်ကြောင်း၊ သင်တန်းကို ပြီးမြောက်အောင် ကြိုးစားတက်ရောက်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခင်နှင်းပညာဒါနဖောင်ဒေးရှင်းသင်တန်းတာဝန်ခံ ဆရာဦးမင်းမင်းဦးက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။ သင်တန်းကာလမှာ တစ်ပတ်လျှင် နှစ် ရက်စနေ၊ တနင်္ဂနွေ၊ နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ သုံးလတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## အင်းတော်မြို့နယ်တွင် ရွှေနောင်မြေ(နောင်ကွတ်)တံတားဖွင့်ပွဲကျင်းပ

**အင်းတော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကုန်းခါးကျေးရွာအုပ်စု နောင်ကွတ်ကျေးရွာတွင် ဇူလိုင် ၁ ရက်က ရွှေနောင်မြေ (နောင်ကွတ်) တံတားဖွင့်ပွဲကို အဆိုပါတံတားမုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ အလျား၂၅၂ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ၃၂ပေ ရှိပြီး တံတားဖြစ်မြောက်ရေးအတွက် ၂၀၁၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တံတားကို ဇန်နဝါရီ ၂၅ ရက်က စတင်ဆောက်လုပ်ခဲ့ရာ နိုင်ငံတော်မှ ပံ့ပိုးငွေ ကျပ် သိန်း ၂၇ သိန်း၊ ဒေသခံများမှ စုပေါင်း ထည့်ဝင်ငွေကျပ်၁၅သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း၊ တံတားဆောက်လုပ်ပြီးစီးခဲ့သဖြင့် ဒေသအတွင်း ဆက်သွယ်သွားလာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**နီတိုး**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၀၇ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၆ |
| တရုတ် | တစ်ယွမ် | ၁၇၇.၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၇၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့တပ်မတော်နှင့်လာအိုပြည်သူ့တပ်မတော်တို့ ချစ်ကြည်ရေးဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစား

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့တပ်မတော်တို့၏ ချစ်ကြည်ရေးဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံများ၌ သီးခြားစီယှဉ်ပြိုင်ကစားကြသည်။

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌ ကျင်းပရာ မြန်မာ့တပ်မတော် ဘော်လီဘောအသင်းက လာအိုပြည်သူ့တပ်မတော် ဘော်လီဘောအသင်းအား ၂၅-၂၇၊ ၂၅-၁၇၊ ၂၅-၉၊ ၂၅-၁၆ မှတ် (၃ ပွဲ ၁ ပွဲ)ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ မြန်မာ-လာအို တပ်မတော်ချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့တပ်မတော် ပိုက်ကျော်ခြင်းအသင်းက လာအိုပြည်သူ့တပ်မတော်ပိုက်ကျော်ခြင်းအသင်းအား ၂၁-၁၈၊ ၂၁-၁၉၊ မှတ်(၂ပွဲပြတ်)ဖြင့် အနိုင်ရရှိခဲ့သည်။





အဆိုပါ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ လာအိုပြည်သူ့တပ်မတော်မှ Col.Bountao Thongmanila နှင့် အရာရှိများ၊ စစ်သံမှူး Col. Daokai LERTLIBANH၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် မိသားစုများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

မြန်မာ့တပ်မတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ တပ်မတော်ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်၍ တပ်မတော်အချင်းချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်စေရေး တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂**

၂၀၁၆ ခုနှစ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍဆွေးနွေးပွဲ (Alternative Education Forum)ကို မင်္ဂလာသီရိဟိုတယ်၌ ဇူလိုင် ၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများနှင့် မြို့ကြီးများနှင့် နယ်စပ်ဒေသများရှိ ရွှေ့ပြောင်းမိသားစုများ၏ကလေးများ ပညာရေးအခြေအနေ၊ မြန်မာနိုင်ငံရှိ ဆောင်ရွက်လျက်ရှိသော အထူးပညာရေးကျောင်းများနှင့် အရေးပေါ် ပညာရေးဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် တစ်သက်တာ ပညာရေးဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထုပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ လျာထားခြင်းတို့ကို ညှိနှိုင်းကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်တက်ရောက်နိုင်ကြောင်းနှင့် မိမိတို့အသင်းအဖွဲ့များ၏ဆောင်ရွက်ချက်များကို ဓာတ်ပုံ၊ ဗီနိုင်းများဖြင့် ပြသလိုပါက ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ထွေး၊ ဖုန်း-၀၆၇-၄၃၀၁၆၂ ထံသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## မန္တလေးခရိုင်တရားရုံး အဆောက်အအုံအသစ် ပန္နက်တင်မင်္ဂလာကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေးခရိုင်တရားရုံး အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် ၃၄ လမ်း နှင့် ၃၅ လမ်းကြား ၆၅ လမ်းရှိ မန္တလေးခရိုင် တရားရုံးမြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင် တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားလွှတ်တော် တရားသူကြီး ဦးကြည်သိန်းနှင့် ဦးသောင်းညွှန့်တို့က သတ်မှတ်နေရာများတွင် နေရာယူပြီး မင်္ဂလာအချိန်တွင် ပန္နက်ရိုက်ပေးကြသည်။

မန္တလေးခရိုင်တရားရုံးအဆောက်အအုံကို ငါးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဈေးရောင်းပွဲတော် နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

(၉၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အရောင်းပြခန်းများဖြင့် နေပြည်တော်ရှိ ရုံးအမှတ်(၁၆)၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖွင့်လှစ်ကြသည်။ **(ယာပုံ)**



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသထွက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်းများ အရောင်းပြခန်းများနှင့် သမဝါယမအသင်းထုတ်ကုန်ပစ္စည်းများ၊ သမဝါယမချေးငွေဖြင့် လည်ပတ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမအချင်းချင်း ချိတ်ဆက်ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။

ပြခန်းများတွင် ကျောက်စိမ်း၊ ပယင်း၊ ရှီးပတီး၊ မြန်မာ့ရိုးရာဆိုင်းဗုံရှည်၊ စပါးခြွေလှေ့စက်၊ ပျားရည်၊ ကော်ဖီ၊ ချောကလက်ထုတ်နိုင်သည့် မက္ကာဒေမီးယားပျိုးပင်နှင့်အသီးများ၊ ဝိုင်မျိုးစုံ၊ လက်မှုအချောထည်များ၊ ယွန်းထည်၊ ကြိမ်ထည်များ၊ ပန်းပုလက်ရာများ၊ သင်ဖြူးဖျာ၊ ပြောင်းစေ့နှင့် ပဲအမျိုးမျိုးအကြော်အလှော်၊ ယိုမျိုးစုံ၊ မုန့်မျိုးစုံ၊ ငါးခြောက်၊ သနပ်ခါး၊ ထန်းလျက်၊ ကန့်ဇော်ဆီ၊ စောင်၊ ဝါးနီးခမောက်၊ စက်မှုသံထည်ပစ္စည်းများ၊ ကျောက်ပြား၊ ကြွေပြား၊ အိမ်ထောင်ပရိဘောဂများ၊ ထန်းသားအချောထည် အိတ်စပို့ကုန်များ၊ ရက်ကန်းချည်ထည်များ၊ ဖန်စီလက်ဝတ်ရတနာများနှင့် စားသောက်ကုန်များ၊ နာဂနှင့်အခြားတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းနှင့် အဝတ်အထည်များ၊ အသေးစားငွေချေးလုပ်ငန်းနှင့် သမဝါယမပညာပေးပြကွက်များကို ပြသထားပြီး လေ့လာဝယ်ယူအားပေးသူများနှင့် စည်ကားလျက်ရှိသည်။

**သန့်ဇင်ဝင်း(သတင်းစဉ်)**

**ဓာတ်ပုံ- ကျော်ရဲဆွေ**

## တွံတေးမြို့နယ်၌ နိုင်ငံသားကတ် ကွင်းဆင်းဆောင်ရွက်

**တွံတေး ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပထမရက် ၁၀၀ စီမံချက်အတွင်း မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများ၌ အသက် (၁၀နှစ်) ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ တွံတေးမြို့နယ် တပ်မတော်အထက်တန်းကျောင်းခွဲရှိ ကျောင်းသား ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျန်ရှိသော ကျောင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဥပဒေ)**

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဈေးရောင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် သဇင် ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်က ယနေ့နံနက် ၇ နာရီမှစတင်ကာ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဈေးရောင်းပွဲတော်၌ လူသုံးကုန်ပစ္စည်းများ ရောင်းချပေးလျက်ရှိပြီး ကျပ်သုံးသောင်းဖိုး ဝယ်ယူသူတိုင်းအား ဗလာမပါကံစမ်းမဲနှိုက်ခွင့်ပြုသဖြင့် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ယူရိုငွေ ၃၈၅ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲရောင်းချ

**နေပြည်တော် ဇူလိုင် ၂**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့(ယနေ့)အထိ ယူရိုငွေ ၃၈၅ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို ဆက်လက်ရောင်းချရာ ယူရိုငွေ ၅၈ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၆၈၀ ကို ရောင်းချပေးခဲ့သည်။

ပြပွဲဒသမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဇာနည်ဗိမာန်ဗိုလ်ချုပ်ဂူနေရာ Back Drop ကို အခြားအာဇာနည်ပုဂ္ဂိုလ်များထက် အနည်းငယ်မြှင့်မည်

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန် ဗိုလ်ချုပ်ဂူနေရာ Back Drop ကို ယခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ မတိုင်မီ ပြုပြင်မွမ်းမံမှုများပြုလုပ်ရာတွင် အခြားအာဇာနည်ပုဂ္ဂိုလ်များထက် အနည်းငယ်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ(အဆောက်အအုံ)ဌာနမှ ဌာနခွဲမှူး ဦးစောနိုင်က ပြောသည်။

"အာဇာနည်ဗိမာန်မှာရှိတဲ့ ဗိုလ်ချုပ်ဂူနေရာက Back Drop က အခြားပုဂ္ဂိုလ်တွေထက် အနည်းငယ်နိမ့်နေတယ်။ အရင်ကလုပ်ခဲ့တာက အနိမ့်အမြင့်ပုံစံဆိုတော့ ဗိုလ်ချုပ်ဂူနေရာ Back Drop က နိမ့်နေတာပါ။ ဒီနှစ်ပြုပြင်မွမ်းမံတဲ့အခါမှာ အဲဒီနေရာကို အနည်းငယ်မြှင့်သွားဖို့ရှိတယ်။ အများကြီးလည်း မြှင့်မှာတော့မဟုတ်ဘူး။ နှစ်လက်မ၊ သုံးလက်မလောက်ပဲ မြှင့်သွားမှာပါ။ ပြီးတော့ မူရင်းဒီဇိုင်းကြယ်နေရာကိုလည်း ပြင်ဆင်သွားဖို့ရှိပါတယ်။ အဲဒါကတော့ ကြယ်ကြွေသွားတဲ့ အဓိပ္ပာယ်မျိုးဖြစ်အောင် ယခင်ကြယ်နေရာက အပေါက်ဖြစ်သွားပြီး မြင်သာတဲ့ မြက်ခင်းဘေးတစ်နေရာရာမှာ ကြွေလွင့်သွားတဲ့ ဒီဇိုင်းပုံစံမျိုး ပြုပြင်မွမ်းမံသွားမှာပါ"ဟု ဦးစောနိုင်က ပြောသည်။

နိုင်ငံအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သော နိုင်ငံ့လွတ်လပ်ရေး အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ အာဇာနည်ဗိမာန်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ(အဆောက်အအုံ)ဌာနက ဇွန် ၁ ရက်က စတင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။ အာဇာနည်ဗိမာန်ကို ပြုပြင်မွမ်းမံရာတွင် ဗိုလ်ချုပ် Back Drop ပုံသဏ္ဌာန်၊ ကြယ်ပုံသဏ္ဌာန်တို့ကို ပြုပြင်သွားမည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစေရေး ရှုမျှော်ခင်းပုံသဏ္ဌာန်များကိုလည်း ပြုလုပ်သွားမည်ဖြစ်ကာ အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ဗိမာန်သွားရာ ဝင်/ထွက်လမ်းတစ်လျှောက်တွင် လူငယ်များသိသင့် သိထိုက်သည့် ဗိုလ်ချုပ်အဆိုအမိန့်များ၊ ကိုယ်ရေးအကျဉ်းနှင့် ဂရပ်ဖစ်ဒီဇိုင်းများကို ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။



အာဇာနည်ဗိမာန်ကို ပြုပြင်မွမ်းမံနေစဉ် ဓာတ်ပုံ- မင်းထက်

"အာဇာနည်ဗိမာန်ကို နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ကျွန်တော်သွားဖြစ်ပါတယ်။ မိုးဘယ်လောက်ရွာရွာ သွားခဲ့တယ်။ နှစ်တိုင်းလိုလိုလည်း မိုးရွာခဲ့တယ်။ အဲဒီအာဇာနည်နေ့ဟာ တစ်နိုင်ငံလုံးရဲ့ မမေ့နိုင်တဲ့ နေ့ တစ်နေ့၊ အထူးသဖြင့် တစ်နိုင်ငံလုံး၊ လူမျိုးတစ်ခုလုံးရဲ့ ကြေကွဲရဆုံးနေ့ပါ။ အဲဒီဝမ်းနည်းစရာကောင်းတဲ့ အထိမ်းအမှတ်လိုနေ့မျိုးကို ကျွန်တော်တို့ လူကြီးတွေသာမကဘဲ အခုနောင်မျိုးဆက်သစ်လူငယ်တွေလည်း သိနေသင့်၊ အမှတ်ရနေသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ အစောတုန်းကပြောသလို တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ မမေ့သင့် မမေ့အပ်တဲ့၊ အမြဲသတိရ၊ သတိပြုနေရမယ့်နေ့ ဖြစ်လို့ပါပဲ။ အခုလို အစိုးရသစ်လက်ထက်မှာ အာဇာနည်ဗိမာန်ကြီးကို ပြုပြင်မွမ်းမံလိုက်ပြီဆိုတော့ ဒီနှစ်အာဇာနည်နေ့မှာလည်း ကျွန်တော်သွားဖြစ်အောင်သွားပြီး ဂါရဝပြုဦးမှာပါ"ဟု ဗဟန်းမြို့နယ် ဗိုလ်ချို ရပ်ကွက်မှ ဦးမြင့်သောင်းက အာဇာနည်နေ့နှင့်ပတ်သက်၍ ရင်ဖွင့်ခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အာဇာနည်ဗိမာန်ကြီးကို လုပ်သားအင်အား ၅၀ ခန့် ဖြင့် ပြုပြင်မွမ်းမံလျက်ရှိရာ မြန်မာပြည်သူပြည်သားအားလုံးမျက်ရည်သွန်၍ ဘဝင်ညှိုးခဲ့ရသော ၁၉ ဇူလိုင်မရောက်မီ အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

* *ရှေ့ဖုံးမှ*

**မေး။ ။ ဆရာခင်ဗျာ- ဒီရုပ်တုကို ထုလုပ်ဖြစ်တဲ့ အကြောင်းလေး ဦးစွာ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ လုပ်ဖြစ်ခဲ့တဲ့အကြောင်းကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနကနေ ကျွန်တော့်ကို ဗိုလ်ချုပ်အောင်ဆန်းနေအိမ်မှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ပက်လက်ကုလားထိုင်မှာ စာဖတ်နေတဲ့ပုံ ရုပ်တုပေးထားချင်တယ်။ ထားချင်တယ်ဆိုတာကလည်း နှစ် ၁၀၀ ပြည့်တုန်းက ယဉ်ကျေးမှုဝန်ကြီးဌာနကပါပဲ၊ နတ်မောက်မြို့မှာ ဗိုလ်ချုပ်စာဖတ်နေတဲ့ပုံထားဖို့ ကျွန်တော့်ကိုအပ်ခဲ့ပါတယ်။ ဒီမှာလည်းထားချင်တယ်ဆိုတော့ သူတို့ အပ်နှံလာတဲ့အပေါ်မှာ မူတည်ပြီး ထုလုပ်ဖြစ်ခဲ့တာပါ။

**မေး။ ။ ဒီဗိုလ်ချုပ်စာဖတ်နေတဲ့ ဆီလီကွန်ရုပ်တုကို ဘယ်အချိန်ကစပြီး ထုလုပ်ဖြစ်ခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ ။ ထုလုပ်ချိန်ကတော့ တစ်လပါပဲ။ အပ်နှံတာကတော့ အဲဒီမတိုင်မီကပါ။ ဒီအတွက် လိုအပ်တဲ့အချက်အလက်တွေ ဆွေးနွေးတယ်။ ပြီးတော့ ဇွန်လ တစ်လလုံး ဒီအရုပ်ကို ထုလုပ်ခဲ့တာပါ။

**မေး။ ။ ထုလုပ်တဲ့ကုန်ကျစရိတ်က ဘယ်လောက်များရှိခဲ့ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ထုလုပ်တဲ့ကုန်ကျစရိတ်က Life Size ဆီလီကွန်ရုပ်တုတစ်ရုပ်ကို အပြင် Public မှာ ငွေကျပ်သိန်း ၃၀ ယူပါတယ်။ ဒီမှာက ဝန်ကြီးဌာနဘတ်ဂျက်အရ ဈေးနှုန်းနဲ့တော့ မကိုက်ပါဘူး။ ဒါပေမယ့်လည်း ဘာပဲဖြစ်ဖြစ် ဒီလိုလုပ်ခွင့်ရတာကိုက ကျွန်တော့်အတွက်တော့ သမိုင်းပါပဲ။ ကိုယ့်သမိုင်း ကိုယ့်လက်ရာကို ဗိုလ်ချုပ် တကယ်နေခဲ့တဲ့ အိမ်မှာ ထားခွင့်ရတယ်ဆိုတာ လုပ်သင့်တဲ့အရာဖြစ်ပါတယ်။ ဒီအတွက် လက်ခကို အခမဲ့လုပ်ပေးပြီး ပစ္စည်းခကိုပဲ ဝန်ကြီးဌာနက လက်ခံခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ဒီဆီလီကွန်ရုပ်တုက ဘယ်လောက်တာရှည်ခံနိုင်တယ်လို့ ပြောနိုင်ပါသလဲ။**

ဖြေ။ ။ ဆီလီကွန်ရုပ်တုဆိုတာက ဖယောင်းရုပ်တုလို မဟုတ်ဘူး။ ဖယောင်းရုပ်တုဆိုတာက အဲကွန်းခန်းထဲမှာ ထားရတာပါ။ ဒီဆီလီကွန်ရုပ်တုဆိုတာက ရာသီဥတုဒဏ်ကိုလည်း ခံနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် Indoor Type ပါ။ Indoor Type ဆိုတာက မိုးထဲလေထဲမှာတော့ ထားလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆံပင်တွေ စိုက်ထားရတယ်။ အင်္ကျီအသစ်တွေ၊ ပုဆိုးတွေဝတ်ထားရတယ်။ Indoor Type ဆိုရင်တော့ နှစ်ရာနဲ့ချီပြီး ခံနိုင်ပါတယ်။ သူဘာကြောက်လဲဆိုတော့ မီးကိုတော့ ကြောက်ပါတယ်။ ပလာစတာရုပ်တုလို၊ အင်္ဂတေရုပ်လို လက်တွေကျိုးပဲ့သွားတာ မဖြစ်နိုင်ပါဘူး။ ဆီလီကွန်က ကော်ပတ်နဲ့တောင်စားလို့ မပျက်စီးနိုင်ပါဘူး။

**မေး။ ။ ဆရာ့အနေနဲ့ ဒီဆီလီကွန်အတွက် ပညာသင်ယူဖြစ်ခဲ့တာလေးနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က မြန်မာပြည်မှာ ဆီလီကွန်ပညာမရှိသေးပါဘူး။ ကုံလုံဆရာတော်ကြီး ရုပ်တုရောက်လာပြီးတဲ့နောက် ရောက်ရှိလာတာပါ။ အဲဒါနဲ့ ဒီပညာဟာ ကျွန်တော်တို့နိုင်ငံမှာလည်း ရှိသင့်တယ်လို့ ယူဆခဲ့တဲ့အတွက် မိတ်ဆွေတွေကို ဒီပညာသင်ယူဖို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မလုပ်နိုင်ခဲ့ပါဘူး။ သူတို့မလုပ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်ဒီပညာရပ်ကို လေ့လာခဲ့ပါတယ်။ ကျွန်တော်က အစက ပန်းပုဆရာမဟုတ်ပါဘူး။ ပန်းချီဆရာပါ၊ နိုင်ငံခြားမှာ ပန်းချီပြပွဲတွေလုပ်ရင်း ဒီပညာကို လေ့လာခဲ့တာပါ။ ကျွန်တော့်ရဲ့ဆရာကတော့ အင်္ဂလန်က ရောဘတ်ဖြစ်ပါတယ်။ သူ့ဆီကနေ ဒီဆီလီကွန်ရုပ်တု အတတ်ပညာကို အပေးအယူပုံစံမျိုးနဲ့ သင်ယူတာဖြစ်ပါတယ်။

**မေး။ ။ လတ်တလော အခုလုပ်ဖြစ်တဲ့ ဆီလီကွန်အရုပ်တွေနဲ့ ပတ်သက်ပြီးပြောပြပေးပါဦး။**

ဖြေ။ ။ အများဆုံးရုပ်တုတွေကတော့ ဘုန်းကြီးရုပ်တုတွေပါ။ မြန်မာနိုင်ငံတစ်နံတစ်လျားက ဆရာတော်ကြီးတွေရဲ့ပုံတွေပါ။ လူပုဂ္ဂိုလ်ရုပ်တုတွေလည်း အများကြီးပါပဲ။

**မေး။ ။ ဆရာ့အနေနဲ့ တခြားဘာတွေများပြောချင်ပါသလဲ။**

ဖြေ။ ။ ဗိုလ်ချုပ်တကယ်နေထိုင်ခဲ့တဲ့ အိမ်မှာ၊ ဗိုလ်ချုပ်စာဖတ်ခဲ့တဲ့နေရာလေးမှာ ဗိုလ်ချုပ်ဝိညာဉ်လေးကို ပြန်လည်အသက်သွင်းခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်။ အနုပညာရှင်တစ်ယောက်အနေနဲ့ ကိုယ်ကျွမ်းကျင်တဲ့ပညာနဲ့ ကျေးဇူးဆပ်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။



မကြာမီ အာဇာနည်နေ့ရောက်တော့မည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်ပြီး သမိုင်းတွင် အမှတ်ရစရာများစွာရှိနေမည်။ ထိုအထဲမှ ဗိုလ်ချုပ်အောင်ဆန်း တကယ့်လူသားအသွင် စာဖတ်နေသည့် ဆီလီကွန်ရုပ်တုကို ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်သူတိုင်း အံ့သြဘနန်းတွေ့မြင်ရမည်ဖြစ်သည်။

**အမေး-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့်(၆၉)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကြီး၌ အများပြည်သူများ အဆင်ပြေချောမွေ့စွာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုသွားသည့် မော်တော်ကားထားရန် အဆောက်အအုံသစ် ဆောက်လုပ်နေစဉ်**

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)



# ပင်လုံမြို့ရှိ အောင်မင်္ဂလာဝမ့်အဲန်ကျောင်း၌ ဓမ္မစကူးလ် သင်တန်းဖွင့်

**ပင်လုံ ဇူလိုင် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ အောင်မင်္ဂလာဝမ့်အဲန်ကျောင်း၌ ပထမအကြိမ် ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပင်လုံမြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားကြပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ဆရာတော်က ဓမ္မစကူးလ်ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို မိန့်ကြားတော်မူသည်။ အဆိုပါဓမ္မစကူးလ်သင်တန်းသို့ ပင်လုံမြို့ပေါ်ရှိ ကလေးငယ် ၄၀၀ တက်ရောက်ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း တစ်နှစ်ပတ်လုံး သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

ကမ္ဘာ့အမျိုးသမီးများနေ့ဂုဏ်ပြု

# နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

"မ"နှင့် "ကျား"ကို တူညီသော အခွင့်အရေးရစေရန်နှင့် "မ"တို့ကို ဖိနှိပ်ချုပ်ချယ်သော ထုံးစံ၊ ဥပဒေများကို ဖယ်ရှားပေးနိုင်ရန် ဦးတည်ကာ ကုလသမဂ္ဂက ၁၉၇၅ ခုနှစ်ကို ကမ္ဘာ့အမျိုးသမီးများနှစ်အဖြစ် လည်းကောင်း၊ မတ်လ ၈ ရက်နေ့ကို ကမ္ဘာ့အမျိုးသမီးများနေ့အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ထိုနေ့ကိုပင် မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ကာ အထိမ်းအမှတ်ပွဲများ၊ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သလို အမျိုးသမီးများလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်မှုများမှ ကာကွယ်တားဆီးရေး၊ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် ၅၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကို ချန်လှပ်ထား၍ ရမည်မဟုတ်ပေ။ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံတော်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးများ၏ တန်ဖိုးနှင့် စွမ်းဆောင်ရည်များတိုးတက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ကျန်းမာရေး စသဖြင့် ကဏ္ဍများစွာတွင် ပိုမိုပါဝင်လာနိုင်စေရန် နယ်ပယ်အသီးသီးမှ အမျိုးသမီးများ၏ သဘောထားအမြင်များကို ယခုကဲ့သို့ စုစည်းဖော်ပြလိုက်ရသည်။



နော်ပန်းသဉ္ဇာမျိုး
ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး



စာရေးဆရာမ မသီတာ
(စမ်းချောင်း)

**နော်ပန်းသဉ္ဇာမျိုး (ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက အင်မတန်အရေးပါပါတယ်။ ကျွန်မတို့နိုင်ငံမှာ စီမံခန့်ခွဲမှုက အရေးကြီးပါတယ်။ အမျိုးသမီးတွေ စီမံခန့်ခွဲတဲ့နေရာတွေမှာ ပါဝင်လာမယ်ဆိုရင် အများကြီးပြောင်းလဲလာဖို့ရှိပါတယ်။ အခုဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ကဏ္ဍစုံတွေမှာ အမျိုးသမီးတွေ အရင်ကထက်ပိုပြီး ပူးပေါင်းပါဝင်လာကြပါပြီ၊ ဒီထက်ပိုပြီး ပါဝင်ဖို့လည်း လိုအပ်ပါတယ်။အဲဒီလိုဖြစ်ဖို့ဆိုရင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ အခွင့်အရေးတွေပေးရပါမယ်။ များသောအားဖြင့် ရိုးရာယဉ်ကျေးမှုတွေအရ အမျိုးသမီးတွေဟာ ထက်မြက်ပေမယ့် ရှေ့ထွက်ဖို့ကြောက်ရွံ့နေကြ၊ ဝန်လေးနေကြတယ်။ ရှေ့ထွက်ရဲလာအောင်၊ သတ္တိတွေရှိလာအောင် အသိပညာပေးမှုတွေကို ကျေးလက်တွေအထိ သွားပြီးလုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ခေါင်းဆောင်တွေ၊ လုပ်ရည် ကိုင်ရည်ရှိတဲ့အမျိုးသမီးတွေ အများကြီး ထွက်လာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ပုခက်လွှဲတဲ့ လက်တွေက ကမ္ဘာကို တုန်လှုပ်နိုင်တယ်ဆိုတာ ရာဇဝင်တွေ၊ သမိုင်းတွေမှာလည်း ရှိခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဂျာမနီ ဝန်ကြီးချုပ်တို့ဟာ တစ်ကမ္ဘာလုံးကလေးစားရတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသမီးတွေလည်း သူတို့ရဲ့နေထိုင်မှုအကျင့်စရိုက်တွေ၊ တွေးခေါ်မှုပုံစံတွေကို စံနမူနာထား အားကျဂုဏ်ယူပြီး ကိုယ့်ကိုကိုယ် မြှင့်တင်ဖို့၊ ကြိုးစားဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီး၊ အမျိုးသားခွဲခြားမှုတွေကို တတ်နိုင်သမျှ လျှော့ကျ သွားစေချင်တယ်။ ကျွန်မတို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲရမယ့် ကဏ္ဍတွေ အများကြီးရှိနေပါသေးတယ်။ ရိုးရာယဉ်ကျေးမှုအရလည်း အမြင်တွေကို ပြောင်းလဲဖို့လိုပါတယ်။ မီဒီယာတွေ၊ ရုပ်ရှင်အနုပညာတွေကတစ်ဆင့် အမျိုးသမီးတွေ ရှေ့ထွက်လာဖို့ အသိပညာပေးရပါမယ်။ အဲဒီလို ရှေ့ထွက်လာဖို့နေရာလည်း ပေးရပါမယ်။ ကဏ္ဍပေါင်းစုံကနေကြိုးစားပြီး ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။

**စာရေးဆရာမ မသီတာ (စမ်းချောင်း)**

အစဉ်အလာအရ အမြဲတမ်းတွေးနေတဲ့ နားလည်မှုအလွဲတွေက အမျိုးသမီးတွေဆိုတာ အိမ်ထဲမှာနေရတယ်။ နိုင်ငံရေးသည် အမျိုးသမီးတွေနဲ့ မသက်ဆိုင်ဘူးစတဲ့ ဘယ်ကိစ္စမျိုးမှာမဆို လူ့အဖွဲ့အစည်းထဲမှာ အခြေခိုင်နေတဲ့ သမားရိုးကျအမြင်တွေက အမျိုးသမီးတွေ ရှေ့ထွက်လာဖို့ အတားအဆီးတွေ ဖြစ်နေတတ်ပါတယ်။ နောက်အတားအဆီးတစ်ခုက အမျိုးသမီးတွေက လူဦးရေအရ လူနည်းစုမဟုတ်ပေမယ့် သူတို့ရဲ့ပါဝင်မှုကို ခွဲတမ်းစနစ်အရ ပါကိုပါရမယ်ဆိုပြီး အာမခံထားခြင်း မရှိပါဘူး။ မပါလည်းရတယ်၊ ပါလည်းရတယ်။ အုပ်ချုပ်ရေးမှာဆိုရင် ဘယ်လောက်ပါဝင်ရမယ်။ ဥပဒေပြုရေးမှာဆိုရင် ဘယ်လောက်ပါဝင်ရမယ်ဆိုတဲ့ ပုံစံမျိုးဖြစ်တဲ့အတွက် ရှေ့ထွက်ဖို့ခက်တယ်။ မပါမနေရ ခွဲတမ်းစနစ်လည်း ဥပဒေကြောင်းအရ အာမခံချက်မရှိဘူး။ နောက်တစ်ခုက အမျိုးသမီးတွေရဲ့ပညာရေးကိုအခြေခံတဲ့ သိမှု၊ ဗဟုသုတ၊ တွေးနိုင်စွမ်းအားတွေ ဖြည့်ဆည်းမှုမရှိဘူး၊ မမြင့်မားဘူးဆိုရင်လည်း အမျိုးသမီးတွေဟာ ရှေ့တန်းကို ရောက်မှာမဟုတ်ပါဘူး။ ဒီသုံးခုက အဓိကကျပါတယ်။ ဒါတွေကို ကျော်လွှားပြီး အမျိုးသမီးတွေ ရှေ့ထွက်လာနိုင်ဖို့ဆိုရင် သမားရိုးကျ အမြင်တွေကတော့ ကျော်လွှားဖို့ခက်ခဲမယ်။ ခွဲတမ်းစနစ်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာဖြစ်စေ၊ တည်ဆဲဥပဒေမှာဖြစ်စေ ပြင်ဆင်ဖြည့်စွက်မယ်၊ လွှတ်တော်တို့အစိုးရအဖွဲ့တို့က အားထုတ်မယ်ဆိုရင် ပေါ်ပေါက်လာနိုင်သေးတယ်။ ဒါကတော့ လွယ်လွယ်ကူကူလုပ်လို့ရတဲ့အရာ ဖြစ်ပါတယ်။ သမားရိုးကျအမြင်ဆိုတာကိုလုပ်ဖို့ဆိုရင် သိမှုပညာအခြေခံနဲ့လည်း ဆိုင်တဲ့အတွက် ပညာအခြေခံတွေ မြင့်တက်လာရင် သမားရိုးကျအမြင်တွေသည် မှေးမှိန်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ခုက ပိုပြီးဆက်စပ်တယ်။ ခွဲတမ်းစနစ်လောက် လုပ်ရတာမလွယ်ဘူး။ အမျိုးသမီးရော၊ အမျိုးသားမှာပါရှိနေတဲ့ ပညာရည်မြင့်သွားအောင်၊ သမားရိုးကျအမြင်တွေ၊ ခံယူချက်တွေပြောင်းသွားအောင် လုပ်ဖို့ဆိုတာ ပိုပြီးခက်ခဲပါ တယ်။ အချိန်ယူရမယ်၊ ပိုပြီးတော့လည်း လက်ဝင်ပါတယ်။ နည်းပေါင်းစုံနဲ့ လုပ်ရမယ့်အနေအထားရှိပါတယ်။ အခြေခံပညာရေးတွေ ဖြည့်ဆည်းပေးရမယ်။ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေကို နှိုးဆွပေးနိုင်မယ့် မီဒီယာလွတ်လပ်ခွင့်နဲ့ အနုပညာအားကောင်းအောင် ဖန်တီးခွင့်၊ လွတ်လပ်ခွင့်တွေ အများကြီးပေးရမယ်။ ဒါတွေပေးနိုင်တော့မှ အဆင်ပြေမှာ ဖြစ်ပါတယ်။ ဒီသုံးခုလုံးကိုတော့ လုပ်သင့်ပါတယ်။ တကယ်တမ်းကတော့ အမျိုးသမီးတွေသည် နောက်မှာပဲရှိနေတယ်လို့ မယူဆပါဘူး။ ရှေ့မှာလည်း ရှိပါတယ်။ ဥပမာ- အိမ်တစ်အိမ်၊ အိမ်ထောင်စုတစ်ခုမှာ ကြည့်မယ်ဆိုရင် အမျိုးသမီးတွေက နိုင်နိုင်နင်းနင်းနဲ့ စီမံခန့်ခွဲ၊ ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာလည်း သိပါတယ်။ ဒါကြောင့် အိမ်ထဲမှာပဲမနေကြဘဲ ကိုယ့်လူမှုအဖွဲ့အစည်း၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်ရဲ့အရေးကိစ္စ အထူးသဖြင့် နိုင်ငံရေးကိစ္စတွေမှာလည်း အမျိုးသမီးတွေသည် ရှေ့ထွက်ဖို့လိုပါတယ်။ အမျိုးသမီးအချင်းချင်းပေါ်မှာလည်း ပိုပြီးအခွင့်အရေးတွေပေးနိုင်အောင် ကိုယ်တိုင်လည်း ပေးဖို့လိုသလို တောင်းဆိုဖို့ အမြင်တွေပြောင်းဖို့လည်း လိုပါတယ်။ ဒီလိုနည်းနဲ့ အားလုံး သာတူညီမျှလူသားဝါဒကို ထူထောင်ရမှာ ဖြစ်ပါတယ်။

**ဒေါက်တာသက်သက်ခိုင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်- ဒဂုံမဲဆန္ဒနယ်)**

တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အမျိုးသမီးတွေတိုးတက်ဖို့ကို ထည့်မစဉ်းစားဘဲနဲ့ မဖြစ်နိုင်ပါဘူး။ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာအရဆိုရင်လည်း တချို့တိုင်းပြည်တွေမှာလို အမျိုးသမီးတွေကို ခွဲခြားဆက်ဆံမှုတွေ ဥပဒေအရမရှိဘူး။ အမျိုးသမီးတွေနဲ့ အမျိုးသားတွေသည် သဘာဝချင်းမတူပါဘူး။ အမျိုးသမီးတွေအတွက် သီးသန့်လိုအပ်နေတဲ့ ဖြည့်ဆည်းမှုတွေ ဥပဒေကပေးနိုင်ဖို့ လိုပါတယ်။ အဲဒါတွေကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ အဲဒီလိုလုပ်နိုင်ဖို့ အမျိုးသမီးထုရဲ့အသံသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွေမှာ ပါဝင်ဖို့လိုအပ်ပါတယ်။ တိုင်းပြည်အဆင့်မှာဆိုရင် အမျိုးသမီးတွေသည် နိုင်ငံရေးမှာပါဖို့ အရေးကြီးသလို တိုင်းပြည်ဖွံ့ဖြိုးရေးမှာပါဖို့ အရေးကြီးပါတယ်။ အဲဒီလိုပဲ အိမ်ထောင်စုတစ်ခုမှာဆိုရင်လည်း စီးပွားရေးဖွံ့ဖြိုးဖို့ အမျိုးသမီးတွေရဲ့ စီးပွားရှာမှုကဏ္ဍကို ချန်လှပ်ထားလို့ မရပါဘူး။ အမျိုးသမီးတွေရဲ့ သီးသန့်လိုအပ်ချက်ကို အမျိုးသမီးတွေသာလျှင် ပိုသိနိုင်မှာဖြစ်တဲ့အတွက် ကဏ္ဍအသီးသီးမှာ အမျိုးသမီးတွေရဲ့အသံက လိုအပ်ပါတယ်။ အိမ်ထောင်တစ်ခုမှာ အမျိုးသမီးနဲ့ အမျိုးသား ပညာတတ်တာချင်း တူတယ်။ အမျိုးသမီးတွေသည် မိခင်ဘဝ၊ မိသားစုရဲ့လိုအပ်ချက်အရ များသောအားဖြင့် အလုပ်က ရပ်နားသွားကြတာတွေ ရှိတယ်။ ဒါတွေဟာ တိုင်းပြည်အတွက် ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ အမျိုးသမီးတွေ ဖြောင့်ဖြောင့်တန်းတန်း အလုပ်လုပ်နိုင်အောင် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးဖို့လိုသလို ဥပဒေအရ ပြဋ္ဌာန်းပေးနိုင်ဖို့ လိုပါတယ်။ အမျိုးသားတွေနဲ့ တန်းတူထားတဲ့ ဥပဒေဘောင်ကို အမျိုးသမီးတွေအတွက် သီးသန့်လိုအပ်တာကို တိုးချဲ့ပေးသင့်ပါတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့လိုသလို နည်းဥပဒေတွေထဲမှာ အသေးစိတ်ထည့်ပေး နိုင်ရင် အမျိုးသမီးထုတစ်ရပ်လုံးကို မြေတောင်မြှောက်ရာရောက်ပါတယ်။ တစ်မျိုးသားလုံး ကြီးပွားတိုးတက်ဖို့ကိုလည်း တာဝန်တစ်ခုခွဲဝေပြီး တက်ညီလက်ညီ အမျိုးသားရော၊ အမျိုးသမီးတွေပါ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်ကိုသွားဖို့ လိုအပ်ပါတယ်။

အမျိုးသမီးတွေသည် လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေမှာ တစ်တပ်တစ်အား ပါဝင်လာနိုင်ဖို့ ဥပဒေတွေရှိရမယ်။ မူဝါဒချမှတ်သူတွေ (နိုင်ငံ့ခေါင်းဆောင်တွေ)သည် အမျိုးသားတွေများတဲ့အတွက် အမျိုးသားတွေကလည်း အမျိုးသမီးတွေရော၊ လူငယ်တွေပါ အရည်အချင်းရှိသလောက် အလုပ်လုပ်ခွင့်ရအောင် ပူးပေါင်းပါဝင်ကြပါလို့ ပြောချင်ပါတယ်။

# မြန်မာရွှေ့ပြောင်းလုပ်သားများ၏သားသမီးများ ပညာတတ်မြောက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂**

ထိုင်းနိုင်ငံ မဲဆောက်ဒေသနှင့် ရနောင်းဒေသတို့တွင် ရောက်ရှိနေကြသော မြန်မာရွှေ့ပြောင်းလုပ်သား သားသမီးများ မူလတန်းပညာ ပြီးမြောက်ရေးနှင့် အလယ်တန်းပညာ သင်ယူခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနက ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်ပြီး မဲဆောက်ဒေသ စခန်းငါးခုရှိ ကျောင်းသား ကျောင်းသူ ၁၆၀ တို့အား မူလတန်းပညာပြီးမြောက်အောင် သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဲဆောက်ဒေသ စခန်း ၁၇ ခုထိ တိုးတက်ကာ ကျောင်းသား ကျောင်းသူပေါင်း ၉၀၀ ကျော်ထိ တက်ရောက်သင်ကြားရန် အခြေအနေရှိကြောင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညို၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်အရ မဲဆောက်ဒေသရှိ ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်း ၁၇ ခုနှင့် ရနောင်းဒေသရှိ ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်း နှစ်ခုရှိ ရွှေ့ပြောင်းလုပ်သား သားသမီးများအား သင်ကြားပေးမည့် ဆရာ၊ ဆရာမ ၄၃ ဦးကို ဇွန် ၁၇ ရက်မှ ၂၅ ရက်အထိ ဇုန်အဆင့်နည်းပြသင်တန်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပေးခဲ့သည်။

ထိုင်းနိုင်ငံ မဲဆောက်ဒေသနှင့် ရနောင်းဒေသတို့မှ ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းစဉ်ကို တာဝန်ယူကြမည့် သင်တန်းတက်ရောက်ခဲ့ကြသည့် ဆရာ၊ ဆရာမ ၄၃ ဦးအား မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဒုတိယဥက္ကဋ္ဌက ဇွန် ၂၅ ရက်က သင်တန်းဆင်းပွဲတွင် တွေ့ဆုံ၍ နယ်မြေတစ်ခုချင်းအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များ၊ လက်ရှိအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆွေးနွေးခဲ့ကြသည်။

မြန်မာရွှေ့ပြောင်းလုပ်သား မိသားစုများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်သည့်အခါ ကျောင်းပြင်ပမူလတန်းပညာရေးစနစ်တို့ဖြင့် မူလတန်းပညာပြီးမြောက်ခဲ့သော ၎င်းတို့၏ သားသမီးများကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများသို့ ဆက်လက်အပ်နှံကာ ပညာရေးတန်းညှိ အစီအစဉ်အရ အလယ်တန်းပညာကို ဆက်လက်သင်ယူလျက်ရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်နှင့် အလှူရှင်နိုင်ငံများက ပူးပေါင်းကာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ငါးမြို့နယ်ဖြင့်စတင်ခဲ့ရာ ၂၀၁၆-၂၀၁၇ ယခု ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၁၀၅ မြို့နယ်တွင် မူလတန်းအဆင့်ကိုလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို အစပျိုး မြို့နယ်အဖြစ် လေးမြို့နယ်တွင်လည်းကောင်း စတင်စမ်းသပ် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။



မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညို ရှင်းလင်းပြောကြားစဉ်

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းဖွင့်ပွဲများကို ဇူလိုင် ၁ ရက်မှစတင်ကာ ပညာသင်ကြားမှုများ ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူ ကျောင်းထွက်သွားသူ ကလေးပေါင်း တစ်သောင်းခန့် ပြန်လည်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုလတ် (သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

**ခင်ဆွေမြင့် (မြန်မာစာ)**

**ဇူလိုင်လ ၃ ရက် - မြန်မာအမျိုးသမီးများနေ့ တစ်နှစ်တစ်ကြိမ်ရောက်ရှိလာသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာအမျိုးသမီးများ၏လှုပ်ရှားမှုများကို တွေ့မြင်နေရပေပြီ။ "မြန်မာအမျိုးသမီးများနေ့" ဆိုင်းဘုတ်များစိုက်ထူပြီး အမျိုးသမီးများအား မိမိတို့၏ရပ်တည်မှုဘဝကို တန်ဖိုးထားသောစိတ်ဓာတ်များ နိုးကြားလာအောင် နှိုးဆော်ခဲ့ကြသည်။**

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်၊ အိုဇုန်းလွှာ၊ သစ်တောပြုန်းတီးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ရေမြေသဘာဝပြုန်းတီးပျက်စီးမှုစသော ကမ္ဘာကြီးအား ခြိမ်းခြောက်နေသည့် အန္တရာယ်များကို ဝိုင်းဝန်းကာကွယ်တားဆီးနိုင်ရေးအတွက် အမျိုးသမီးများသည် မြို့အနှံ့၊ နယ်အနှံ့ သစ်ပင်စိုက်ပျိုးနေကြသည်။

"မြန်မာအမျိုးသမီးများနေ့"ကို အကြောင်းပြုပြီး အမျိုးသမီးများ၏ အသိအလိမ္မာ ဗဟုသုတတိုးပွားရေးများအတွက် စာတမ်းဖတ်ပွဲများ၊ ဟောပြောဆွေးနွေးပွဲများ ပြုလုပ်နေကြသည်။

လူတစ်ဦးနှင့်တစ်ဦးတွေ့ဆုံရာတွင် ထင်လင်းမြင်သာဆုံးဖြစ်သည်သာမက လူတစ်ယောက်၏ပုံရိပ်အနေအထားကို အဆုံးအဖြတ်ပေးသော ရိုးရာယဉ်ကျေးမှုမပျက် ဝတ်စားဆင်ယင်မှုဆိုင်ရာ ပြပွဲများ၊ စင်တင်အနုပညာပဒေသာကပွဲများကိုလည်း ကျင်းပခဲ့ကြသည်။

"မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းထုတ်ဝေသည်။ လက်ကမ်းစာစောင်များဖြန့်ဝေသည်။ သတင်းစာများ၊ ဂျာနယ်များတွင် အမျိုးသမီးများအရေး ဆောင်းပါးများရေးကြသည်။ ရုပ်သံလွှင့်များမှ မြန်မာအမျိုးသမီးများနေ့ သတင်းများထုတ်ပြန်ကြသည်။ အထိမ်းအမှတ် သီချင်းများ၊ ဂုဏ်ပြုတေးသီချင်းများ ထုတ်လွှင့်ကြသည်။

"မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ် လှုပ်ရှားမှုများသည် မြန်မာအမျိုးသမီးများအား မီးဖိုချောင်နှင့်ကိုရီးယားရုပ်ရှင်ကားများထဲတွင်သာ နစ်မြုပ်မနေစေတော့ဘဲ ဝတ်စားဆင်ယင်မှု၊ ပြောဆိုမှု၊ ပြုမူမှု၊ နေထိုင်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေး ရေမြေသဘာဝဝန်းကျင်ထိန်းသိမ်းရေးစသော နယ်ပယ်များစွာတွင် မိမိတို့၏ဘဝကို မည်သို့တည်ဆောက်ရပ်တည်ရမည်ဖြစ်ကြောင်း လမ်းကောင်းညွှန်ပြနေပါသည်။

အမျိုးသမီးငယ်ရွယ်များအားလည်း နှိပ်စက်ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ အကြမ်းဖက်ခံရခြင်းစသော အန္တရာယ်များမှ ကင်းဝေးစေရေးအတွက် နည်းကောင်းလမ်းကောင်းများ ညွှန်ပြပေးစွမ်းနေပါသည်။

အမျိုးသမီးတို့၏ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ခြင်း၊ စာဖတ်ခြင်း၊ ဟောပြောပွဲများ တက်ရောက်နားထောင်ခြင်း၊ ရေဒီယိုရုပ်သံများမှ ပညာပေးဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ နားထောင်ခြင်းစသည့် အလေ့အကျင့်များဖြင့် ပျိုးထောင်ရမည်ဖြစ်ကြောင်း ဆင်ခြင်သိရှိလာကြရပါသည်။

ခင်ပွန်း၊ သားသမီးများဖြင့် တည်ဆောက်ထားသော မိမိတို့၏မိသားစုကို ချမ်းမြေ့သာယာအောင် ဂရုစိုက်ရန် ထိန်းကျောင်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ဆင်ခြင်မိလာစေပါသည်။

မြန်မာအမျိုးသမီးဟူသည် မိဘများ၊ ယောက္ခမများ၊ ဆွေမျိုးမောင်နှမများ၊ မိတ်ဆွေသင်္ဂဟများဖြင့် ဖွဲ့စည်းထားသော မိမိ၏လူမှုဘဝ ပတ်ဝန်းကျင်ကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ကူညီရမည်ဟူသော အသိတရားများ ပိုမိုခိုင်မာလာကြမည်ဖြစ်ပါသည်။

"မြန်မာအမျိုးသမီးများနေ့"ဟူ၍ သတ်မှတ်ခဲ့ခြင်းသည် ၁၉၉၅ ခုနှစ်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံမှ အခြေပြုခဲ့ခြင်းဖြစ်သည်။

ပေကျင်းညီလာခံမှချမှတ်ခဲ့သော လုပ်ငန်းစဉ် (၁၂)ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် အမျိုးသမီးများနှင့်သက်ဆိုင်သော နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ခဲ့ပါသည်။ သို့ကြောင့် ၁၉၉၆- ဇူလိုင်လ ၃ ရက်နေ့တွင် အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"ကို ဖွဲ့စည်းခဲ့သည်။ ကော်မတီစတင်ဖွဲ့စည်းခဲ့သော ဇူလိုင်လ ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့"အဖြစ် သတ်မှတ်ခဲ့သည်။

သို့သော် လုပ်ငန်းစဉ် (၁၂)ရပ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်တွင်မူ ကော်မတီသည် အကန့်အသတ်ရှိနေခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာလွှမ်းခြုံနိုင်ရန် နှင့် လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော INGO များနှင့် ဆက်သွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။အဖွဲ့ချုပ်မှသည် တိုင်းဒေသကြီး နှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဆင့်ထိ တစ်နိုင်ငံလုံးလွှမ်းခြုံရန် အဆင့်ဆင့်ဖွဲ့စည်းနိုင်ခဲ့သည်။ ယနေ့ဆိုလျှင် အဖွဲ့ဝင် အမျိုးသမီး ကြီးကြီးငယ်ငယ်ရွယ်ရွယ်လတ်လတ် ငါးသန်းကျော်မျှ ရှိနေပြီဖြစ်သည်။

စည်းရုံးရေး၊ စီမံရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစသော ဌာနကြီးခြောက်ခုနှင့် အမျိုးသမီးများအားကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ လူနေမှုဘဝမြှင့်တင်ရေး၊ တိုင်းရင်းသားရေးရာစသည့် ဆိုင်ရာလုပ်ငန်းအဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းပြီး အမျိုးသမီးများအား စောင့်ရှောက်ခြင်း၊ ကူညီခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းလုပ်ငန်းရပ်များ ဆောင်ရွက်ကြရသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်လုပ်လက်စား အမျိုးသမီးများအား အသေးစားငွေချေးပေးခဲ့သည်။ စက်ချုပ်၊ အလှပြင်၊ မုန့်လုပ်စသော လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ အလုပ်အကိုင်များ ရှာဖွေပေးခဲ့သည်။ စေတနာ ညကျောင်းစာဖတ်ဝိုင်းများ တည်ထောင်ပေးသည်။ ပညာသင်ထောက်ပံ့ကြေးများပေးသည်။ သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် စောင့်ရှောက်မှုများပေးကြသည်။ ခိုကိုးရာမဲ့ အမျိုးသမီးများကို ကူညီစောင့်ရှောက်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးပညာပေးများ ဟောပြောသည်။ အမျိုးသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံ တန်ဖိုးနှုန်းစံများ ထိန်းသိမ်းရေးအတွက် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ရုပ်သံလွှင့်ခြင်းများ၊ ရေဒီယိုအသံလွှင့်ချက်များ၊ မြန်မာမှုဝတ်စားဆင်ယင်မှုနှင့် မြန်မာ့ဆံပင်အလှပြပွဲများ စသည့်လှုပ်ရှားမှုများကို ပြုလုပ်ကြသည်။

ဘေးဒုက္ခအန္တရာယ်နှင့် တွေ့ကြုံခဲ့ရသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးခြင်း၊ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်ပေးခြင်းစသည်များ ဆောင်ရွက်ကြသည်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြက္ခဒိန်၊ အမျိုးသမီးရေးရာမဂ္ဂဇင်း၊ မေမြန်မာဂျာနယ်၊ အမျိုးသမီးရေးရာ သတင်းလွှာ၊ အမျိုးသမီးရေးရာလုပ်ငန်းရပ်များဆိုင်ရာ လက်ကမ်းစာစောင်များစသည်များကို ထုတ်ဝေဖြန့်ချိသည်။

အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ကြသည်။ NGO များ၊ INGO များစွာနှင့် တွေ့ဆုံဆွေးနွေးကြသည်။ အသိအမြင်များ ဖလှယ်ကြသည်။

အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်မှန်းချက်သို့ရောက်ရှိအောင် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နိုင်ငံတစ်ဝန်းတွင် တစ်နှစ်ပတ်လုံး အားသွန်ခွန်စိုက်ဆောင်ရွက်ကြပါသည်။

၂၀၁၆ ခုနှစ် "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်အဖြစ် အဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဖွဲ့များသည် ကျွန်း၊ စိန်ပန်း၊ ရေတမာ၊ ကံ့ကော်၊ ပိတောက်၊ မဉ္ဇူသကစသော သစ်ပင်များစိုက်ပျိုးကြသည်။ စိုက်ပြီးအပင်များ ရှင်သန်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြသည်။

အဖွဲ့ချုပ်တွင် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များစာတမ်း (တွဲဖက်ပါမောက္ခ ဒေါက်တာစမ်းစမ်းကြည် မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်)၊ Facebook အကြောင်း သိကောင်းစရာစာတမ်း (ဒေါ်ချောခင်ခင် ကွန်ပျူတာပညာရှင်)၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ စာတမ်း (ဒေါ်ခင်ထက်တေဇာမောင်-ညွှန်ကြားရေးမှူး)တို့က ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ ဇူလိုင်လ ၁ ရက်နေ့က အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် "၂၁ ရာစု ဆင်ယင်မှုအထူးပြုပြင် အလှသဘင် ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဆန်းသစ်ဝေစီ ရွှေပန်းချီနှစ်ပါးသွား"တို့ကို တင်ဆက်ခဲ့ကြသည်။

ဇူလိုင်လ ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့ နေပြည်တော်-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်အခမ်းအနားတွင် စာပေ၊ ပညာရေး၊ ပြည်သူ့ရဲ၊ ကြက်ခြေနီ၊ အားကစား၊ လူမှုရေး၊ စီးပွားရေးစသော နယ်ပယ်များမှ ထူးချွန်သူအမျိုးသမီးများအား ဂုဏ်ပြုဆုများဖြင့် ချီးမြှင့်ဂုဏ်ပြုကြဦးမည် ဖြစ်ပါသည်။

အမျိုးသမီးများသည် လူ့အဖွဲ့အစည်းတွင် အရေးကြီးသူများ ပဓာနကျသူများဖြစ်ပါသည်။ မိသားစုဘဝ၊ အိမ်ထောင်စုဘဝ၊ ဆွေမျိုးစုဘဝများ အဆင်ပြေချောမွေ့အောင် တာဝန်ယူနိုင်ကြသူများဖြစ်သည်။

အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော သားငယ်သမီးငယ်များ၊ တူငယ်တူမငယ်များ၊ တပည့်သားမြေးတို့ကို သားကောင်းသမီးမွန်များဖြစ်အောင် သွန်သင်ထိန်းကျောင်းကြရသူများလည်းဖြစ်သည်။ မိမိလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူမှုကျင့်ဝတ်များ၊ တန်ဖိုးထားမှုများကို ထိန်းသိမ်းရာတွင် အခြေခံအကျဆုံးသော အစုအဖွဲ့လည်းဖြစ်သည်။

မြန်မာအမျိုးသမီးများဆိုလျှင်မူ ဘာသာသာသနာရေးနယ်ပယ်၊ အိမ်ထောင်မှုနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ် အစရှိသော မြန်မာ့လူ့အဖွဲ့အစည်း၏ ကဏ္ဍနယ်ပယ်များစွာတွင် တက်ကြွစွာပါဝင်ကြသူများ၊ တာဝန်ယူနိုင်ကြသူများ၊ နေရာရရှိသူများ၊ သြဇာရှိသူများ၊ စွမ်းရည်ထက်မြက်သူများ ဖြစ်ကြသည်။

မြန်မာအမျိုးသမီးများသည် မိမိတို့ရရှိထားသော နေရာများကို အောင်မြင်စွာထိန်းသိမ်းနိုင်သူ များ ဖြစ်ကြရပါမည်။ မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတန်ဖိုး၊ လူမှုတန်ဖိုးများကို ကောင်းစွာ စောင့်ရှောက်နိုင်သူများ ဖြစ်ကြရပါမည်။ အဆင့်အတန်းရှိသော ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်စရိုက်လက္ခဏာများရှိသည့် မြန်မာနိုင်ငံ မြန်မာလူမျိုးများကို ဂုဏ်သိက္ခာရှိသော မြန်မာ့လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်အောင် စွမ်းဆောင်ရမည့်သူများလည်း ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာအမျိုးသမီးများသည် မြန်မာ့ဂုဏ်ရည်အတွက် မြန်မာအမျိုးသမီးများ၏ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ပေးကြပါရန် မေတ္တာရှေ့ထားပြီး လေးစားစွာ ပန်ကြားအပ်ပါသည်။

**"မြန်မာအမျိုးသမီးများဘဝဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"**

> **"မြန်မာအမျိုးသမီးများနေ့"ဟူ၍ သတ်မှတ်ခဲ့ခြင်းသည် ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံမှ အခြေပြုခဲ့ခြင်းဖြစ်သည်**

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးငယ်လေးများ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းတတ်စေ ရန်၊ မြန်မာတို့၏ အဝတ်အထည်များကို လေးစားတန်ဖိုးထား တတ်စေရန် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့် ပဒေသာကပွဲကို ဇွန် ၃၀ ရက် ည ၇ နာရီက မဟာဟိုခမ်း ရပ်ကွက် ရှိ အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး (သဘင်)အဖွဲ့မှ ဦးမင်းမင်းထွန်း ခေါင်းဆောင်သော အနုပညာရှင်များက စကားဝါမြေ နတ်ချင်းတေးသီချင်းဖြင့် အဖွင့်ဖျော်ဖြေတင်ဆက်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲ၏ အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများကို ဒိုင်ချုပ်ဖြစ်သူ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးလှဝင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲအား အခြေခံပညာအထက်တန်းကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများ နှင့် အဖွဲ့အစည်းများ ကိုယ်စားပြု အမျိုးသမီးငယ် ၂၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ရာ တာချီလိတ်ပညာရေး ဖောင်ဒေးရှင်းကိုယ်စားပြု မဇာဇာလင်းက ပထမဆုကိုလည်းကောင်း၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ကိုယ်စားပြု မဇူးပြည့်စုံက ဒုတိယဆုကိုလည်းကောင်း၊ တာလေ့ရပ်ကွက်ကိုယ်စားပြု မဇင်လဲ့ရည်နွေးက တတိယဆုကိုလည်းကောင်း ရရှိသည်။

ယင်းနောက် ဆုရရှိသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



ဇူလိုင် ၁ ရက်က ကနေဒါနိုင်ငံ၏ အမျိုးသားနေ့ ညစ်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ချက်ထရီယမ်ဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တက်ရောက်စဉ် (သတင်းစဉ်)

# လူတစ်ဦးချင်း ဆန်စားသုံးမှု သုတေသနပြုခြင်းဖြင့် ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်ပေးနိုင်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း ဆန်စားသုံးမှုပမာဏ လေ့လာသုတေသနပြုခြင်းကို အခြေခံ၍ တွက်ချက်ရာ၌ ၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန် ရှစ်သန်းခန့် စားသုံးနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ကောက်ယူရရှိသည့် စစ်တမ်းအချက်အလက်များအရ သိရသည်။

"ဆန်စားသုံးမှုပမာဏကို အနီးစပ်ဆုံးခန့်မှန်းသိရှိမှသာ ပြည်တွင်းဆန်စပါးဈေးကွက်နဲ့ ပြည်ပဆန်တင်ပို့မှုပမာဏကို မှန်ကန်စွာ ထိန်းကျောင်းပေးနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ပြီး ပြည်ပဝင်ငွေတိုးတက်အောင် ထိထိမိမိ ဆောင်ရွက်နိုင်ကြတော့မှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

အဆိုပါ စစ်တမ်းကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် မဟာသိပ္ပံကျောင်းသားကျောင်းသူ ၁၅၃ ဦးက ကျေးလက်နေ တောင်သူများ၊ မြေယာမဲ့များနှင့် မြို့နေပြည်သူများ အုပ်စုသုံးစုခွဲပြီး နှစ်စဉ် လူတစ်ဦးချင်းစီ၏ ဆန်စားသုံးမှု ပမာဏကို နှိုင်းယှဉ်လေ့လာရန်နှင့် ပြည်တွင်းဆန်စားသုံးမှု စုစုပေါင်းပမာဏကိုသိရှိရန် ၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအထိ စစ်တမ်းကောက်ယူခဲ့သည်။

"အစိုးရပိုင်းက လိုအပ်နေတဲ့အရာကို ပုဂ္ဂလိကပိုင်းမှ ဖြည့်ဆည်းပေးတာပါ၊ လူတစ်ဦးချင်း ဆန်စားသုံးမှုကို ဒီလိုကိန်းဂဏန်းနဲ့ ထွက်လာတဲ့အခါမှာ စိုက်တာ ဘယ်လောက်လဲ၊ ထွက်တာ ဘယ်လောက်လဲ၊ စားသုံးတာ ဘယ်လောက်လဲဆိုတာ သိလာမယ်။ ပိုလျှံတာကို ပြည်ပတင်ပို့လို့ရတယ်။ လက်ရှိတရားဝင် ပြည်ပဆန်တင်ပို့မှု ကိန်းဂဏန်းအရ ကွာခြားမှု ရှိ မရှိ၊ ရှိတယ်ဆို ဘာကြောင့် ကွာခြားသလဲဆိုတဲ့ အဖြေတွေထုတ်လို့ရမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် ကပြောသည်။

အဆိုပါစစ်တမ်းကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကျေးလက်ဒေသနေ တောင်သူအိမ်ထောင်စု ၁၇၁၀၊ မြေယာမဲ့ အိမ်ထောင်စု ၁၄၈၄ စုနှင့် မြို့နေအိမ်ထောင်စု ၁၉၃၈ စု စုစုပေါင်း အိမ်ထောင်စု ၅၁၃၂ စု၊ လူဦးရေ ၂၄၂၁၁ ဦး ထံမှ အချက်အလက်များကို ကောက်ယူပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း စစ်တမ်းကိုအခြေခံ၍ စာရင်းသွင်းခြင်းနှင့် တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆန်စားသုံးမှုကို လေ့လာရာတွင် တစ်ဦးချင်းတစ်နှစ်လျှင်ပျမ်းမျှ ဆန်စားသုံးမှုမှာ ၁၅၅ ဒသမ ၁၄ ကီလိုဂရမ်ဖြစ်ပြီး အနည်းဆုံး ၄၃ ဒသမ ၁၀ ကီလိုဂရမ်နှင့် အများဆုံး ၃၂၆ ဒသမ ၁၁ ကီလိုဂရမ်ဖြစ်ကြောင်း၊ အုပ်စုအလိုက်အနေဖြင့် တစ်ဦးချင်း တစ်နှစ်လျှင် ပျမ်းမျှ ဆန်စားသုံးမှုမှာ မြို့နေလူထုက ၁၃၃ ဒသမ ၀၇ ကီလိုဂရမ်၊ ကျေးလက်မြေယာမဲ့ လူထုက ၁၅၉ ဒသမ ၆၅ ကီလိုဂရမ်နှင့် ကျေးလက်တောင်သူက ၁၇၆ ဒသမ ၂၃ ကီလိုဂရမ်ဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်က ဆန်စပါးမူဝါဒ၊ ဆန်စပါးစိုက်ပျိုးရေးမူဝါဒ၊ ဆန်စပါးကုန်သွယ်ရေးမူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"နှစ်စဉ်လိုအပ်တဲ့ သုတေသနလုပ်ငန်းတွေကို ပုဂ္ဂလိကအပိုင်းက ဖော်ထုတ်ပေးမယ်၊ အဲဒီလိုဖော်ထုတ်ပေးခြင်းဖြင့် တိုင်းပြည်ရဲ့ဆန်စပါးကဏ္ဍမှန်ကန်တဲ့မူဝါဒလမ်းကြောင်းပေါ် ရောက်သွားရင် လယ်ယာကဏ္ဍတွေဖွံ့ဖြိုးတိုးတက်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေလည်း အလိုအလျောက်ပါလာမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ပြောသည်။

ဆက်လက်၍ မိုးရာသီ စပါးရိတ်သိမ်းပြီးချိန်တွင် တစ်ဧက စပါး အမှန်ထွက်ရှိမှု၊ လေလွင့်မှုများကို သုတေသနပြုလုပ်သွားမည်ဖြစ်ပြီး နှစ်အလိုက်စီမံချက်များရေးဆွဲ၍ သုတေသန လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က "တိုင်းပြည်မှာ ခေတ်အဆက်ဆက်က ကိန်းဂဏန်းတွေကိုခန့်မှန်းပြီး ပြောဆိုနေကြတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အမျိုးမျိုးခန့်မှန်းကြတယ်။ သူတို့ခန့်မှန်းတယ်ဆိုပေမယ့် တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုမရှိဘူး၊ အခုစစ်တမ်းက တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ကောက်ထားတာပါ" ဟု ပြောသည်။

နှစ်စဉ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှုပမာဏနှင့် ပြည်တွင်းလက်ကျန် အခြေအနေကို အနီးစပ်ဆုံး မှန်ကန်အောင် တွက်ချက်လာနိုင်မှုကြောင့် အသင်းအဖွဲ့များနှင့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့်လည်း ပမာဏ တိတိကျကျ ကြိုတင်စာချုပ် ချုပ်ဆိုရောင်းချနိုင်ခြင်း၊ ဈေးကွက်ဖော်ဆောင်နိုင်ခြင်း၊ ပြည်တွင်း ဆန်စပါးဈေးနှုန်း တည်ငြိမ်မှန်ကန်ရေးကို တွက်ချက်ဆောင်ရွက်ပေးနိုင်ခြင်း၊ ကောလာဟလနှင့် သတင်းအမှားများကို မှန်ကန်စွာ ဖြေရှင်းချပြပေးနိုင်ခြင်းစသည့် လုပ်ငန်းများကို အချိန်ကိုက် တိကျမှန်ကန် စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ - မန္တလေးဆန်ကုန်သည်အသင်း**



◆ *ရှော့ဖုံးမှ*

ဆွေးနွေးပွဲအဖွင့်တွင် (၂၁ ရာစုပင်လုံ) ကြိုတင်ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားများ တန်းတူညီမျှရေးနှင့် အားလုံးပါဝင်ရေးမူဝါဒကို လုပ်ငန်းအစည်းအဝေးတွင်ပြောကြားထားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)အား တတ်နိုင်သမျှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ နာဂအဖွဲ့ခေါင်းဆောင် ဦးအန်ကန့်က အစိုးရသစ်၏ ငြိမ်းချမ်းရေးဆောင်ရွက် နေမှုနှင့် (၂၁ ရာစုပင်လုံ)ညီလာခံကို ကြိုဆိုပါကြောင်း၊ NSCN-K သည် ၂၀၁၂ ခုနှစ် ဧပြီလကအစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲထားပြီး မိမိတို့ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို အစိုးရသစ်နှင့် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေး ကော်မတီဘက်မှ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဦးနိုင်ငံလင်း၊ ဦးမိုးဇော်ဦး၊ ဦးခက်ထိန်နန်၊ ဒေါ်ဒွဲဘူနှင့် ဦးလှမောင်ရွှေတို့ တက်ရောက်ခဲ့ကြပြီး NSCN-K မှ ဦးအန်ကန့် (အဖွဲ့ခေါင်းဆောင်)၊ ဦးကျော်ဝမ်းစိန်၊ ဦးစောထင်၊ ဦးလင်မ်ကမ်၊ ဦးလှထွန်း(ငြိမ်းချမ်းရေး အကျိုးဆောင် )တို့ တက်ရောက်ခဲ့ကြသည်။

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN- K သည် NCCT - UPWC အစည်းအဝေးများနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး NCA စာချုပ်တွင် ပါဝင်လက်မှတ် ရေးထိုးထားခြင်းမရှိပေ။ NSCN- K သည် ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်နေ့ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော်နှင့် ပစ်ခတ်တိုက်ခိုက်မှုများ မရှိတော့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီမှ အတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် NSCN-K မှ အဖွဲ့ခေါင်းဆောင် ဦးအန်ကန့်တို့က သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

**ဦးအန်ကန့် အဖွဲ့ခေါင်းဆောင်**

**နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN- K )**

ကျွန်တော်တို့ကို အစိုးရသစ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးချင်တယ်ဆိုလို့ လာရောက်ဆွေးနွေးတာပါ။ အစိုးရသစ်က အခုလိုဆွေးနွေးပေးဖို့ ဖိတ်ခေါ်တာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ (၂၁ ရာစုပင်လုံ)ညီလာခံမှာလည်း ကျွန်တော်တို့ လေ့လာသူအနေနဲ့ပဲဖြစ်ဖြစ်ပါဝင်ပြီး တက်ရောက်မှာပါ။ နိုင်ငံရေးဆွေးနွေးမှုအပိုင်းမှာတော့ ကျွန်တော်တို့ပါဝင်မှာမဟုတ်ပါဘူး။ ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသအေးချမ်းရေးကို ဆောင်ရွက်သွားမယ်။ ဒေသရဲ့လိုအပ်ချက်တွေကို အစိုးရသစ်နဲ့ လက်တွဲဆောင်ရွက်သွားပါမယ်။

NCA လက်မှတ်ထိုးမယ်၊ မထိုးဘူးဆိုတာကတော့ ကျွန်တော်တစ်ဦးတစ်ယောက်တည်း ဆုံးဖြတ်လို့ မရပါဘူး။ အဖွဲ့ကို (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ ကပြောကြားလာတဲ့ ဆွေးနွေးချက်တွေကို ပြန်တင်ပြရမှာပါ။ အပစ်အခတ်ရပ်စဲရေး လုပ်တယ်ဆိုတာ တစ်ပြည်လုံးငြိမ်းချမ်းဖို့ လုပ်ဆောင်တာဖြစ်တဲ့အတွက် အင်မတန် သင့်မြတ်ပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံအတွင်းမှာ နေတာဆိုတော့ မြန်မာနိုင်ငံအစိုးရနဲ့ ဆွေးနွေးတိုင်ပင်မှသာလျှင် ကျွန်တော်တို့ဒေသက အေးချမ်းမှာဖြစ်တဲ့အတွက် ဆွေးနွေးတိုင်ပင်ပြီး လက်တွဲဖြေရှင်းသွားပါမယ်။

အရင်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကျွန်တော်တို့ပါဝင်ခဲ့ပါတယ်။ အခုတက်လာတဲ့ အစိုးရနဲ့လည်း တိုင်ပင်မယ်။ စာချုပ်ချုပ်တာ၊ လက်မှတ်ထိုးတာကတော့ တစ်ပိုင်းပါ။ ကျွန်တော်တို့ဒေသမှာ အရင်ကလမ်းတံတားဆိုတာ ဘာမှမရှိဘူး။ ပညာရေးမရှိဘူး။ ပြီးခဲ့တဲ့ သုံးနှစ်ကာလအတွင်းမှာတော့ ကူးသန်းသွားလာဖို့ လမ်းတံတားတွေ ရှိလာတယ်။ ဒါကြောင့် အစိုးရသစ်နဲ့လည်း လက်တွဲပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ NCA စာချုပ်လက်မှတ်ထိုးခြင်း၊ မထိုးခြင်းကတော့ အဖွဲ့ကိုတင်ပြပြီး အဖွဲ့ကဆုံးဖြတ် ပါလိမ့်မယ်။

**ဦးလှမောင်ရွှေ၊ အတွင်းရေးမှူး**

**(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ)**

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-K နဲ့ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပါတယ်။ ကျွန်တော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတက်ရောက်နိုင်ဖို့အတွက် NSCN-K ကို ပြည်တွင်းကိုဖိတ်ခေါ်ပြီးရှင်းပြတာပါ။ တိုင်းရင်းသားတွေဘက်က အရင်အစိုးရလက်ထက်မှာ လက်မှတ်ထိုးထားတာ ၁၅ ဖွဲ့ရှိတယ်။ NSCN-K နဲ့ အပစ်အခတ်ရပ်စဲရေး လုပ်နိုင်တယ်။ NSCN-K နာဂအဖွဲ့ဟာ သီးခြားရပ်တည်ပြီး ဘယ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနဲ့မှလည်း မဟာမိတ်လုပ်ထားတာမရှိဘူး။ တပ်မတော်နဲ့တော့ ယုံကြည်မှု တည်ဆောက်ထားနိုင်တဲ့အတွက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကစပြီး ၁၆ နှစ်အတွင်းမှာ ပဋိပက္ခတစ်ကြိမ်မှ မရှိခဲ့ပါဘူး။

● *ကျောဖုံးမှ*

ဗြိတိန်၏ နိုင်ငံရေးကြောင့် မြန်မာ့ပြည်တွင်းစီးပွားရေးသည် တိုက်ရိုက်မသက်ဆိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးသည် မြန်မာ့ရွှေဈေးနှင့် ဆက်စပ်နေသည့်အတွက် ကမ္ဘာ့ရွှေဈေးတက်သည်နှင့်အမျှ မြန်မာ့ ရွှေဈေးသည်လည်း ထုံးစံအတိုင်းလိုက်ပါတက်မှုမှာ အစဉ်ရှိနေခဲ့သည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စည်းရုံးရေးမှူး ဦးအေးချိုက "ဗြိတိန်နိုင်ငံရဲ့ စတာလင်ပေါင်ငွေကြေးကျဆင်းမှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ ရွှေဈေးကွက်ကို တိုက်ရိုက်ပတ်သက်မှုမရှိပါဘူး။ ကမ္ဘာ့ရွှေဈေးတက်ရင် မြန်မာ့ရွှေဈေးက လိုက်တက်တတ်တဲ့ သဘောတော့ရှိပါတယ်။ ဈေးကွက်အတွင်းမှာတော့ သူ့ဈေးနဲ့သူ့အရောင်းအဝယ် မပျက် ရှိနေပါတယ်"ဟု ပြောသည်။

မြို့တွင်းရှိရွှေဆိုင်များတွင် လာရောက်ဝယ်သူများထက် မိမိတွင်ရှိသော ရွှေများကို ပြန်လည်ရောင်းချသူများပြားနေကြောင်း လသာမြို့နယ်အတွင်းမှ ရွှေဆိုင်အရောင်းတာဝန်ခံတစ်ဦးက လက်ရှိအနေအထားကို ပြောသည်။

လွန်ခဲ့သော ရက်သတ္တပတ်ကျော်က အစပြု၍တက်လာသော ကမ္ဘာ့ရွှေဈေးမှာ အနိမ့်ဘက်သို့ လုံးဝမဆင်းဘဲ အတက်ဘက် တစ်ဖက်တည်းကိုသာ ဦးတည်သွားခဲ့သည်ဟု ပြောသည်။

ဇွန် ၁ ရက် ညနေဈေးပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၄၁ ဖြင့် ပိတ်ခဲ့ပြီး မြန်မာ့အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၈၂၃၅၀၀ ဈေးရှိနေခဲ့သည်။

ဇွန် ၂ ရက် စနေနေ့သည် ကမ္ဘာ့ရွှေဈေးကွက်ပိတ်သော်လည်း ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီး ရွှေလုပ် ငန်းရှင်များအသင်းရုံး ရွှေဈေးကွက်မှာ နံနက် ၁၀ နာရီ မထိုးမီကပင် ခန်းလုံးပြည့် စည်ကားနေသည်။

နံနက် ၁၁ နာရီ ရွှေဈေးကွက်စတင်ချိန်၌ တစ်ဦးသောသူက ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၈၂၅၅၀၀ ဈေးခေါ်ခဲ့သည်။ တစ်ဆက်တည်း နှစ်ပိုင်း(တစ်ပိုင်းလျှင် ရွှေတစ်ဆယ်ကျပ်သားအတုံး)၊ သုံးပိုင်းဖြင့်ဝယ်မည့်သူများထံမှ အသံကိုကြားလိုက်ရသည်။ နောက်ထပ်အချိန်အနည်းငယ်မှာပင် ဈေးကတစ်မျိုးပြောင်းသွားပြန်သည်။ ယနေ့ ဈေးကွက်ပိတ်သိမ်းချိန်အထိ အသံများကမစဲဘဲ စည်ကားနေမည်ဖြစ်သည်။

ယနေ့မြန်မာ့ရွှေဈေးကွက်မှာ ဟိုယခင်ကဲ့သို့ မဟုတ်တော့ပေ။ လွတ်လပ်ပွင့်လင်းစွာ အရောင်းအဝယ်ရှိ နေကြသည်ကို တွေ့ရသည်။

အတွင်းရေးမှူး ဦးဝင်းမြင့်က "ကျွန်တော်တို့ရဲ့ ဒီကနေ့ ရွှေဈေးကွက်က နှုန်းရှင်နဲ့ သွားနေတာပါ။ လက်ရှိကမ္ဘာ့ရွှေဈေးထက် မြန်မာ့ရွှေဈေးက ငွေကျပ် ၁၀၀၀၀ ကျော်လောက်ကို နိမ့်နေပါသေးတယ်။ ထိန်းကျောင်းစရာလိုအပ်တဲ့ အနေအထားမဟုတ်ပါဘူး။ ဒါကြောင့် ရောင်းတဲ့သူကလည်း လွတ်လွတ်လပ်လပ်နဲ့ရောင်းသလို ဝယ်တဲ့သူကလည်း လွတ်လွတ်လပ်လပ် စိတ်ချလက်ချနဲ့ အရောင်းအဝယ် ဈေးကွက်ရှိနေပါတယ်"ဟု ရှင်းပြသည်။

အခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင် ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် ငွေကျပ် ၈၂၅၀၀၀ ရှိပြီး အထည် (ရွှေထည်) အရောင်းဆိုင်များ၌ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၇၇၀၀၀၀ ကျော်ဖြင့် အရောင်းရှိနေကြောင်း သိရသည်။

## ထူးချွန်ယာဉ်လိုင်း၊ ယာဉ်မောင်းဝန်ထမ်းများအား ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၂**

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ သုံးနှစ်ပြည့်နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် ထူးချွန်ယာဉ်လိုင်း၊ ယာဉ်မောင်းဝန်ထမ်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန်လစတုတ္ထပတ်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ Mawlamyaing Strand Hotel ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်အတွင်းရှိ (ယထက) အဖွဲ့အစည်းများမှ နှစ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် သာရေး/နာရေး ကိစ္စရပ်များအတွက် လှူဒါန်းထောက်ပံ့ငွေကျပ် ၇၁၉၉၁၁၀၅ သိန်းကို မှတ်တမ်းတင်ပြီး ဆုရရှိသော ထူးချွန်ယာဉ်လိုင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ယာဉ်မောင်းဝန်ထမ်းများ၏ ဂုဏ်ထူးရသားသမီး ၁၂ ဦးကို တစ်ဘာသာ ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အငယ်တန်းအမျိုးသားတံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

အရှေ့တောင်အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 19th South East Asian Junior Men's Volleyball Championship ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (ခ) ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားကော်မတီအတွင်းရေးမှူး ဒေါက်တာအောင်ခင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်း နေရာယူပြီးနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြိုင်ပွဲကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ဘော်လီဘောအဖွဲ့ချုပ်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လာရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အသင်းများအား နွေးထွေးစွာကြိုဆိုပါကြောင်း၊ ပြိုင်ပွဲကို လက်ခံကျင်းပရခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဘော်လီဘောအားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေပြီး လာရောက်ယှဉ်ပြိုင်သော နိုင်ငံများနှင့် မိမိတို့နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်မှု ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံအတွင်းရှိ လူငယ်များအနေဖြင့် အားကစားလှုပ်ရှားမှုများကို ပိုမိုစိတ်ဝင်စားလာစေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲကို ပထမဆုံးလက်ခံကျင်းပခြင်းမဟုတ်ဘဲ ၂၀၁၂ ခုနှစ် ရန်ကုန်မြို့၌ (၁၇)ကြိမ်မြောက် လူငယ်ပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် နေပြည်တော်၌ (၁၈)ကြိမ်မြောက် လူငယ်ပြိုင်ပွဲများကို အောင်မြင်စွာ လက်ခံကျင်းပပေးခဲ့ဖူးပါကြောင်း၊ ယနေ့ (၁၉)ကြိမ်မြောက်ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲများ လက်ခံကျင်းပခြင်းဖြင့် မြန်မာဘော်လီဘော အားကစားသမားများ အတွေ့အကြုံကောင်းများ ရရှိပြီး လက်ရည်တိုးတက်လာမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။




ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။ **(ဓါတ်ပုံ)**

ယင်းနောက် မြန်မာလူငယ် (ခ)အသင်းနှင့် စင်ကာပူ လူငယ်တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဖိတ်ခေါ်နိုင်ငံအဖြစ် မော်လ်ဒိုက်နှင့် နယူးဇီလန်နိုင်ငံတို့မှ လူငယ်ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲ ၄၀၀ ပြည့်မြောက် အထိမ်းအမှတ် သစ်ပင်စိုက်၊ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုပွဲများကျင်းပ

**အောင်ပန်း ဇူလိုင် ၂**

ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲ ၄၀၀ ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၂ ရက် ညနေ ၆ နာရီက ရှမ်းပြည်နယ် အောင်ပန်းမြို့ Hotel SS ၏ Ballroom ခန်းမတွင် ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘဏ်ဝန်ထမ်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအခြေစိုက် စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်က ကမ္ဘောဇဘဏ်၏ အဆင့်ဆင့် တိုးတက်အောင်မြင်စွာ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဘဏ်ခွဲသစ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ၄၀၀ မြောက် ဘဏ်ခွဲကို ရန်ကုန်တိုင်းဒေသကြီး အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်တွင် ဇွန် ၂၈ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပတွင်လည်း ဘဏ်ခွဲများ ဖွင့်လှစ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများတွင် နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ရရှိပြီး ဖြစ်ကြောင်း၊ အခြားအာဆီယံနိုင်ငံများနှင့် အရှေ့အာရှ နိုင်ငံများတွင်လည်း အလားတူ ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် Iron Cross တေးဂီတအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကြပြီး ညစာဖြင့်တည်ခင်းဧည့်ခံခဲ့သည်။ ယင်းနေ့ နံနက်တွင် အောင်ပန်းမြို့သာမိုင်ခမ်းဆည်အနီးတွင် သစ်ပင်စိုက်ပွဲ ကျင်းပခဲ့ပြီး **(အောက်ပုံ)** အောင်ပန်းမြို့ ပင်မှီဂေါက်ကလပ်၌ ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပခဲ့ရာ ညနေပိုင်း၌ ဆုများချီးမြှင့်ခဲ့သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည်အနှံ့ ဘဏ်ခွဲ ၄၀၀ ကျော်၊ ဝန်ထမ်းအင်အား ၁၆၀၀၀ ကျော်ဖြင့် ပြည်တွင်း၊ ပြည်ပ ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် နိုင်ငံတကာ ဘဏ်လုပ်ငန်းနှင့် ငွေကြေးအဖွဲ့အစည်းများမှ ချီးမြှင့်သည့်ဘဏ်လုပ်ငန်းဆိုင်ရာ ထူးချွန်ဆုများ၊ အကောင်းဆုံးဆုများကို ရရှိထားသည်။ နိုင်ငံတော် အခွန်ဘဏ္ဍာ တာဝန်ကို ပထမနေရာမှ လေးနှစ်ဆက်တိုက် အများဆုံး ပေးဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ရရှိခဲ့သည့်အပြင် ကမ္ဘောဇဘဏ်၏ နိုင်ငံတော်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းတည်ထောင်ထားသော ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၀၃ ဘီလီယံကျော် လှူဒါန်းခဲ့ပြီး နိုင်ငံတော်သမ္မတက ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေး အကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)နှင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော အင်္ဂလန်နိုင်ငံ Euromoney အဖွဲ့အစည်းမှ လူမှုရေးအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံး (Euromoney Achievement Award for CSR) ဆုများကို ရရှိထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အငယ်တန်းအမျိုးသားတံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်ဇယား

**နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (ခ)**

**၂၀၁၆ ခုနှစ် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ**

**အုပ်စု (က)** (၁) မြန်မာ (ခ) (၂) ထိုင်း (၃) နယူးဇီလန် (၄) စင်ကာပူ

**အုပ်စု (ခ)** (၁) မြန်မာ (က) (၂) အင်ဒိုနီးရှား (၃) MDV (မော်လ်ဒိုက်)

| နေ့ရက် | အချိန် | ပွဲစဉ်နံပါတ် | အုပ်စု | အမျိုးအစား | အသင်းများ |
|---|---|---|---|---|---|
| ဇူလိုင် ၂ | ၁၂း၃၀ | ၁ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ (ခ)နှင့် စင်ကာပူ |
| | ၁၄း၃၀ | ၂ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | ထိုင်းနှင့် နယူးဇီလန် |
| | ၁၆း၃၀ | ၃ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | အင်ဒိုနီးရှားနှင့် မော်လ်ဒိုက် |
| ဇူလိုင် ၃ | ၁၂း၃၀ | ၄ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ (ခ)နှင့် (၃) နယူးဇီလန် |
| | ၁၄း၃၀ | ၅ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | စင်ကာပူနှင့် ထိုင်း |
| | ၁၆း၃၀ | ၆ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | မြန်မာ (က) နှင့် မော်လ်ဒိုက် |
| ဇူလိုင် ၄ | ၁၂း၃၀ | ၇ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ (ခ) နှင့် ထိုင်း |
| | ၁၄း၃၀ | ၈ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | နယူးဇီလန်နှင့် စင်ကာပူ |
| | ၁၆း၃၀ | ၉ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | မြန်မာ (က) နှင့် အင်ဒိုနီးရှား |
| ဇူလိုင် ၅ | ၁၂း၀၀ | ၁၀ | အဆင့်(၅)နှင့် | (၆)နေရာလုပွဲများ | အုပ်စု (က) တတိယ နှင့် အုပ်စု(ခ) တတိယ |
| | ၁၄း၀၀ | ၁၁ | ပထမအကြိုဗိုလ်လုပွဲ | | အုပ်စု (က) ပထမ နှင့် အုပ်စု(ခ) ဒုတိယ |
| | ၁၆း၀၀ | ၁၂ | ဒုတိယအကြိုဗိုလ်လုပွဲ | | အုပ်စု (ခ) ပထမနှင့် အုပ်စု (က) ဒုတိယ |
| ဇူလိုင် ၆ | ၁၂း၀၀ | ၁၃ | တတိယနေရာလုပွဲ | | ပွဲစဉ်နံပါတ် (၁၀)ရှုံးနိမ့်သူနှင့် ပွဲစဉ်နံပါတ် (၁၁) ရှုံးနိမ့်သူ |
| | ၁၄း၀၀ | ၁၄ | ဗိုလ်လုပွဲကြီး | ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား | ပွဲစဉ်နံပါတ် (၁၀) အနိုင်ရသူနှင့် ပွဲစဉ်နံပါတ် (၁၁) အနိုင်ရသူ |

# အောင်လံမြို့မှ UKT အရက်ချက်စက်ရုံ ပိတ်သိမ်းထား

**အောင်လံ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ စက်ရုံရပ်ကွက် ပြည်လမ်းရှိ UKT အရက်ချက်စက်ရုံသည် လူနေရပ်ကွက်အတွင်း ကျရောက်နေခြင်း၊ စက်ရုံမှ စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်အား ထိခိုက်မှုရှိခြင်းတို့ကြောင့် ပိတ်သိမ်းပေးရန် ဒေသခံပြည်သူများက တင်ပြမှုများရှိလာခြင်းနှင့် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) တွင် အောင်လံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က အရက်ချက်စက်ရုံအား ပိတ်သိမ်းပေးရန် အဆိုတင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုတင်သွင်းခြင်းနှင့်ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဇွန် ၂၂ ရက်တွင် ကျင်းပသည့် အစည်းအဝေး အမှတ်စဉ်(၂၂/၂၀၁၆)တွင် တင်ပြဆွေးနွေးရာ ဆုံးဖြတ်ချက်အပိုဒ် (၅၂)အရ ယင်းအရက်ချက်စက်ရုံ လည်ပတ်ချက်လုပ်ခြင်းအား ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အကြောင်းကြားမှုအပေါ် UKT အရက်ချက်စက်ရုံ ဥပဒေနှင့်အညီ အမြန်ဆုံးပိတ်သိမ်းရန် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဇွန် ၃၀ ရက်က UKT အရက်ချက်စက်ရုံ ပိုင်ရှင် ဦးကံထွန်းထံသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အား သိရှိလိုက်နာပါရန် အကြောင်းကြားခဲ့ရာ ယခုအခါUKT အရက်ချက်စက်ရုံမှာ လည်ပတ်မှုမရှိဘဲ ပိတ်သိမ်းထားကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၄)ရပ်ကွက်၌ ဇီးဖြူဘုရားကျောင်းရွာ ဆရာတော် ဦးသီရိဓမ္မ ဦးဆောင်၍ ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့သည့် ကြည်ဖြူမေတ္တာအဆင်းအတက်လမ်းကို တွေ့ရစဉ်** (အဆိုပါ လမ်းဖွင့်ပွဲကို ဇွန် ၂၈ ရက်က ကျင်းပရာ ဇီးဖြူဘုရားကျောင်းရွာ ဆရာတော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွေးနှင့် ပြွန်တန်ဆာမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။)

**နေလင်း(ညောင်လေးပင်)**

**ပြင်ဆင် ဖတ်ရှုပါရန်**

၂-၇-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ သတင်းခေါင်းစဉ်အား ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ဖော်ဆောင်



**နေပြည်တော် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများနှင့် သဘာဝဘေးကြိုတင် ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ တုံ့ပြန်ရေး လုပ်ငန်းများကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ဆွေးနွေးခဲ့သည်။

ယင်းနောက် အသက်ခြောက်နှစ်မှ (၁၈)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများကို ကာယ၊ ဉာဏ၊ စာရိတ္တမှစ၍ ဖွံ့ဖြိုးတိုးတက်စေရေး ပြုစုလေ့ကျင့်ပေးလျက်ရှိသော အောင်မြေသာစံမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းတာဝန်ခံ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကလေးများအား စားစရာများပေးအပ်ကာ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ လူငယ်သင်တန်းကျောင်းသို့ရောက်ရှိပြီး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ ကလေးများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ပါ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော မန္တလေးမြို့ရှိ လမ်းပေါ်နေ ကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံ မန္တလေးမြို့သို့ရောက်ရှိပြီး သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အသက်ငါးနှစ်မှ (၁၈) နှစ်အတွင်း ပညာသင်ကြားလိုသော နားမကြားကလေးသူငယ်များကို စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိသည့် နားမကြားသော ကလေးများကျောင်း မန္တလေးမြို့သို့ ရောက်ရှိပြီး မသန်စွမ်းသူတို့၏ ဘဝကို ပြန်လည်ထူထောင်မှု ပြုပေးလျှင် ၎င်းတို့၏ဘဝကို ၎င်းတို့ ကိုယ်တိုင်ဖန်တီးရပ်တည်နိုင်မည့်အပြင် တိုင်းပြည်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စေတနာ၊ မေတ္တာ၊ ကရုဏာအရင်းခံထား၍ ပြုစုစောင့်ရှောက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်းစီ၏ ဉာဏ်ရည်နှင့် ဝါသနာထုံမှု အပေါ်မူတည်၍ ကျောင်းတွင်း ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# လုပ်ငန်းခွင်ဝင်အသုံးပြုနိုင်သည့် လယ်ထွန်စက်အဟောင်းများနှင့် ထယ်သွားများ တောင်သူများထံ အနိမ့်ဆုံးဈေးနှုန်း ငွေကျပ်သိန်း ၂၀ ဝန်းကျင်ဖြင့်ရောင်းချပေး



**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဌာနလယ်ထွန်စက်များရှိ အသုံးပြုနိုင်သေးသည့် တစ်ပတ်ရစ်လယ်ထွန်စက်များကို တောင်သူများလက်ဝယ်အရောက် အနိမ့်ဆုံးဈေးနှုန်း ငွေကျပ်သိန်း ၂၀ မှ ၄၉ သိန်းအထိ အရစ်ကျစနစ်နှင့် လက်ငင်းစနစ်နှစ်မျိုးစလုံးဖြင့် ယခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝယ်ယူလိုသော တောင်သူများအနေဖြင့် အမှန်တကယ်လယ်လုပ်ကိုင်သူများဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်နှင့် မြို့နယ်/ခရိုင်/တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနများ၊ လယ်ထွန်စက်စခန်းများတွင် ကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ကြောင်း ညွှန်ကြားရေးမှူး ဦးအောင်ဇော်(စက်မှုဌာနခွဲ)ထံမှ သိရသည်။

အဆိုပါ လုပ်ငန်းခွင်ဝင်အသုံးပြုနိုင်သည့်လယ်ထွန်စက်အဟောင်းများကို စခန်းမျက်မြင်အခြေအနေဆိုပါက Zetor 6711/5911/GP အမျိုးအစား တစ်စီးလျှင် ငွေကျပ် ၁၆ သိန်းကျော်မှစ၍ စက်ရုံပြုပြင်ပြီး ဘီးလေးဘီးအသစ်လဲပြီး မျက်မြင်အခြေအနေ ဈေးနှုန်းမှာ ငွေကျပ် ၂၁ သိန်းဖြင့် လည်းကောင်း၊ နှစ်နှစ်အတွင်း သုံးရစ်ကျစနစ်ဖြင့် ပထမအရစ်တွင် ငွေကျပ်ကိုးသိန်းမှ ၁၂ သိန်းထိမှ စတင်၍လည်းကောင်း ရောင်းချပေးလျက်ရှိသည့်အပြင် လယ်ထွန်စက်၊ လက်တွန်းလယ်ထွန်စက်နှင့် အင်ဂျင်စက်အမျိုးမျိုးပြုပြင်သည့် သင်တန်းများကိုလည်း တစ်လတစ်ကြိမ် အခမဲ့သင်တန်းများပေးခြင်း၊ တောင်သူများ၏ လယ်ကွင်းများသို့အရောက် အခမဲ့စက်ပြင်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိ ရောင်းချလျက်ရှိသော လယ်ထွန်စက်အမျိုးအစားများမှာ ဇွဲ (ZWE)TN-800၊ ဇွဲ-6711/5911/GP နှင့် ဇီတော် ZETOR- 7011/7045/ SH- 654/ Massey Ferguson/ JD-2300၊ SH-50/SH-500၊ ZETOR-8011၊ JD-2300၊ (Sonalika Engine ပြောင်း)၊ JD-2800 အမျိုးအစား လယ်ထွန်စက်များဖြစ်ကြပြီး လက်ငင်းနှင့်အရစ်ကျနှစ်မျိုးဖြင့် ရောင်းချပေးလျက်ရှိသည်။

လယ်ထွန်စက်များအပြင် ထွန်စက်ထွန်သွားများကိုလည်း အမျိုးအစားအလိုက် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၁၀ သိန်းအတွင်းရှိ ထွန်သွားအမျိုးအစားများမှာ ၁၆ သွား ထွန်၊ ၁၈ သွားထွန်၊ သုံးသွား ထွန် 3-Disc Plough (Ransome)၊ သုံးသွားထွန် (GDR)၊ M/F အရှေ့ထယ်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

လယ်ယာထွက်ကုန်ကဏ္ဍမြင့်မားလာစေရန်နှင့် လယ်ယာသွင်းအားစုများကို ကောင်းမွန်စွာ ရရှိစေနိုင်ရန်အတွက်လည်းကောင်း၊ လယ်ထွန်စက်အသစ်များမှာ ရောင်းရန်လက်ကျန် မရှိတော့သဖြင့်လည်းကောင်း အိန္ဒိယနိုင်ငံ၊ ထိုင်း နိုင်ငံနှင့် ဥရောပနိုင်ငံများမှ လယ်ထွန်စက်အသစ်များကို တင်ဒါခေါ်ကာ ရွေးချယ်နေပြီး ဩဂုတ်လအတွင်း တောင်သူ လယ်သမားများထံသို့ ရောင်းချနိုင်ရန် စီစဉ်နေကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဝယ်ယူလိုသည့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံး စက်ပစ္စည်းအမျိုးမျိုးနှင့် ပတ်သက်၍ မြို့နယ်၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနများသို့လည်းကောင်း၊ နေပြည်တော်ရှိ စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)ဖုန်း- ၀၆၇-၄၃၁၂၁၅/၆၊ ၄၃၁၂၄၂၊ ၄၃၁၂၄၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်း-သန့်ဇင်ဝင်း**
**ဓာတ်ပုံ - ကျော်ရဲဆွေ**

## ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်ထိုးနှံ

**တန့်ယန်း ဇူလိုင် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးသည့် လုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ် (PCV) ထည့်သွင်းထိုးနှံခြင်း အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အတွင်း၌ PCV ဆေးကို ဇူလိုင်လပထမပတ်မှ စတင်၍ မြို့မရပ်ကွက်များနှင့် ကျေးရွာများ၌ လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းတွင် ထည့်သွင်းထိုးနှံပေးသွားမည့် အစီစဉ်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## အခြေခံအပ်ချုပ်စက်သင်တန်းဆင်း

**ရွှေကူ ဇူလိုင် ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းဖြစ်သည့် အပ်ချုပ်စက်သင်တန်း(၁/၂၀၁၆) ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က ပန်းတင်ကျေးရွာ မြသီတာဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလင်းက ကျေးလက်ဒေသရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အခြေခံအပ်ချုပ်စက်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**လဘန်အောင်(ကချင်မြေ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(မော်လမြိုင်)၏ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇွန်လနောက်ဆုံးပတ်က နည်းပညာတက္ကသိုလ်(မော်လမြိုင်)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၆၃ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဟောပြောပွဲ၌ ကညန(မော်လမြိုင်)မှ ပြည်နယ်ဦးစီးမှူး ဦးအေးသက်၊ စစ်ဆေးရေးမှူး(၂) ဦးမျိုးအောင်လင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ငွေးရွှေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောပြီး ပြည်နယ်ကညနနှင့်ယာဉ်ထိန်းတပ်ဖွဲ့တို့က ပညာပေးလက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

## နယ်ခြားချောင်းခေါ် (မြင်းကျ)ချောင်းအတွက် ရေကာတာပြုလုပ်ပေး

**တောင်သာ ဇူလိုင် ၂**

ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် မြင်းခြံ-ညောင်ဦးသွား လမ်းပိုင်းပေါ် မာလာကျေးရွာအနီး နယ်ခြားချောင်းခေါ် (မြင်းကျ)ချောင်းအတွင်းပိုင်း၌ ရေကာတာတည်ဆောက်မှုကို ဇွန် ၂၁ ရက်က စတင်လုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါချောင်းသည်ကျယ်ပြီး ရိုးရိုးရေကာတာတည်ဆောက်လျှင် ချောင်းရေကြီးသည့်အခါ မျောပါသွားနိုင်သောကြောင့် ချောင်း၏အလယ်တွင် မျောတိုင်စိုက် ကျောက်ရိုးစီ ပေးထားခြင်းဖြစ်ကြောင်း ရေကာတာသည် အလျားပေ ၅၀၀ ရှိပြီး အနံသုံးပေခွဲ ကျောက်ရိုးစီရေကာတာဖြစ်ကြောင်း သိရသည်။

"မိုးတွင်းအခါဆိုရင် ချောင်းကျရေကြောင့် ကားစတဲ့ စက်တပ် ယာဉ်မျိုးစုံဟာ ရေပြန်ကျမှတစ်ဖက်ကိုသွားလာလို့ရတာပါ။ အခုတော့ သက်ဆိုင်ရာမှ တာဝန်ရှိသူတွေက အခုလိုရေကာတာတည်ဆောက်ပေးတာကြောင့် သွားလာရေးအတွက် အဆင်ပြေတော့မှာပါ" ဟု အဆိုပါ ချောင်းအနီးရှိ မာလာကျေးရွာမှ ပြည်သူများက ပြောသည်။

**ကျော်ကျော်(မလှိုင်)**



**ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို နားလည်စေရန်နှင့် ယာဉ်တိုက်မှုလျော့နည်းစေရန်အတွက် ယာဉ်တိုက်မှု ဖြစ်စဉ်များ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းကို ဇူလိုင် ၁ ရက်က ဥတ္တရသီရိမြို့နယ် မင်းကုန်းအထက၌ ပြုလုပ်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ဒုတပ်ဖွဲ့ခွဲ(၁) ဥတ္တရသီရိမြို့နယ် တပ်ဖွဲ့စု(၃)မှ ဒုရဲအုပ်ငွေးလွင်(ခ)နေမျိုးသူရက အသိပညာပေးဟောပြောစဉ်။**

ကိုကိုရှုပ(နေပြည်တော်)

# တရုတ်နိုင်ငံတောင်ပိုင်းတွင် မြေပြို၍ ၁၁ ဦးသေဆုံးပြီး ပျောက်ဆုံးသူ ၁၂ ဦးရှိ



**ကွီရန် ဇူလိုင် ၂**

သောကြာနေ့က တရုတ်နိုင်ငံတောင်ပိုင်း ကွီကျိုးပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ ပမာဏအနည်းငယ်ကြီးမားသည့် မြေပြိုမှုကြောင့် လူ ၁၁ ဦး သေဆုံးပြီး ၁၂ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံနက် ၅ နာရီခွဲအချိန်ခန့်က တောင်ကုန်း မြေပြိုကျပြီး လူ ၃၀ ခန့် မြေစိုင်မြေခဲများအောက် နစ်မြုပ်ခဲ့ရသည်။ မြေပြိုမှုသည် သောကြာနေ့က ဘီကျီမြို့တော် ဒါဖန်းစီရင်စုရှိ ပီယန်ပိုကျေးရွာ၌ ဖြစ်ပွားခဲ့ပြီး လူခုနစ်ဦးကို မြေစိုင်မြေခဲများအောက်မှ ဆွဲထုတ်ခဲ့ရပြီး ၁၁ ဦးမှာ အခင်းဖြစ်ပွားသည့် နေရာ၌ပင် သေဆုံးခဲ့ကြောင်း ကျေးရွာအကြီးအကဲက ပြောပြခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးအင်အားစုများနှင့် တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသည့် လူ ၁၂ ဦးကို စက်ယန္တရားများအသုံးပြုကာ အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိသည်။

ဇွန် ၂၇ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းဝင်ရောက်မှုများကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတစ်ခွင်တွင် ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် သေဆုံးသူ ၃၄ ဦးရှိခဲ့ပြီး ပျောက်ဆုံးကျန်ရစ်သူများ ရှိနေသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

**(ဆင်ဟွာ)**

# မက္ကဆီကို ပဋိပက္ခအတွင်း ပိတ်ဆို့ခံရသည့် နေရာများသို့ စားနပ်ရိက္ခာပို့ဆောင်

**အိုဆာကာ ဇူလိုင် ၂**

မက္ကဆီကိုနိုင်ငံတောင်ပိုင်း အိုဆာကာပြည်နယ်အတွင်းရှိ ဆန္ဒပြကျောင်းဆရာများ၏ ဝန်းရံပိတ်ဆို့ထားမှုကြောင့် အစားအသောက်ခက်ခဲနေသည့်နေရာများသို့ စားနပ်ရိက္ခာပို့ဆောင်ရန် မက္ကဆီကိုလေတပ်အဖွဲ့က အစားအသောက်တန်ချိန်ပေါင်းများစွာကို လေကြောင်းဖြင့် တင်ဆောင်လာခဲ့သည်။

ကောက်ပဲသီးနှံတန်ချိန် ၁၀၈ ခန့်ကို စနေနေ့က တင်ဆောင်လာကြောင်း အာဏာပိုင်များက ပြောသည်။ အကဲဖြတ်စစ်ဆေးမှုစာမေးပွဲများကို မအောင်မြင်သည့် ဆရာများအား ဖယ်ရှားပစ်မည့် ဖက်ဒရယ်အာဏာပိုင်များ၏ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ဆန္ဒပြနေကြခြင်းဖြစ်ကြောင်း သိရသည်။

အိုဆာကာ၌ အဆိုပါပဋိပက္ခကြောင့် ဆန္ဒပြသူများနှင့် ရဲများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့်လက လူရှစ်ဦးသေဆုံးခဲ့သည်။

အစွန်းရောက် နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကြောင်းရှိခဲ့သည့် CNTE စုပေါင်းအဖွဲ့က အိုဆာကာရှိ လမ်းများနှင့် အခြားနေရာများကို ဇွန်လအစောပိုင်းကတည်းကစတင်ကာ ယခုတိုင်ပိတ်ဆို့ထားခဲ့ကြောင်း သိရသည်။

**(ဘီဘီစီ)**



# ဆားဘီးယားအနောက်ပိုင်းပစ်ခတ်မှု ငါးဦးသေဆုံး

**ဘယ်လ်ဂရိတ် ဇူလိုင် ၂**

ဆားဘီးယားအနောက်ပိုင်း ကော်ဖီဆိုင်တစ်ဆိုင်ကို သေနတ်ကိုင်လူတစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ဘယ်လ်ဂရိတ်နှင့် ကီလိုမီတာ ၈၀ ခန့်ဝေးသော ဇစ်တစ်တီရွာ၌ ပျော်ပွဲရွှင်ပွဲကျင်းပနေစဉ်အတွင်း ပစ်ခတ်မှုဖြစ်ပြီးနောက် ရဲတပ်ဖွဲ့က သံသယရှိသူကိုဖမ်းဆီးခဲ့ကြောင်း၊ ယင်းသံသယရှိသူမှာ ဇက်အက်စ် ဟုသိရပြီး အသက် ၃၀ ကျော်အရွယ်ဖြစ်ကြောင်း သိရသည်။ ဇက်အက်စ်ဆိုသူမှာ တရားမဝင်ပိုင်ဆိုင်ထားသော လက်နက်ဖြင့် ၎င်း၏ကွဲကွာနေသော ဇနီးဖြစ်သူနှင့် အခြားအမျိုးသမီးတစ်ဦးတို့ကို ပစ်ခတ်မှုပြုပြီးနောက် အခြားသူများကိုပစ်ခတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး နီဘော့ဂျ်ဆာ စတီဖန်နိုဗစ်က ဘယ်လ်ဂရိတ် ဘီ ၉၂ ရုပ်သံ၌ ပြောခဲ့သည်။

မနောလိုမှုက ထိုသို့ပစ်ခတ်မှုကို ဖြစ်စေခဲ့ကြောင်း၊ ၎င်းတွင် ရာဇဝတ်ပြစ်မှုဆိုင်ရာမှတ်တမ်းကင်းရှင်းကြောင်း၊ ၎င်းသည် အေးဆေးသောလူတစ်ဦးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပစ်ခတ်မှုဖြစ်ပြီးနောက် လူ ၂၂ ဦးကို ဆေးကုသခဲ့ရကြောင်း ဇရင်ဂျနင်မြို့ဆေးရုံမှ ညွှန်ကြားရေးမှူး ဂေါ်ဒန်နာကိုဆလော့ဗက်ကီက ပြောခဲ့သည်။ ခုနစ်ဦးမှာ စိုးရိမ်ရသောအခြေအနေရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၁၉၉၀ပြည့်လွန်နှစ်များတွင် တိုက်ပွဲများနှင့် ဆူပူအုံကြွမှုများဖြစ်ပေါ်ပြီးနောက် ဆားဘီးယားနှင့် ဘော်ကန်အနောက်ဘက်ဒေသများတွင် တရားမဝင်လက်နက် ထောင်ပေါင်းများစွာ ပျံ့နှံ့ခဲ့သည်။

တရားမဝင် လက်နက်အရေအတွက်ကို လျှော့ချရန် ဆားဘီးယားရဲတပ်ဖွဲ့က လက်နက်များပြန်အပ်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းကို နိုဝင်ဘာလအထိ ခွင့်ပြုပေးလျက်ရှိကြောင်း ဇွန် ၁ ရက်က ကြေညာခဲ့သည်။ မကြာမီနှစ်များက ဆားဘီးယားနိုင်ငံအတွင်းဖြစ်ပွားသော ပစ်ခတ်မှုများအပြီး ဇူလိုင် ၂ ရက်ကပစ်ခတ်မှုသည် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# တောင်တရုတ်ပင်လယ်အရေး ဆွေးနွေးမှုဖြင့် အဖြေရှာရန် ဖိလစ်ပိုင်အား တရုတ်တိုက်တွန်း

**ပေကျင်း ဇူလိုင် ၂**

တရုတ်က ဇူလိုင် ၁ ရက်တွင် တောင်တရုတ်ပင်လယ်အရေး ဖြေရှင်းရေး ဖိလစ်ပိုင်နိုင်ငံအား ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်မှုပြုလုပ်ရန် တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဟွန်လီက ဖိလစ်ပိုင် သမ္မတဒူးတာ့ထ်၏ မှတ်ချက်ကို တုံ့ပြန်သောအားဖြင့် ထိုသို့ပြောဆိုလိုက်ခြင်းဖြစ်သည်။

မည်သူနှင့်မျှ တိုက်ခိုက်မှုမလုပ်ချင်ဘူးဆိုသည်ကို ဘုရားသခင်အသိဆုံးဖြစ်ကြောင်း၊ ဆွေးနွေး၍ ပြေလည်သွားလျှင် အတိုင်းထက်အလွန် ပျော်ရွှင်စရာဖြစ်ကြောင်း ဒူးတာ့ထ်က ပြောသည်။ ဒူးတာ့ထ်အနေဖြင့် ရေကြောင်းအငြင်းပွားမှုကို တရုတ်နှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးလိုကြောင်း ယခင်က ပြောခဲ့ပြီးဖြစ်သည်။

ဒူးတာ့ထ်အနေဖြင့် တရုတ်နှင့် ပင်လယ်ရေကြောင်း အငြင်းပွားမှုဆိုင်ရာများကို ဆွေးနွေးပြီး အောင်မြင်သောဆက်ဆံရေးကို တည်ဆောက်ချင်ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ဒါကာရှိ စားသောက်ဆိုင်၌ ဖမ်းဆီးခံဓားစာခံ ၂၀ အနက် ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့

**ဒါကာ ဇူလိုင် ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ နိုင်ငံခြားသားများအကြား ရေပန်းစားသည့် စပိန်စားသောက်ဆိုင်တွင် ဘာသာရေးအစွန်းရောက်များဟု ယူဆရသော သေနတ်သမားများက ဝင်ရောက်ပစ်ခတ်ပြီး ဓားစာခံ ၂၀ ထက်မနည်း ဖမ်းဆီးထားရာ စနေနေ့က အဆိုပါအဆောက်အအုံ၌ ရဲတပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး ဓားစာခံ ၁၃ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

အပြန်အလှန်ပစ်ခတ်နေကြစဉ် သေနတ်သမားခြောက်ဦးသေဆုံးပြီး တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ရုပ်မြင်သံကြားအစီအစဉ်၌ ပြောကြားသည်။ ဓားစာခံများအားလုံးကို ကယ်ဆယ်နိုင်ရေးကြိုးပမ်းခဲ့သော်လည်း ၁၃ ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဓားစာခံများမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ဟု အလုံးစုံပြောကြားခြင်းမရှိသေးပေ။ ဓားစာခံတစ်ဦးမှာ ဂျပန်လူမျိုးဖြစ်ပြီး သေနတ်ဒဏ်ရာရရှိထားသဖြင့် ၎င်းအားကယ်ဆယ်ပြီးနောက် ဒါကာရှိဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဂျပန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

**(ရိုက်တာ)**



# တူရကီနိုင်ငံကို ကူးစက်တောက်လောင်ခဲ့သည့် ဆီးရီးယားပဋိပက္ခ၏ မငြိမ်းသောစစ်မီး

**ကလျာမိုးမြင့်**



အတာတပ်လေဆိပ်၌ ဗုံးခွဲတိုက်ခိုက်မှု (အိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဟုယူဆရသည့်) ဖြစ်ပွားပြီး ဖရိုဖရဲတွေ့မြင်ရသည့် လေဆိပ်မြင်ကွင်း

**အစ္စတန်ဘူလ် မြို့လယ်ကောင်မှာ ဖြစ်ပွားခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်မှုငါးခုနဲ့ အန်ကာရာမှာဖြစ်ခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်ခံရမှုလေးခုဟာ တူရကီမှာအကြမ်းဖက်တိုက်ခိုက်မှုက လွတ်အောင်ခုခံနိုင်တဲ့နယ်မြေမရှိဘူးဆိုတဲ့ အသိတစ်ခုကို ပေးခဲ့ပါတယ်။ နေရာတိုင်းလိုလို ရှေ့တန်းစစ်မျက်နှာများစွာရဲ့ ဦးတည်ပစ်မှတ်ထားခြင်းကို ခံနေရပါတယ်။ အိုင်အက်စ်အဖွဲ့ရဲ့ လက်ချက်လို့ ပြောဆိုနေကြတဲ့ တူရကီနိုင်ငံအတာတပ် လေဆိပ်ဗုံးခွဲတိုက်ခိုက်မှုဟာ ဆိုရင် တူရကီသမိုင်းကြောင်းမှာ အကြီးကျယ်ဆုံးထိခိုက်ခံရမှုတွေထဲက တစ်ခုဖြစ်ပါတယ်။ လေဆိပ်မှာရှိသမျှ တူရကီနိုင်ငံသားတွေကိုသာမကဘဲ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေကိုပါ ပစ်မှတ်ထားခဲ့တာဖြစ်ပြီး နှစ်တစ်နှစ်ရဲ့အစပိုင်းမှာတင် အစ္စတန်ဘူလ်မြို့ကို ကာ့ဒ်တိုက်ခိုက်ရေးသမားများနဲ့ အိုင်အက်စ်စစ်သွေးကြွများက တိုက်ခိုက်အနိုင်ပိုင်းခဲ့ပါပြီ။**

မတ်လ ၁၃ ရက်နေ့က လူ ၃၅ ဦးကိုသေစေခဲ့တဲ့ အသေခံကားဗုံးခွဲတိုက်ခိုက်မှု၊ ဖေဖော်ဝါရီ ၁၇ ရက်က လူ ၂၉ ဦးကိုသေစေခဲ့တဲ့ တပ်မတော်ယာဉ်တန်းအားပစ်မှတ်ထားတိုက်ခိုက်မှု၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလက ဘူတာရုံအပြင်ဘက်မှာ ဗုံးပေါက်ကွဲပြီး လူ ၁၀၀ ကျော်သေဆုံးခဲ့မှုစတဲ့ ဖြစ်ရပ်တွေက မြို့တော်အန်ကာရာကို သွေးရောင်လွှမ်းတဲ့ နေရာတစ်ခုအဖြစ် ရောက်ရှိစေခဲ့ပါပြီ။

မကြာသေးမီကာလအထိ ကာ့ဒ်သူပုန်တွေကြီးစိုးတဲ့ အရှေ့ပိုင်းနဲ့ အရှေ့တောင်ပိုင်းနယ်မြေတွေမှာ သွေးထွက်သံယိုတိုက်ပွဲတွေအများဆုံးဖြစ်ခဲ့ပါတယ်။ အဲဒီနေရာတွေဟာ တူရကီကြည်းတပ်များက ကာ့ဒ်အလုပ်သမားပါတီ (PKK)ကို ဆယ်စုနှစ်များစွာကြာအောင် စစ်ဆင်ရေးပြုလုပ်ခဲ့တဲ့နေရာတွေ ဖြစ်ပါတယ်။ အချက်အချာမြို့ကြီးတွေမှာဖြစ်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုများဟာ အထူးသဖြင့် ကာ့ဒ်မျိုးနွယ်စုပြည်သူ ဒီမိုကရက်တစ်ပါတီ (HDP)ကိုထောက်ခံသူများနဲ့ လက်ဝဲသမားများရဲ့ပါတီရုံး အဆောက်အအုံတွေကို ရည်ရွယ်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။

**တူရကီရဲ့ လုံခြုံစိတ်ချဖွယ်အနာဂတ်မျိုး မရှိတော့တဲ့အနေအထားက ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု အများဆုံးနိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ခဲ့ရာကနေ ဆုတ်ယုတ်စေခဲ့ပါပြီ**

တူရကီရဲ့လုံခြုံစိတ်ချဖွယ်အနာဂတ်မျိုးမရှိတော့တဲ့အနေအထားက ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု အများဆုံးနိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ခဲ့ရာကနေ ဆုတ်ယုတ်စေခဲ့ပါပြီ။ ဒီလိုအန္တရာယ်တွေကို စိုးထိတ်ရတဲ့အတွက် ပြင်သစ်နိုင်ငံမှာ နိုင်ငံခြားသားဧည့်သည် အဝင်အထွက်များတဲ့နေရာတွေကို အထူးသတိထားစောင့်ကြည့်ဖို့ နိုင်ငံသားတွေကို တိုက်တွန်းထားပါတယ်။ ဗြိတိန်မှာဆိုရင် နိုင်ငံခြားသားဧည့်သည်တွေလာရောက်လေ့လာလည်ပတ်တဲ့ နေရာမှန်သမျှ တိုက်ခိုက်မှုတွေ အချိန်မရွေးဝင်ရောက်လာနိုင်ကြောင်း သတိပေးထားပြီး အမေရိကန်မှာလည်း အလားတူသတိပေးနှိုးဆော်မှုတွေ ပြုလုပ်ထားပါတယ်။

ခုဆိုရင် တူရကီနိုင်ငံသားတွေကိုယ်တိုင် ဈေးဝယ်ထွက်ရမှာကို ကြောက်လန့်နေကြပြီး လဟာပြင်လိုနေရာတွေဆို မသွားရဲမလာရဲအောင် ဖြစ်နေကြပါတယ်။ "အကြမ်းဖက်မှုတွေ ဒီထက်ပိုများလာဦးမယ့် ကံကြမ္မာဂြိုဟ်ဆိုးကို ကျွန်တော်တို့ ကြုံမြင်နေရတယ်လို့ထင်တာပါပဲ" လို့ အန်ကာရာမြို့တော် ဘားစကန့်တက္ကသိုလ် ပါမောက္ခချုပ် မန်ဒရီဆီနာက သတိပေးပြောဆိုခဲ့ပါတယ်။



တူရကီနိုင်ငံဟာ ပဋိပက္ခဖြစ်ပွားမှုဒဏ်ကို ပြည်တွင်းမှာရော ဆီးရီးယားနယ်စပ်တစ်လျှောက်မှာပါ အလူးအလဲခံစားနေရပါတယ်။ ၂၀၁၄ ခုနှစ်မှာ တူရကီနိုင်ငံဟာ အိုင်အက်စ်အစွန်းရောက်အဖွဲ့ကိုနှိမ်နင်းဖို့ အမေရိကန်ရဲ့စစ်ဆင်ရေးကြိုးပမ်းမှုမှာပါဝင်မယ်လို့ သဘောတူညီခဲ့ပြီး အိုင်အက်စ်တို့က ဆီးရီးယားနဲ့ အီရတ်မှာရှိတဲ့ ၎င်းတို့ရဲ့ အခြေစိုက်တပ်စခန်းတွေကို နေတိုးမဟာမိတ်တပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်နေတာကို သိရှိခဲ့ပါတယ်။ အန်ကာရာမှာရှိတဲ့ အစိုးရနဲ့ကာ့ဒ်အလုပ်သမားပါတီ (PKK)တို့အကြား ပြည်တွင်းစစ်ဖြစ်ပွားနေခဲ့တာဟာလည်း ရာစုနှစ်တွေတောင် အတော်ကြာမြင့်ခဲ့ပါပြီ။

တိုက်ခိုက်ပစ်ခတ်မှုရပ်စဲရေးစာချုပ်ဟာလည်း တူရကီနဲ့ ကာ့ဒ်စစ်သွေးကြွတွေအကြားက စောဒကတက်မှုတွေကြောင့် အဆုံးသတ်လုနီးနီး အခြေအနေတွေကနေ ရပ်ဆိုင်းခဲ့ပါတယ်။ ပီကေကေအဖွဲ့ဟာ ညှိနှိုင်းဆွေးနွေးမှုတွေကို လက်ခံပေမယ့် လက်နက်ချမယ့်အနေအထား မရှိဘူးလို့ မီဒီယာတွေကဆိုပါတယ်။ ဒါပေမယ့် အဲဒီစာချုပ်ဟာ စူးရူးမြို့အရှေ့တောင်ပိုင်းမှာ ကာ့ဒ်လူငယ် ၃၂ ဦးနဲ့ လက်ဝဲသမားတွေ ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားတဲ့အချိန်ကစပြီး စာချုပ်ပျက်ပြယ်သွားခဲ့ပါတယ်။

အိုင်အက်စ်ဗုံးသမားတစ်ဦးရဲ့လက်ချက်လို့ယူဆရတဲ့ အဲဒီဗုံးခွဲတိုက်ခိုက်မှုဟာ အိုင်အက်စ် စစ်သွေးကြွအဖွဲ့ကြောင့် ထောင်းထောင်းကြေခဲ့ရတဲ့ ကိုဘိန်းမြို့ကို ပြန်လည်တည်ထောင်ဖို့ အကူအညီပေးမယ့် ဆီးရီးယားမြောက်ပိုင်းကိုဆက်လက်ဦးတည်ဖို့ ကြံရွယ်နေပါတယ်။ ဒီအချက်က ဆီးရီးယားပဋိပက္ခဟာ တူရကီကိုရောက်ရှိလာပြီဆိုတာကို ထင်းခနဲဖြစ်စေခဲ့ပါတယ်။

ပီကေကေအဖွဲ့က တူရကီဟာ ဆီးရီးယားနဲ့ အီရတ်မှာ ကာ့ဒ်စစ်သွေးကြွတွေရဲ့နယ်မြေကျူးကျော် တိုက်ခိုက်နေမှုတွေကိုရပ်စေဖို့ အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ရဲ့ကြိုးပမ်းမှုကို အောင်မြင်စေချင်နေတာဖြစ်တယ်လို့ စွပ်စွဲခဲ့ရာကနေ တူရကီတပ်ဖွဲ့ဝင်တွေနဲ့ စစ်သွေးကြွအဖွဲ့တွေကြား တိုက်ပွဲတွေစတင်ခဲ့ရပါတယ်။

ယခုနှစ်အတွင်းမှာပဲ တူရကီဟာ အရှေ့တောင်ပိုင်းမှာရှိသမျှမြို့ကြီးရော မြို့ငယ်တွေပါမကျန် ညမထွက်ရအမိန့်တွေ ထုတ်ပြန်ခဲ့ပါတယ်။ တူရကီနဲ့ ပီကေကေအဖွဲ့ဟာ ၂၀၁၃ ခုနှစ် ယာယီစစ်ပြေငြိမ်းမှုမစတင်မီအချိန်ကလို အခြေအနေမျိုးကို ပြန်လည်ရောက်ရှိသွားခဲ့ပါပြီ။

အတာတပ်လေဆိပ်မှာ ဖြစ်ပွားခဲ့တဲ့ အိုင်အက်စ်အဖွဲ့ရဲ့တိုက်ခိုက်မှုဟာ မတ်လအတွင်းက ဘရပ်ဆဲလ်လေဆိပ်မှာဖြစ်ခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်မှုကို အကြီးအကျယ် တုံ့ပြန်သတိပေးတပ်လှန့်လိုက်ခြင်းဖြစ်ပါတယ်။ ယနေ့အချိန်ထိ ပီကေကေအဖွဲ့ဟာ အရှေ့တောင်ပိုင်းမှာ အစိုးရဆန့်ကျင်တဲ့အကြမ်းဖက်တိုက်ပွဲများစွာကို ဆင်နွှဲခဲ့ပါတယ်။ ဒါပေမယ့် ပီကေကေရဲ့အစွယ်အပွားတစ်ခုဖြစ်တဲ့ ကာ့ဒ်လွတ်မြောက်ရေးအဖွဲ့(TAK)ဟာ ပီကေကေထက်တောင် သဘောထား တင်းမာခက်ထန်နေပြီး အန်ကာရာနဲ့ အစ္စတန်ဘူလ်ကို ဦးတည်ကာ ပိုပြီးရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုတွေ လုပ်ဆောင်နေပါတယ်။ တူရကီအစိုးရအနေနဲ့လည်း ဘယ်ဟာက ပီကေကေလဲ၊ ဘယ်ဟာက TAK ဆိုတာကိုခွဲခြားနိုင်စွမ်း မရှိတော့ပါဘူး။

TAK (ကာ့ဒ်လွတ်မြောက်ရေးအဖွဲ့)ဟာ နှစ်အနည်းငယ်ကြာတဲ့အထိ ဆိတ်ဆိတ်နေလာခဲ့ပြီးမှ ပျက်ပြယ်သွားတဲ့ ငြိမ်းချမ်းရေးစာချုပ်က အားသစ်လောင်းပေးလိုက်တဲ့အတွက် အရှေ့တောင်ပိုင်းမှာ ပဋိပက္ခတိုက်ပွဲတွေ ဆင်နွှဲဖို့ တစ်စခန်းထလာခဲ့ပြန်ပါတယ်။ ဆီးရီးယားပဋိပက္ခအတွင်းမှာ နှစ်ရှည်လများကြားညှပ်နေခဲ့ရတဲ့ တူရကီရဲ့အဖြစ်ဟာ ရင်လေးစရာပါ။

**ကိုးကား-ဘီဘီစီ (၂၉-၆-၂၀၁၆)**

# အမေရိကန် ဒရုန်း တိုက်ခိုက်မှုများအတွင်း အရပ်သား ရာကျော် သေဆုံး

**ဝါရှင်တန် ဇူလိုင် ၂**

အမေရိကန်အနေဖြင့် ပါကစ္စတန်၊ ယီမင်နှင့် အခြားနေရာများရှိ အကြမ်းဖက်သမားများကို ဆန့်ကျင်သည့် ဒရုန်းတိုက်ခိုက်မှုများအတွင်း အရပ်သား ၁၁၆ ဦးအထိ သေဆုံးခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောသည်။

နိုင်ငံတကာဝေဖန်မှုများကို တုံ့ပြန်သောအားဖြင့် အရပ်သားသေဆုံးမှုကို ပထမဆုံးအကြိမ်အဖြစ် အိုဘားမားအစိုးရက ဇွန် ၁ ရက်က ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ဒရုန်းတိုက်ခိုက်မှုများအပါအဝင် အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ၄၇၃ ခုပြုလုပ်ခဲ့ကြောင်း အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဂျိမ်းကလက်ပါက ၎င်းအစီရင်ခံစာတွင် ပြောခဲ့သည်။

အမေရိကန်ကာကွယ်ရေးဌာနနှင့် စီအိုင်အေတို့သည် ပါကစ္စတန်၊ ယီမင်၊ ဆိုမာလီယာနှင့် လစ်ဗျားတို့ကို ဦးတည်ချက်ထား၍စစ်တမ်းကောက်ခဲ့ခြင်းဖြစ်သည်။ ယင်းစစ်တမ်းတွင် အီရတ်၊ ဆီးရီးယားနှင့် အာဖဂန်နစ္စတန်တို့ မပါဝင်သေးကြောင်း သိရသည်။

ခုနစ်နှစ်ကြာတိုက်ခိုက်မှုအတွင်း ခန့်မှန်းခြေတိုက်ခိုက်ရေးသမား ၂၃၇၂ ဦးမှ ၂၅၈၁ ဦးအထိ သုတ်သင်နိုင်ခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ ပါကစ္စတန်တစ်နိုင်ငံတည်းတွင် ဒရုန်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၄၀၀ ကျော်သေဆုံးခဲ့ကြောင်း အမေရိကန်အစီရင်ခံစာတွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**

ရန်ကုန်မြို့ပြရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

**ရန်**ကုန်မြို့သည် ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအမွေအနှစ်များစုဝေးရာနေရာတစ်ခုဖြစ်ပြီး မြို့လယ်ကောင်ရှိ အဆောက်အအုံများသည် ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့စဉ် အတိတ်ကာလ ရန်ကုန်၏ ပုံရိပ်များကို ထင်ဟပ်ပြသရာလည်း ဖြစ်သည်။ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများစွာတို့သည် အသစ်ပေါ်ထွက်လာသည့် ခေတ်မီအဆောက်အအုံများအကြားတွင် မှေးမှိန်ပျောက်ကွယ်လုမတတ်ဖြစ်နေရပြီး ယင်းတို့ကို ပြန်လည်ဖော်ထုတ်ခြင်းနှင့် ကောင်းမွန်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများပေးအပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် အခြားသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက အားကြိုးမာန်တက် စုပေါင်းအဖြေရှာလျက်ရှိသည်ကို မြင်တွေ့ရသည်။

# အပြောင်ရောင်ကမ္ပည်းတပ်ဆင်ခွင့်ရထားသည့် နှစ်ပေါင်း ၁၀၂နှစ် သက်တမ်းရှိ အိန္ဒိယသံရုံးအဆောက်အအုံ

ဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- YHT




ထိုသို့ဆောင်ရွက်မှုများအနက်မှ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဆောင်ရွက်မှုတစ်ခုဖြစ်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုပေါ်တွင် ရန်ကုန်မြို့ပြ အမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းကို ပြီးခဲ့သည့်လအတွင်း ပြုလုပ်ခဲ့ရာ ၁၂ ခုမြောက်နှင့် ၁၃ ခုမြောက် အပြာရောင်ကမ္ပည်းပြားတို့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနှင့် မတ်စ်မီးယားရေရှု အာဂျူးဘုရားကျောင်းတို့တွင် တပ်ဆင်ပေးခဲ့သည်။

၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးပြီးစီးချိန်မှစတင်ကာ အင်္ဂလိပ်တို့သည် ရခိုင်နှင့်တနင်္သာရီတို့ကို စတင်သိမ်းပိုက်ခဲ့ပြီး ၁၈၅၇ ခုနှစ် ဒုတိယစစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအချိန်မှစတင်ကာ အင်္ဂလိပ်တို့သည် ရန်ကုန်မြို့ကို စီးပွားရေးမြို့တော်အဖြစ်သတ်မှတ်ကာ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့ကြသည်။ ၁၈၈၅ နှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး သိမ်းပိုက်နိုင်ခဲ့သည့်အချိန်တွင်မူ ရန်ကုန်မြို့သည် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းများ အခြေစိုက်ဖွင့်လှစ်မှု ပိုမိုများပြားလာခဲ့ပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ စုဝေးရာ ဆိပ်ကမ်းမြို့ကြီးဖြစ်လာခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် အိန္ဒိယအစိုးရ၏ လက်အောက်ခံအဖြစ်ထားရှိခဲ့ပြီး အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံးကို အိန္ဒိယအစိုးရက ချုပ်ကိုင်ခဲ့သည့်နည်းတူ စီးပွားရေးလုပ်ငန်းအများစုသည်လည်း အိန္ဒိယမှ လုပ်ငန်းခွဲများကို အများဆုံးမြင်တွေ့ရသည်။ အထူးသဖြင့် ၁၈၈၆ခုနှစ်မှ ၁၉၃၇ခုနှစ်အထိ ကာလများတွင် အိန္ဒိယမှ လုပ်ငန်းခွဲပေါင်းများစွာသည် ရန်ကုန်မြို့သို့ လာရောက်နေရာယူထားသည်ကို မြင်တွေ့ရသည်။

ထိုလုပ်ငန်းများအနက် မြန်မာနိုင်ငံသို့ လာရောက်အခြေပြုကာ ရင်းနှီးမြှုပ်နှံကြသည့် ဥရောပတိုက်သားကုန်သည်များအတွက် အာမခံလုပ်ငန်းတစ်ခုသည် ၁၉၁၄ ခုနှစ်အတွင်းက ပေါ်ထွက်လာခဲ့သည်။ အဆိုပါလုပ်ငန်းသည် Oriental Life Assurance Building ဖြစ်ပြီး အရှေ့တိုင်းအသက်အာမခံအဆောက်အအုံ ရန်ကုန်အဖြစ် ၁၉၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ငါးထပ်အဆောက်အအုံဖြစ်သည့် အားလျော်စွာ ရိုးရှင်းသည့်ဒီဇိုင်းနှင့် ကောင်းမွန်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ယနေ့တိုင် ခမ်းနားသစ်လွင်ဆဲ မြင်တွေ့ရသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံသည် နှစ်ပေါင်းများစွာကတည်းက ထူးခြားသည့် ကူးလူးဆက်ဆံမှုရှိခဲ့ပြီး ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုများမှတစ်ဆင့် ခေတ်မီသည့်နိုင်ငံများအဖြစ် အတူတကွ ရောက်ရှိခဲ့ကြသည်ဟု အဆိုပါအဆောက်အအုံကို ရှေးဟောင်းမြို့ပြအမွေအနှစ် အထိမ်းအမှတ်တံဆိပ်ကပ်နှိပ်သည့် သတင်းထုတ်ပြန်ချက်အတွင်းတွင် ဆိုထားသည်။



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းပေါ်ရှိ အဆိုပါအဆောက်အအုံကြီးသည် လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးအဖြစ် ရပ်တည်လာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၆၀ နီးပါး ရှိခဲ့ပြီဖြစ်ပြီး မူလတည်ဆောက်ခဲ့သည့် ခုနှစ်အရ နှစ်ပေါင်း ၁၀၂ သက်တမ်းအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်။

"အိန္ဒိယ-မြန်မာ နှစ်နိုင်ငံစလုံးနဲ့သက်ဆိုင်တဲ့ အမွေအနှစ် အဆောက်အအုံများစွာ ရန်ကုန်မြို့လယ်မှာ ရှိပါတယ်။ ဥပမာ-ရာဘင်ဒြာနသ်တဂိုး၊ မဟတ္တမဂန္ဒီနဲ့ ပန်ဒစ်နေရူးတို့ ၂၀ ရာစုဆန်းပိုင်းက အကြိမ်ကြိမ်လာခဲ့တဲ့ ခရီးစဉ်တွေနဲ့ ပတ်သက်တဲ့နေရာတွေပေါ့။ အိန္ဒိယသံရုံးနဲ့ သံအမတ်ကြီးတို့ဟာ YHT ကို လေးလေးနက်နက် ထောက်ခံအားပေးခဲ့ကြတာဖြစ်တဲ့အတိုင်း နောင်မှာလည်း ခိုင်မာတဲ့ပူးပေါင်းမှုတွေဆက်လက်လုပ်သွားဖို့ မျှော်လင့်တယ်"ဟု ဦးသန့်မြင့်ဦးက သတင်းထုတ်ပြန်ချက်တွင် ပြောကြားထားပြီး အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းလုပ်ငန်းများတွင် ပထမဆုံး တပ်ဆင်ခြင်းခံရသည့် အိန္ဒိယအမွေအနှစ်အဆောက်အအုံတစ်လုံးဖြစ်ကြောင်း သိရှိရသည်။

၁၉၉၀ ပြည့်လွန်နှစ်များမှ ၂၀၀၀ ပြည့်နှစ်အထိ ယင်းအဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ အိုရီယန်တယ်အသက်အာမခံကုမ္ပဏီ၏ မူလအမှတ်တံဆိပ်ကို ယနေ့တိုင်မြင်တွေ့နိုင်ပြီး မူလက ကာလကတ္တားမြို့အခြေစိုက် အိုရီယန်တယ် အာမခံကုမ္ပဏီ၏ ရုံးခန်းအဖြစ် ၁၉၁၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်မှစတင်ကာ အိန္ဒိယသံရုံးအဖြစ်အသုံးပြုခဲ့သည်ဟူသည့်စာသားရေးထိုးထားသည့် အပြာရောင်ကမ္ပည်းကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ခင်မင်ရင်းနှီးမှုဆိုင်ရာ သဘောတူညီချက်ကို ၁၉၅၁ ခုနှစ် ဇူလိုင်လကတည်းက လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး ၁၉၅၇ ခုနှစ်တွင် အိန္ဒိယလူမျိုး ဒေါက်တာအမ်အေရအော်(ဖ်)သည် ပထမဆုံးအိန္ဒိယသံအမတ်ကြီးဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတွင် စတင်ရုံးထိုင်ခဲ့ရာ ယနေ့ဆိုရင် ၂၁ ဦးမြောက် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး ရှရီဂေါ်တမ် မူခိုပါဒယလက်ထက် အထိပင်ရှိလာပြီဖြစ်သည်။

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းပေါ်ရှိ အဆိုပါ အဆောက်အအုံကြီးသည် လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးအဖြစ် ရပ်တည်လာခဲ့သည်မှာ ယနေ့ဆိုပါက နှစ်ပေါင်း ၆၀ နီးပါးရှိခဲ့ပြီဖြစ်ပြီး မူလတည်ဆောက်ခဲ့သည့် ခုနှစ်အရ နှစ်ပေါင်း ၁၀၂ သက်တမ်းအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်**



ခရီးသွားဆောင်းပါး

# ရောင်ခြည်ဦးအလှများ ဝေ့ဝဲနေသည့် မြို့သံတွဲ



သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**သံတွဲမြို့သို့ ကျွန်တော်တို့ရောက်ချိန်မှာ ည ၉ နာရီရှိပြီ။ တောင်ကုတ်မြို့မှ ညနေ ၃ နာရီထွက်သော ကားကပျက်နေသဖြင့် သံတွဲမြို့ကို နောက်ကျပြီးမှ ရောက်လာခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် သံတွဲမြို့က နာမည်ကြီးပြီး ငပလီကမ်းခြေကြောင့် ခရီးသွားများအလာများကာ မျက်နှာပန်းပွင့်သောမြို့လည်းဖြစ်သည်။ သာယာလှပသော သံတွဲမြို့သို့ရောက်ရောက်ချင်း လှပသောမြင်ကွင်းများကို တစ်ဝကြီး မြင်တွေ့ရတော့မည်ဟူသော စိတ်ကူးကို ကားပျက်ခြင်းက ချေဖျက်ပစ်လိုက်ရာ သံတွဲမြို့ရောက်ချိန်တွင် မြင်ကွင်းက အမှောင်လွှမ်းနေပြီ ဖြစ်သည်။ နာမည်ကျော် သံတွဲမြို့က ကျွန်တော်တို့ရောက်ချိန်တွင် တိတ်ဆိတ်စ၊ အိပ်စက်စပြုပြီ။**

တည်းခိုရာသို့ရောက်ပြီး သံတွဲမြို့အကြောင်းတွေးမိသည်။ သံတွဲမြို့ကို ပထမဦးဆုံးတည်ထောင်ခဲ့သောမင်းမှာ ဝဏ္ဏပဏ္ဏာဝ မင်းဖြစ်သည်ဟု ရခိုင်မှတ်တမ်းများက ဆိုသည်။ ထို့နောက် မင်းဆက်ပျက်ပြီး ကောရမ္မမင်းက တိုင်းပြည်သစ်ရှာဖွေရာ ဒွါရာဝတီမြို့ဟောင်းကိုတွေ့ရှိကာ မြို့အမည်ကို ဒွါရာဝတီမြို့ဟု အမည်ပေးပြီး ပထမမင်းစောအမည်ဖြင့် တည်ထောင်အုပ်စိုးခဲ့သည်။ မင်းစောကိုးဆက်ရှိခဲ့ပြီး မြို့ကိုရန်သူများ လာရောက်တိုက်ခိုက်တိုင်း မြို့စောင့်ဘီလူးက ကျောက်မြင်းရုပ်ကိုဟီးစေပြီး မြို့ကို မိုးပေါ်ပျံတက်ကာ အကာအကွယ်ပေးသဖြင့် ရန်ကင်းဝေးခဲ့သည်ဟုဆိုသည်။ နောက်ပိုင်း ဝါသုဒေဝ၊ ဗလဒေဝစသည့် ညီနောင်တစ်ကျိတ်တို့က ဒွါရာဝတီမြို့ကို သိမ်းပိုက်ရန် ဂဏ္ဍာဒီပရသေ့ထံမှ အကြံဉာဏ်ဖြင့် မြို့၏အရပ်လေးမျက်နှာတွင် သံတံတင်းများစွဲကာ ပျံတက်၍မရအောင်ပြုလုပ်ပြီး သိမ်းပိုက်ခဲ့သဖြင့် နောက်ပိုင်းတွင်သံတွဲမြို့ဟု အမည်တွင်ခဲ့ကြောင်း ဖတ်မှတ်လေ့လာခဲ့ဖူးသည်များကို ပြန်သတိရမိသည်။

နောက်နေ့ နံနက်စောစောမှာပင် သံတွဲမြို့အတွင်း လိုက်လံလေ့လာခဲ့သည်။ သံတွဲမြို့က ခရိုင်မြို့ဖြစ်သလို ခရိုင်ရုံးနှင့်မြို့နယ်ရုံးများစိုက်ရာမြို့လည်းဖြစ်သည်။ သံတွဲမြို့လမ်းများက ကောင်းမွန်သော်လည်း အချို့လမ်းများက အဆင့်မြှင့်တင်ရန်လိုအပ်နေသည်ကို တွေ့ရသည်။ မြို့ပေါ်ရပ်ကွက်ပေါင်း (၈)ရပ်ကွက်ရှိပြီး သံတွဲမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စုနှင့် ကျေးရွာပေါင်း ၂၄၄ ရွာဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ သံတွဲမြို့နယ်၏ ထူးခြားမှုမှာ မြို့နယ်အတွင်း သံတွဲမြို့နှင့် ငပလီမြို့တို့ရှိနေခြင်းပင်ဖြစ်သည်။ သံတွဲမြို့နယ်သည် မြန်မာနိုင်ငံ အနောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၃၆၀ ဒသမ ၁၆ မိုင်ကျယ်ဝန်းကာ အရှေ့မှအနောက်သို့ ၂၈ ဒသမ ၃၃ မိုင်နှင့် တောင်မှမြောက်သို့ ၄၈ မိုင် ရှည်လျားကြောင်း သိရသည်။

သံတွဲမြို့နယ်က အဖြူရောင်နယ်မြေဖြစ်ပြီး တည်ငြိမ်အေးချမ်းသည်။ သံတွဲမြို့ကလည်း ထင်ရှားသော ဆံတော်၊ အံတော်၊ နံတော်စေတီများတည်ရှိရာ ထူးခြားမှုရှိနေသည်။ ကျွန်တော်တို့ သံတွဲမြို့(၂)ရပ်ကွက် ရွှေကျောင်းပြင်ရွာအနီးတွင် တည်ရှိသော နံတော်စေတီသို့သွားရောက်ဖူးမြော်ရန်ထွက်လာခဲ့သည်။ စေတီတော်တည်ထားရာ တောင်ပေါ်အထိ ကတ္တရာလမ်းခင်းထားရာ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် တက်ရောက်ရန် အဆင်ပြေသည်။ တောင်ပေါ်ရောက်သည်နှင့် အဝင်မုခ်ဦးဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်နှင့် နံတော်စေတီကို ရွှေရောင်ဝင်းပစွာ ဖူးတွေ့ရသည်။ **(ဝဲပုံ)**ရင်ပြင်တော်တွင် ကြွေပြားများခင်းထားပြီး အပူခံကော်ဇောကိုခင်းပေးထားသဖြင့် လှည့်လည်ဖူးမြော်ရသူ ဘုရားဖူးများအဆင်ပြေစေသည်။ နံတော်စေတီကို ဦးချဖူးမြော်ရင်း ဗုဒ္ဓမြတ်စွာဘုရား၏ နံတော်ဓာတ်ကိုရယူပြီး ဌာပနာသွင်းကာ စေတီတည်ထားခြင်းဖြစ်သည်။

သက်ကြီးရွယ်အိုများအတွက် တက်ရောက်ဖူးမြော်နိုင်ရန် ဓာတ်လှေကားတပ်ဆင်ပေးထားသဖြင့် အဆင်ပြေသည်ကို တွေ့ရသည်။ ဓာတ်လှေကားတန်ဆောင်းမှ သံတွဲမြို့ဝန်းကျင်ကို အပေါ်စီးမှမြင်ရသည်။ မြစ်၊ ချောင်းများ၊ တောင်ကုန်း၊ တောင်တန်းများဝန်းရံကာဆီးထားသည့် ချိုင့်ဝှမ်းဒေသတစ်ခုလိုဖြစ်နေသည်။ ရခိုင်ရိုးမတောင်တန်း၊ တောင်စွယ်များကို တောင်မြောက်သွယ်တန်းလျက်တွေ့မြင်ရသည်။ စိမ်းစိုသောမြင်ကွင်း၊ အေးမြငြိမ်းချမ်းသောသွင်ပြင်များက မြင်သမျှအေးချမ်းမှုအတိ ပြီးလေသည်။ သံတွဲချောင်း၊ သူဌေးချောင်းတို့ကလည်း သံတွဲမြို့နယ်အတွင်းရစ်ခွေစီးဆင်းနေရာ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းတို့က အဓိကအသက်မွေးဝမ်းကျောင်းပြုရာအဖြစ် တွေ့မြင်ရသည်။

ရှုခင်းကြည့်ရာနေရာမှ သံတွဲမြို့၏ အပေါ်စီးမှမြင်ကွင်းကို ဓာတ်ပုံမှတ်တမ်းစိတ်တိုင်းကျ ရိုက်ယူမိသည်။ စိမ်းစိုသော သစ်ပင်များကြားမှ နေအိမ်အဆောက်အအုံများထိုးထွက်နေမှုကို အပေါ်စီးမှမြင်တွေ့ရသည်မှာ ပန်းချီကားတစ်ချပ်လို လှပလွန်းနေသည်။ လယ်ယာမြေ၊ မြစ်ချောင်း၊ တောင်တန်းများနှင့် ဘင်္ဂလားပင်လယ်အော်တို့က သံတွဲမြို့သူမြို့သားများအတွက် သဘာဝကပေးထားသော အကောင်းဆုံးလက်ဆောင်များပင်ဖြစ်သည်။ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများရှိသလို ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများလည်း ပေါ်များသည်။ ငါးပိ၊ ငါးခြောက်များထွက်ရှိရာမြို့နယ်လည်းဖြစ်သည်။ သံတွဲမြို့နယ် အနောက်ဘက်သည် ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်နေပြီး ကမ်းရိုးတန်းမိုင် ၁၂၈ မိုင်ရှိကာ ရေပြင်ပိုင်နက် ၁၂ မိုင်အထိရှိသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ၁၈ ပေခန့်တွင်တည်ရှိပြီး သံတွဲမြို့နယ်အတွင်း အမြင့်ဆုံးတောင်မှာ တောင်နီတောင်ဖြစ်ကာ အမြင့်ပေ ၄၃၀၀ ကျော်ရှိကြောင်း သိရသည်။ သံတွဲမြို့နယ်နှင့်ပတ်သက်သည့်အတွေးကိုဖြတ်ကာ ပြန်ဆင်းရန်ပြင်ဆင်ရသည်။

နံတော်စေတီတောင်ပေါ်မှ ကျွန်တော်တို့ ပြန်ဆင်းခဲ့ကြသည်။ မော်တော်ယာဉ်အသွားအလာရှင်းသော ကားလမ်းအတိုင်း သံတွဲမြို့တွင်း ပြန်လာခဲ့သည်။ ဒွါရာဝတီဈေးဟူသော သံတွဲမြို့မဈေးသို့ သွားရောက်ခဲ့သည်။ ဒွါရာဝတီဈေးက အရောင်းအဝယ်စည်ကားသည်။ ဒေသထွက်ကုန်များက ဈေးနှုန်းချိုသာပြီးလတ်ဆတ်သည်။ ငါးမုန့်နှင့်ပုစွန်ခြောက်များက အဓိကဒေသထွက်ကုန်များဖြစ်၍တန်သည်။ ဈေးအတွင်းရောင်းသူဝယ်သူများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။ အဝတ်အထည်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မုန့်မျိုးစုံ၊ အဝတ်အထည်များကို တွေ့ရသည်။ သူဖောက်သည်နှင့်သူရခိုင်သံဝဲဝဲဖြင့် ဈေးရောင်း ဈေးဝယ်ဖြစ်ကြသည်။ သံတွဲမြို့သို့ရောက်တိုင်း ရခိုင်ပြည်နယ်ပြန်လက်ဆောင် ငါးမုန့်၊ ပုစွန်ခြောက်၊ ငါးခြောက်များကို ဒွါရာဝတီဈေးမှပင်ဝယ်ကြသည်က များလေသည်။

ကျွန်တော်တို့ ဒွါရာဝတီဈေးမှ သံတွဲမြို့တော်ခန်းမတည်ဆောက်နေမှုကို သွားရောက်လေ့လာခဲ့သည်။ အမှတ်(၂)ရပ်ကွက်ဗိုလ်ချုပ်လမ်းပေါ်တွင်တည်ဆောက်နေသော မြို့တော်ခန်းမမှာရာနှုန်းပြည့်နီးပါးပြီးစီးနေပြီကိုတွေ့ရသည်။ အချောသတ်လုပ်ငန်းအဆင့်သာ ကျန်ရှိနေတော့ရာ မကြာမီ သံတွဲမြို့၏ အထင်ကရအဆောက်အအုံတစ်ခုအဖြစ် မြင်တွေ့ရတော့မည်ဖြစ်သည်။ အလျားပေ ၁၄၀၊ အနံပေ ၆၀ နှင့် အမြင့် ၂၆ ပေရှိသော အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်သော်လည်း သံတွဲမြို့တော်ခန်းမက ထည်ထည်ဝါဝါတည်ရှိနေသည်။ ပြီးစီးသွားပါက ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဟောပြောပွဲ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ ကျင်းပနိုင်တော့မည်ဟု တွေးမိသည်။

ကျွန်တော်တို့မြို့တော်ခန်းမတည်ဆောက်နေမှုကို ကြည့်ရှုလေ့လာပြီးနောက် သံတွဲမြို့ အမှတ်(၈)ရပ်ကွက်တွင် တည်ထားသောအံတော်စေတီရှိရာသို့ ထွက်လာခဲ့ကြသည်။ သံတွဲမြို့တွင် ဗုဒ္ဓဘုရား၏ နံရိုးတော်ကို ဌာပနာသွင်း စေတီတည်ထားသော နံတော်စေတီ၊ မြတ်စွာဘုရား၏အံတော်ကို ဌာပနာသွင်းတည်ထားသော အံတော်စေတီနှင့် မြတ်စွာဘုရား၏ဆံတော်ကို ဌာပနာသွင်းတည်ထားသည့် ဆံတော်စေတီများရှိနေရာ ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။ ကျွန်တော်တို့ သံတွဲမြို့ (၈)ရပ်ကွက်ရှိ ဝါသုရတောင်ပေါ်တွင် တည်ထားသောအံတော်စေတီသို့ ရောက်ရှိခဲ့ကြသည်။ စေတီတော်တစ်ခုလုံး ရွှေချပူဇော်ထားရာ ကြည်ညိုသပ္ပာယ်စရာအတိဖြစ်သည်။ အံတော်စေတီကို ကောဇာသက္ကရာဇ် ၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် သံတွဲမြို့စား ဓမ္မသူရအမတ်ကြီးက ရခိုင်ဘုရင်သူရိယစက္ကမင်းကြီး၏ ညွှန်ကြားမှုဖြင့် အံတော်စေတီကို တည်ထားခဲ့ခြင်းဖြစ်သည်။ အံတော်စေတီ၏ မူလအမြင့်မှာ သုံးတောင်၊ နှစ်မိုက်လေးသစ်ခန့်သာရှိခဲ့သော်လည်း နောက်ပိုင်းမင်းအဆက်ဆက် ၁၁ ဆက်က စေတီအားအဆင့်ဆင့်ငုံပြီး တည်ထားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးတည်ခဲ့သော စန္ဒသုဓမ္မမင်းကြီးနှင့် မိဖုရားကြီး ရတနာဟိယတို့မှ ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်သည်။ အေးချမ်းတိတ်ဆိတ်ပြီး ကြည်ညိုဖွယ်ရာအံတော်စေတီကို ဦးချဖူးမြော်ရင်းသံတွဲသူ၊ သံတွဲမြို့သားတို့ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များ ဌာပနာပြုတည်ထားရာ စေတီများကို အနီးကပ်ဖူးမြော်ထိတွေ့ခွင့်ရခြင်းမှာ ကံကောင်းခြင်းတစ်ရပ်အဖြစ် မှတ်ယူရမည်ဟုလည်း တွေးနေမိသည်။

အံတော်စေတီ၌ အတန်ကြာလေ့လာဖူးမြော်ပြီးနောက် သံတွဲမြို့တွင်းသို့ ပြန်လာခဲ့ကြသည်။ သံတွဲမြို့တွင်း၌ အဓိကလမ်းများမှာ ဗိုလ်ချုပ်လမ်း၊ မာဃလမ်း၊ ဘုရင့်နောင်လမ်း၊ မဟာဗန္ဓုလလမ်းတို့ရှိနေပြီး အထပ်နိမ့်အိမ်များ တွေ့ရသော်လည်း သပ်သပ်ရပ်ရပ်ရှိနေသည်ကို မြင်ရသည်။ ငပလီမြို့ဘက်သို့သွားသော ဘုရင့်နောင်လမ်းမှာ နိုင်လွန်ကတ္တရာခင်းထားသလို ဗိုလ်ချုပ်လမ်းနှင့် မာဃလမ်းတို့မှာလည်း နိုင်လွန်ကတ္တရာခင်းထားသဖြင့် သွားလာရေးအဆင်ပြေသည်။ တောင်ကုတ်နှင့် သံတွဲမြို့များကို ဆက်သွယ်ထားသည့် ရွှေလှေတံတားတည်ဆောက်ထားသလို ဒွါရာဝတီတံတားလည်းရှိသည်။ သံတွဲ-ဂွမြို့များသို့ ဆက်သွယ်ထားသော ကားလမ်းပေါ်တွင် ပုဇွန်ဖျော်တံတားနှင့် ကျောက်ကြီးတံတားတို့တည်ရှိနေရာ သံတွဲမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောမြို့နယ်အဖြစ်လည်း တွေ့မြင်ရသည်။ သံတွဲမြို့အဝေးပြေးဂိတ်အတွင်း ခရီးသည်တင်အဝေးပြေး ကားကြီးများ ဝင်ထွက်ရပ်နားနေကြသည်ကိုလည်း မပြတ်တမ်းတွေ့ရသည်။ သံတွဲမြို့မှ နံနက် ၅ နာရီခန့်ထွက်သော အဝေးပြေးအထူးဘတ်စ်ကားကြီးများသည် ရန်ကုန်မြို့သို့ နေ့ချင်းပေါက်မောင်းနှင်နိုင်နေပြီဖြစ်ရာ ရန်ကုန်နှင့်သံတွဲသည် ခရီးမဝေးတော့။

ကျွန်တော်တို့ သံတွဲမြို့တွင်းမှ ငပလီကမ်းခြေဘက်သို့ ထွက်လာခဲ့ကြသည်။ ငပလီကမ်းခြေက ကမ္ဘာကျော်အပန်းဖြေကမ်းခြေဖြစ်ရာ တစ်ကြိမ်မျှမရောက်ဖူးသေးသော ကျွန်တော့်အတွက် စိတ်လှုပ်ရှားစရာကောင်းနေသည်။ နိုင်ငံတကာမှလာရောက်သော ကမ္ဘာလှည့်ခရီးသွားများအတွက် သဘာဝအတိုင်း အပန်းဖြေစရာအကောင်းဆုံးကမ်းခြေအဖြစ် အသိအမှတ်ပြုထားသော ကမ်းခြေလည်းဖြစ်သည်။ သံတွဲ-ငပလီကားလမ်းကကျယ်ဝန်းပြီး နိုင်လွန်ကတ္တရာခင်းထားသဖြင့် သွားလာရေးအဆင်ပြေကာ လေးမိုင် ငါးဖာလုံခန့်သာဝေးသဖြင့် မိနစ်ပိုင်းအတွင်း ငပလီကမ်းခြေသို့ ရောက်ရှိလာလေသည်။



သံတွဲမြို့ကို စိမ်းစိုသောသစ်ပင်များကြားမှ နေအိမ်အဆောက်အအုံများထိုးထွက်နေမှုကို အပေါ်စီးမှမြင်တွေ့ရစဉ်

ပြာလဲ့သောရေပြင်၊ ဖြူဖွေးသောလှိုင်းခေါက်များ၊ အဆုံးမမြင်ရသော ဘင်္ဂလားပင်လယ်အော်၊ သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေတို့ကြောင့် တစ်ခဏအချိန်အတွင်း၌ပင် သီးခြားကမ္ဘာသို့ ရုတ်ခြည်းရောက်ရှိသွားသလို ခံစားလိုက်ရသည်။ တူရူမြင်ကွင်းတစ်လျှောက် ဟင်းလင်းပြင်ဖြစ်နေသော ပင်လယ်မြင်ကွင်းက စိမ်းညို့နေသော ကျွန်းငယ်အချို့၊ ငါးဖမ်းထွက်နေသော ရေယာဉ်ငယ်အချို့ကြောင့် ကာရန်လှပသောကဗျာ၊ သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်လို ခံစားရသည်။



ငပလီကမ်းခြေအလှကို တွေ့ရစဉ်

ငပလီကမ်းခြေသဲသောင်ပြင်ပေါ် လမ်းလျှောက်ရင်း ဆားဓာတ်ပါသော ပင်လယ်လေကို တစ်ဝကြီးရှူရှိုက်နေမိသည်။ ခန္ဓာကိုယ်ကျန်းမာရေးကို အထောက်အကူပြုသော ပင်လယ်လေကို မြို့ကြီးပြကြီးများတွင် မရနိုင်၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များရောပြွမ်းနေသော မသန့်ရှင်းသည့် လေများကိုသာ နေ့စဉ်ရှူရှိုက်နေရသည်။ ငပလီကမ်းခြေသို့ ပွင့်လင်းရာသီကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်အပန်းဖြေကြသည်ဖြစ်ရာ ဟိုတယ်များပြည့်လျှံကာ နေရာပေးစရာမရှိအောင် များပြားလွန်းကြောင်းသိရသည်။ ငပလီကမ်းခြေတွင် ဟိုတယ် ၂၆ လုံးရှိရာ ဧည့်သည်လာရောက်မှုနှင့် မလုံလောက်၊ နေ့စဉ်ခရီးသွားဧည့်သည် ၁၀၀ ခန့် ဟိုတယ်၊ တည်းခိုခန်းများမရ၍ ပြန်ရသည်ဟု သိရသည်။ ဟိုတယ်အသစ်များ ထပ်မံတည်ဆောက်နေသည်ကိုလည်း တွေ့ရသဖြင့် ဧည့်သည်များ တည်းခိုရန် အဆင်ပြေနိုင်တော့မည်။

ငပလီကမ်းခြေက ငွေကြေးများစွာရှာဖွေပေးနိုင်သလို ဘင်္ဂလားပင်လယ်အော်ကလည်း ရေလုပ်သားများအတွက် အားကိုးရာ၊ သံတွဲမြို့နယ်၏ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်များထွက်ရှိရာ ပင်လယ်အဖြစ် သဘာဝလက်ဆောင်တစ်ခုဖြစ်နေသည်။ သံတွဲမြို့နယ်ရှိ ရေထွက်ပစ္စည်းများသည် ဘင်္ဂလားပင်လယ်မှအများဆုံးထွက်ရှိနေခြင်းဖြစ်သည်။ ငပလီဟု အမည်တွင်ခဲ့ခြင်းမှာလည်း ၁၈၂၆ ခုနှစ်က ရခိုင်ပြည်နယ်တစ်ခုလုံး ဗြိတိသျှလက်အောက်သို့ကျရောက်ခဲ့ပြီးနောက် အီတာလျံတို့ သံတွဲမြို့အနီး ပင်လယ်ကမ်းခြေသို့ရောက်ရှိခဲ့ရာ အီတလီနိုင်ငံ နေပယ်(နေပလီ) ကမ်းခြေကဲ့သို့ ရှုခင်းအလွန်လှပသဖြင့် နေပလီဟုခေါ်ဆိုခဲ့ရာမှ ဒေသခံတို့က ငပလီဟုခေါ်ခဲ့ကြကြောင်း သိရသည်။

ကျွန်တော်တို့ငပလီရောက်ချိန်မှာ မိုးရာသီဖြစ်၍ ဧည့်သည်ပါးချိန်ဖြစ်ရာ ကမ်းခြေမှာလူရှင်းနေသည်။ ငါးဖမ်းလှေငယ်အချို့တွေ့ရပြီး ပင်လယ်ပြင်ထွက်ရန် ပြင်ဆင်နေကြသည်။ ပင်လယ်ပြင်ငါးသယံဇာတထိန်းသိမ်းရန် ငါးဖမ်းရေယာဉ်၏ ၄၀ ရာခိုင်နှုန်းသာလောလောဆယ် ခွင့်ပြုထားကြောင်း သိရသည်။ ငပလီကမ်းခြေမှ ကျွန်တော်တို့ပြန်တက်လာခဲ့ပြီး သံတွဲမြို့သို့ပြန်ခဲ့သည်။

ငပလီမှသံတွဲသို့အသွား ကားလမ်းကကောင်းမွန်သဖြင့် ခရီးတွင်သည်။ ကားပေါ်လိုက်လာရင်း သံတွဲမြို့မှထင်ရှားသူများအကြောင်းစဉ်းစားမိသည်။ ယခုပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်မှာ သံတွဲဇာတိဖြစ်သည်။ သံတွဲမြို့အမှတ်(၆)ရပ်ကွက် နန်းတော်ပြင်တွင်နေထိုင်ခဲ့သူဖြစ်သည်။ သံတွဲမြို့တွင် နေ့လယ်စာစားခဲ့သောထမင်းဆိုင်ပိုင်ရှင်က ကျွန်တော်တို့ကို ရန်ကုန်မှလာသော အစိုးရဝန်ထမ်းများဟု သိ၍လားမသိ "ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျွန်မတို့သံတွဲမြို့သားပေါ့။ ကျွန်မတို့နဲ့ အမျိုးတော်တော်သေး"ဟု ဂုဏ်ယူစွာပြောကြားခဲ့သည်ကို ပြန်ကြားယောင်နေမိသည်။ နောက်ထပ်သံတွဲဇာတိ ထင်ရှားသူများဖြစ်သည့် စတန့်မင်းသားချစ်ရွှေ၊ သပိတ်မှောက်ကျောင်းသားခေါင်းဆောင် ဦးဘဦး၊ လက်သီးပုန်း သခင်ဗတင်၊ စာရေးဆရာမ ကြီး ဒေါ်ကြန်၊ ကာတွန်း ဦးဗကလေးတို့ကို အတွေးထဲ မြင်ယောင်နေမိပြန်သည်။

သံတွဲမြို့နယ်က ပူအိုက်စိုစွတ်သော်လည်း မြစ်ချောင်းပေါ်များသည်။ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေးအပြင် သောက်သုံးရေအတွက်ပါ အဆင်ပြေသည်။ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်စသည့် တိုင်းရင်းသားများ ညီညွတ်ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ကြပြီး အဓိကစိုက်ပျိုးရေးလုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကြသဖြင့် စီးပွားရေးအဆင်ပြေကြသည်။ မကြာမီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများလည်းတွေ့ရတော့မည်ဖြစ်ရာ ငပလီကမ်းခြေလှိုင်းပုတ်သံနှင့်အတူ သံတွဲမြို့ပုံရိပ်က ဖွံ့ဖြိုးမှုရောင်ခြည်ဦးအလှတရားများဖြင့် ဝေဖြာနေဦးမည်ဟု တွေးနေမိသည်။

**ငပလီကမ်းခြေက ငွေကြေးများစွာရှာဖွေပေးနိုင်သလို ဘင်္ဂလားပင်လယ်အော်ကလည်း ရေလုပ်သားများအတွက် အားကိုးရာ၊ သံတွဲမြို့နယ်၏ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်များထွက်ရှိရာ ပင်လယ်အဖြစ် သဘာဝလက်ဆောင်တစ်ခုဖြစ်နေသည်။ သံတွဲမြို့နယ်ရှိ ရေထွက်ပစ္စည်းများသည် ဘင်္ဂလားပင်လယ်မှ အများဆုံးထွက်ရှိနေခြင်းဖြစ်သည်။ ငပလီဟု အမည်တွင်ခဲ့ခြင်းမှာလည်း ၁၈၂၆ ခုနှစ်က ရခိုင်ပြည်နယ်တစ်ခုလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် အီတာလျံတို့ သံတွဲမြို့အနီး ပင်လယ်ကမ်းခြေသို့ ရောက်ရှိခဲ့ရာ အီတလီနိုင်ငံ နေပယ်(နေပလီ) ကမ်းခြေကဲ့သို့ ရှုခင်း အလွန်လှပသဖြင့် နေပလီဟုခေါ်ဆိုခဲ့ရာမှ ဒေသခံတို့က ငပလီဟုခေါ်ခဲ့ကြ**



# အ-သရ အ-ဗျည်း

မောင်ခင်မင်(ဓနုဖြူ)

"ဟာ...တူတော်မောင်ပါကလား။ မလာတာတော်တော်ကြာပြီ"

"ဟုတ်ကဲ့...ဦး။ ကျွန်တော်အလုပ်များနေလို့ ရန်ကုန်မရောက်တာကြာပါပြီ။ အခု-ဦးနဲ့လည်း တွေ့ရင်း၊ မေးချင်တာကလေးလည်း မေးရင်းနဲ့ ..."

"မေးစရာပေါ်လာလို့လာတာဆိုပါတော့။ ကိုင်း...ဆိုစမ်းပါဦး"

"နိုင်ငံခြားသား ပညာရှင်တစ်ယောက်မေးတာကို ကျွန်တော် မဖြေတတ်လို့ပါ...ဦး"

"ဩော်...သူကဘာမေးလို့လဲ"

"သူက မြန်မာသင်ပုန်းကြီးဖတ်စာအုပ်ကလေးတစ်အုပ်ယူလာပြီး ကျွန်တော့်ကိုပြတယ်။ ဗျည်း ၃၃ လုံးဇယားကိုပြပြီး ဗျည်းတွေထဲမှာ ဘာဖြစ်လို့'အ'ပါနေတာလဲတဲ့။ 'အ'ဟာသရမဟုတ်လားတဲ့။ အ၊ အာ၊ ဣ၊ ဤဆိုတဲ့သရစာရင်းမှာ 'အ'ပါနေတာကိုလည်းပြတယ်။ 'အ' ကဘာဖြစ်လို့ နှစ်နေရာစလုံးမှာပါနေတာလဲ...တဲ့"

"ဟုတ်ပါပြီ။ အဲဒီလိုမေးတော့၊ ငါ့တူတော်မောင် အဖြေခက်သွားတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဦးရယ်။ ကျွန်တော်က သူနားလည်အောင် ရှင်းမပြတတ်ပါဘူး။ ဒါကြောင့် ဦးကို အပူကပ်ရတာပါ"

"ဟုတ်ပါပြီ။ ဒီအကြောင်းကိုရှင်းပြရမယ်ဆိုရင် မြန်မာစာအရေးအသားပေါ်ပေါက်လာတဲ့အကြောင်းက စရမယ်ထင်တယ်"

"ပြောပြပါ . . .ဦး"

"မြန်မာစာဟာ အိန္ဒိယနိုင်ငံမှာပေါ်ပေါက်တဲ့ ဗြာဟ္မီအက္ခရာက ဆင်းသက်လာတာဆိုတာတော့ မင်းသိမှာပေါ့"

"သိပါတယ် . . . ဦး"

"အဲဒီဗြာဟ္မီအက္ခရာက ဆင်းသက်တဲ့ဗြာဟ္မီအက္ခရာများဆိုပါတော့။ ပလ္လဝအက္ခရာလို့ခေါ်တယ်။ အိန္ဒိယတောင်ပိုင်းသုံးအက္ခရာပေါ့။ မွန်လူမျိုးတွေဟာ အဲဒီပလ္လဝအက္ခရာကို ခရစ်နှစ် ၆ ရာစုမှာရပြီးမွန်အက္ခရာ တီထွင်ကြတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ပရပထုံမွန်ကျောက်စာတို့၊ လော့ပူရီမွန်ကျောက်စာတို့ဟာ ထင်ရှားတဲ့သက်သေတွေပေါ့"

"ဒါဆိုရင်ထိုင်းနိုင်ငံမှာလည်းမွန်တွေရှိတာပေါ့နော်"

"မွန်လူမျိုးတွေဟာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံမှာသမိုင်းဦးကာလကတည်းက နေထိုင်ခဲ့ကြတယ်။ အိန္ဒိယနဲ့လည်း အဆက်အသွယ်ရှိတယ်။ ဒီတော့ထိုင်းမှာ မွန်ကျောက်စာတွေရှိသလို မြန်မာနိုင်ငံမှာလည်း ရာမညဒေသလို့ခေါ်တဲ့ မွန်တွေနေတဲ့ သထုံတစ်ဝိုက်မှာရှေးကျတဲ့ မွန်ကျောက်စာတွေရှိတယ်"

"ဟုတ်ကဲ့ဦး . . ."

"အဲဒီတုန်းက ပုဂံမှာမြန်မာစာအရေးအသားမပေါ်သေးဘူး။ အနော်ရထာမင်းလက်ထက်မှာ သိတဲ့အတိုင်း ပုဂံကို ပိဋကတ်တော်တွေ ရောက်လာတော့ ပါဠိလိုရေးထားတဲ့ ပိဋကတ်စာပေကို မြန်မာတွေလေ့လာသင်ယူရင်း အဲဒီအက္ခရာတွေကိုလည်း တတ်ကျွမ်းလာတာပေါ့။ ပိဋကတ်တော်တွေနဲ့အတူပါလာတဲ့ မွန်လူမျိုးတွေက သင်ကြားပေးတယ်လို့ဆိုနိုင်တာပေါ့။ ပြီးတော့ အဲဒီမွန်လူမျိုးတွေ သုံးနေတဲ့ ပလ္လဝအက္ခရာကို အခြေခံပြီး မြန်မာစာအရေးအသားတီထွင်ကြတော့ ၁၁ ရာစုမှာ မြန်မာစာအရေးအသားစပြီးပေါ်လာတယ် မဟုတ်လား။ ဒါက အချုပ်ပြောတာပါ။ မင်းလည်းသိပြီးသားဖြစ်မှာပါ"

"ဟုတ်ကဲ့ပါ . . .ဦး"

"ကဲ....မင်းမေးတဲ့ 'အ' ဆီသွားရအောင်။ မွန်တွေရဲ့ အက္ခရာကိုအခြေခံပြီး မြန်မာအက္ခရာတီထွင်တော့ ပိဋကတ်ပါဠိတော်တွေကို မွန်တွေရေးတဲ့ ဗျည်း ၃၃ လုံးကိုယူရတာပေါ့။ မြန်မာမှာအသံမရှိတဲ့ မွန်ဗျည်းနှစ်ခုကို ချန်ပြီး ၃၃ လုံးကို ယူတယ်လို့ ပညာရှင်တွေက ဆိုကြတယ်"

"ကျွန်တော်ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်မှာတော့ မြန်မာစာကို တီထွင်ရာမှာ သက္ကတ၊ ပါဠိ၊ ပျူ၊ မွန်အရေးအသားတွေထဲက မြန်မာဘာသာအတွက် လိုအပ်တာကိုယူပြီး မလိုအပ်တာကို ပယ်တယ်လို့ခပ်ဝါးဝါးရေးထားတာတွေ့ရပါတယ်"

"အင်း....မြန်မာအက္ခရာဟာ မွန်ဆီကရတယ်ဆိုတာ မြစေတီကျောက်စာ၊ ရာဇကုမာရ်ကျောက်စာပေါ့။ အဲဒီ ရာဇကုမာရ် ကျောက်စာက သက်သေအခိုင်အမာပြနေပါတယ်ကွ။ ကဲ-မင်းလေ့လာဖူးသားပဲ။ အဲဒီကျောက်စာမှာ ပါဠိ၊ ပျူ၊ မွန်၊ မြန်မာဆိုတဲ့ဘာသာလေးမျိုးနဲ့ ရေးထိုးတာ အက္ခရာအနေနဲ့ကြည့်ရင် ဘယ်နှစ်မျိုးရှိသလဲ"

"နှစ်မျိုးပါ . . .ဦး။ ပါဠိ၊ မွန်၊ မြန်မာတို့က အက္ခရာတစ်မျိုးတည်းပါ။ ပျူက အက္ခရာကွဲပါတယ်။ ဒီတော့နှစ်မျိုးပါ"

"ဟုတ်ပြီ။ အက္ခရာတူတဲ့ ပါဠိ၊ မွန်၊ မြန်မာစာတွေကို ကြည့်ရင် အတူဆုံးစာအရေးအသားဟာ ဘယ်ဟာလဲကွယ်"

"မွန်စာပါ . . . ဦး။ အက္ခရာတွေက သုံးဘာသာလုံးတူပေမယ့် ပါဠိစာမှာ မြန်မာလိုအသတ်မပါပါဘူး။ မွန်စာကတော့ အသတ်တွေပါပါတယ်။ မြန်မာစာနဲ့မွန်စာဟာ ရေးပုံသားပုံအတူဆုံးပါပဲ"

"အေး... သမိုင်းကြောင်းအရလည်း မွန်ဆီက မြန်မာက စာအရေးအသားယူတယ်လို့ အထင်အရှားဆိုထားတာမို့ သံသယရှိစရာမလိုဘူးထင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ....အဲဒီမွန်တွေရေးတဲ့ ပါဠိပိဋကတ်တော်တွေမှာ ပါဠိဗျည်း ၃၃ လုံးရှိတယ်။ အခုခေတ်ပါဠိသင်ရင်လည်း အဲဒီဗျည်း ၃၃ လုံးပဲ။ အဲဒီပါဠိ ဗျည်း ၃၃ လုံးမှာ မြန်မာဗျည်း ၃၃ လုံးနဲ့ ကွဲပြားတဲ့ ဗျည်းနှစ်လုံးရှိတယ်။ မင်းသတိထားမိသလား"

"မထားမိပါဘူး . . . ဦး"

"မြန်မာဗျည်းက 'ည'လို့ရေးပေမယ့် ပါဠိဗျည်းက 'ဉ' လို့ရေးတယ်"

"ဥကလေးပေါ့နော် ဦး"

"ဟုတ်တယ်"

"ဩော်... ကျွန်တော်မှတ်မိပြီ ပါဠိမှာ ဥက အရင်းခံဗျည်းပဲ။ ည ဆိုရင် ဉ နှစ် လုံးဆင့်လို့ မှတ်ရမယ်လို့ ဦးပြောဖူးသားပဲ"

"ဟုတ်တယ်။ နောက်ကွဲပြားချက်က မြန်မာဗျည်း ၃၃ လုံးမှာ နောက်ဆုံးဗျည်းက 'အ' ဖြစ်နေတယ်။ ပါဠိမှာ 'အ'မဟုတ်ဘူး 'အံ'ပဲ။ ပါဠိလို နိဂ္ဂဟိတလို့ ခေါ်တယ်။ မြန်မာလိုက 'နိဂ္ဂဟိတ်'ပေါ့။ သေးသေးတင် အစက်ကလေးပါပဲ။ 'မသတ်'နဲ့ တူတယ်။ အဲဒီအသံကိုရွတ်ဆိုရင် နောက်ကမသတ်ကို ပါးစပ်ပိတ်ပြီး ဆိုရတယ်။ 'အံ(မ်)ဆိုတဲ့' အသံမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"တကယ်တော့ 'အ'က နိဂ္ဂဟိတ်သံဆိုလို့ရအောင် ထည့်ထားတာ။ အ နေရာမှာ 'တ'ထည့်ဆိုရင် တံ(မ်)၊ 'ယ'ထည့်ဆိုရင် ယံ(မ်) လို့ဆိုရတယ်။ တချို့ကျတော့ 'အ' မထည့်ဘဲ 'ံ' ဆိုပြီး နိဂ္ဂဟိတ်ပဲပြတယ်"

"ဩော် . . . ဟုတ်ကဲ့"

"မြန်မာဗျည်း ၃၃ လုံးကို ပြတဲ့အခါကျတော့ ပါဠိ 'ဉ'က မြန်မာ'ည'ဖြစ်လာသလို ပါဠိ 'အံ'ကလည်း နိဂ္ဂဟိတ်မပါတော့ဘဲ 'အ'လို့ ပြောင်းလဲလာတာပါပဲ။ အဲဒါက ဗျည်း ၃၃ လုံးထဲမှာ 'အ'ပါရတဲ့အကြောင်းရင်းပဲ"

"တကယ်တော့ 'အ'က သရမဟုတ်လား . . . ဦး"

"ဟုတ်ပါတယ်။ သရရဲ့ လက္ခဏာတစ်ခုက ပါးစပ်ထဲမှာ အတားအဆီးမရှိဘဲ လွတ်လွတ်လပ်လပ် လေထွက်သွားတဲ့ လက္ခဏာပါ။ 'အ' လို့ ဆိုရင် ပါးစပ်ဖွင့်ပြီးဆိုရတဲ့အတွက် သရဖြစ်ကြောင်း ထင်ရှားပါတယ်။ အဲ-ခုနပြောတဲ့ နိဂ္ဂဟိတ်က အံ(မ်)လို့ နှုတ်ခမ်း ပိတ်ပြီးရွတ်ရတာမို့ နှုတ်ခမ်းမှာ အတားအဆီးဖြစ်ပြီးမှ လေထွက်ရတာမဟုတ်လား။ ဗျည်းဆိုတာ ထင်ရှားတာပေါ့။ 'အ'က အသံအနေနဲ့ သရဆိုတော့ အရေးအက္ခရာအနေနဲ့လည်း သရအက္ခရာလို့ ပြောရမှာပေါ့။ သရတွေထဲမှာ 'အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ' ဆိုပြီး 'အ'ကို ရှေ့ဆုံးက ထားတာလေ"

"ဟုတ်ကဲ့ပါ"

"ဒါဖြင့် 'အ'ဟာ သရဖြစ်ရက်သားနဲ့ ဘာဖြစ်လို့ ဗျည်းထဲမှာ ထည့်ရသလဲလို့ မေးစရာရှိတယ်။ စာရေးရာမှာ 'အ'ကို တခြား 'က၊စ၊လ၊ပ'စတဲ့ ဗျည်းအက္ခရာတွေလိုပဲ ဗျည်းနေရာမှာ ထားပြီး သုံးနိုင်တဲ့အတွက် ရှေးကပညာရှင်တွေက ဗျည်း ၃၃ လုံးစာရင်းမှာ 'အ'ကိုပါ ထည့်ခဲ့တာလို့ နားလည်နိုင်ပါတယ်"

"အဲဒါ ပြန်ရှင်းပြပါဦး... ဦးရယ်"

"ဒီလိုလေ။ ခုနပြောတဲ့ဗျည်းတွေ'က၊ စ၊ လ၊ ပ'ဆိုပါတော့။ အဲဒီဗျည်းတွေကို မူတည်ပြီး 'ကာ၊ စူ၊ လေ၊ ပက်'ဆိုပြီး ဒီ့ပြင်အသံတွေရအောင်ရေးနိုင်တယ်မဟုတ်လား။ အဲဒီလိုပဲ'အ' ကိုလည်း ဗျည်းနေရာမှာထားပြီး 'အာ၊ အူ၊ အေ၊ အက်'ဆိုပြီး ဒီ့ပြင်အသံတွေရအောင် ရေးနိုင်တာပဲလေ။ ဒါကြောင့်'အ'ဟာ အသံအရ သရဖြစ်ပေမယ့် အရေးမှာတော့ ဗျည်းလိုသုံးနိုင်တယ်။ တခြားဗျည်းတွေနဲ့သုံးပုံချင်း တူတယ်မဟုတ်လား"

"နားလည်ပါပြီ----ဦး"

"တကယ်လို့ 'အ'နေရာမှာ ပါဠိမှာလို နိဂ္ဂဟိတ် ထားရင်ပဲဖြစ်ဖြစ်၊ 'အ'ကို ဗျည်းစာရင်းထဲက ဖယ်လိုက်ရင်ပဲဖြစ်ဖြစ် 'အ'ကို မူတည်ပြီးရေးရတဲ့ တခြားသရတွေရေးရာမှာ အခက်အခဲဖြစ်နိုင်စရာရှိတာပေါ့။ အထူးသဖြင့် မြန်မာစာသင်ရာမှာ'အ'ကို ခုလိုပဲ ဗျည်းနေရာမှာထားပြီး တခြားဗျည်းနဲ့တစ်ပြေးညီ ရေးလို့ရအောင် အမြော်အမြင်ရှိရှိနဲ့ ဖန်တီးခဲ့ကြတာလို့ဆိုနိုင်တာပေါ့ကွယ်"

"နားလည်ပါပြီ . . . ဦး။ သူများမေးရင်လည်း ရေလည်အောင် ရှင်းပြတတ်ပါပြီ"

# အသက်အရွယ်ကြီးရင့်လာချိန် လူနှင့်မျောက်တို့အကြား ဆင်တူယိုးမှားအပြုအမူများ



ကလျာမိုးမြင့်

လူသားတွေ အသက်အရွယ်ရလာတဲ့အခါမှာ မျောက်တွေပြုမူသလိုမျိုး ပတ်ဝန်းကျင်ကို အရွေးလုပ်ခြင်းဖြင့် အချိန်အနည်းငယ် ကုန်ဆုံးလေ့ရှိတယ်လို့ သိရပါတယ်။

အဘိုးအဘွားတွေ ကြားမှာ ကြီးပြင်းလာရတဲ့သူ၊ ပင်စင်ရသွားတဲ့ မိဘတွေနဲ့ လက်ပွန်းတတီး အတူနေထိုင်ရတဲ့သူ၊ ဒါမှမဟုတ် ကိုယ်တိုင် အသက်အရွယ် အိုမင်းလာတာကို တွေ့ကြုံခံစားရတဲ့သူတွေဟာ အသက်ကြီးလာတဲ့အချိန်မှာ ဘယ်လောက်ငြီးငွေ့ဖွယ်ရာ ကောင်းတယ်ဆိုတာ သိကြပါလိမ့်မယ်။ တချို့ဟာ စားသောက်ဆိုင်တစ်မျိုးမျိုးကို အပတ်စဉ်တိုင်း အဲဒီရက် အဲဒီစားသောက်ဆိုင်ကိုပဲ ပုံမှန်သွားတတ်ပါတယ်။ တချို့ဆိုရင် လူစိမ်းတွေ တော်တော်များများကို စိတ်တိုရန်မူနေတတ်ပြီး တချို့ကတော့ မြေးငယ်လေးတွေနဲ့ အဖော်ပြု ဆော့ကစားတာမျိုးမလုပ်ဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ တီဗွီထိုင်ကြည့်နေလေ့ရှိပါတယ်။

မျောက်တွေက လူမဟုတ်ဘူးဆိုတာဟာ အသိသာကြီးဖြစ်ပြီး နှစ်ပေါင်း ၂၅ သန်းကြာခဲ့ပြီဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွေက လူနဲ့မျောက်ကို ခြားနားတဲ့ မျိုးစိတ်တွေအဖြစ် ပိုင်းခြားပေးလိုက်တယ်ဆိုပေမယ့် မျောက်တွေဟာလည်း လူသားတွေလိုပဲ အသက်အရွယ်ရလာချိန်မှာ အဖော်အပေါင်းတွေနဲ့ ထိတွေ့ဆက်ဆံမှု မရှိတော့ပါဘူး။

ဒီအချက်ကလူသားတွေအသက်အရွယ်ကြီးရင့်လာတဲ့ပုံစံဟာ ဘယ်သူနဲ့မှမတူညီဘူး ဆိုတာမှားယွင်းကြောင်း ထောက်ပြနေပါတယ်။ ဒါပေမယ့် ဒီဖြစ်ရပ်မှာ နက်နဲတဲ့ဇီဝမျိုးစိတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခြေခံအကြောင်းတရားတစ်ခုရှိနေနိုင်ကြောင်း ခေတ်သစ်ဇီဝပညာ သင်ရိုးထုတ်ဝေမှု လုပ်ကိုင်နေတဲ့ ဇူးရစ်ချ်တက္ကသိုလ်က စိတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် အလက်ဇန်းဒရာဖရီယန်က ပြောခဲ့ပါတယ်။

ပြင်သစ်နိုင်ငံတောင်ပိုင်းရှိဧက ၅၀ ကျယ်ဝန်းတဲ့ပန်းခြံထဲမှာ မွေးမြူထားတဲ့ ဘာဘရီ မျောက်မျိုးစိတ် ၁၀၀ ကျော်ရဲ့ အပြုအမူကို အသက်အရွယ်အားဖြင့် ဘယ်လိုပြောင်းလဲမှု ရှိတယ်ဆိုတာကို ဒေါက်တာဖရီယန်နဲ့အတူ ဂျာမနီနိုင်ငံမှာ ပရိုင်းမိတ်များရဲ့ သိမြင်ခံစားမှုကို လေ့လာနေတဲ့ ဂျူလီယာဖစ်စကာနဲ့လုပ်ဖော်ကိုင်ဖက်များက သိလိုစိတ်ပြင်းပြနေကြပါတယ်။ အသက်လေးနှစ်ကနေ ၂၉ နှစ်အထိမျောက်တွေရဲ့ပြောင်းလဲမှု၊ ရုပ်ဝတ္ထုကစားစရာ ပစ္စည်းတွေနဲ့ အစာသွပ်ပိုက်တွေကို တုံ့ပြန်မှု၊ အပေါင်းအဖော်တွေရဲ့ အမွေးတွေကိုလျက်ပေးတာ၊ အချင်းချင်းတိုက်ခိုက်တာမျိုး၊ အသံပေးဆက်သွယ်တာမျိုးစတဲ့ အပြုအမူတွေကို လေ့လာခဲ့ကြပါတယ်။

ကစားစရာအရုပ်တွေကို မျောက်ရဲ့ စိတ်ဝင်စားမှုဟာ မျိုးပွားတဲ့အရွယ်မှာ လျော့ကျသွားပါတယ်။ ပြီးတော့သူတို့အတွက် အငြိမ်းစားယူချိန်လို့ဆိုရမယ့် အသက် ၂၀ အရွယ်မှာလူတွေလိုပဲပေါင်းသင်းဆက်ဆံမှုနည်းသွားပြီး တစ်ကိုယ်တည်းအနေများလာပါတယ်။ ဒါပေမယ့် အသက်ငယ်ရွယ်သေးတဲ့ မျောက်တွေကတော့ အသက်ကြီးနေပြီဖြစ်တဲ့ မျောက်တွေဆီသွားပြီး အမွေးအမှင်တွေ လျှက်ပေးတာ၊ သန်းရှာပေးတာမျိုးလုပ်နေဆဲပါပဲ။

မျောက်အိုတွေအနေနဲ့က ဘာကိုမှ စိတ်မဝင်စားတော့တာမျိုးလည်း မဟုတ်ဘဲ တခြားမျောက်တွေရဲ့ ဓာတ်ပုံကို မြင်ရင် တုံ့ပြန်တတ်ပြီး တိုက်ခိုက်တဲ့အချိန်မှာလည်း စူးရှတဲ့ အော်မြည်သံတွေ လုပ်ဆောင်နေပါသေးတယ်။ ၎င်းတို့ဟာ ပတ်ဝန်းကျင်ကို စိတ်ဝင်စားပေမယ့် ကိုယ်တိုင် မပါဝင်ချင်တော့တာ ဖြစ်တယ်လို့ ဒေါက်တာ ဖစ်စကာက ပြောပါတယ်။

အလားတူအပြုအမူ ပုံစံမျိုးတွေကို လူတွေမှာလည်း တွေ့မြင်နေရပါတယ်။ လူသားတွေမှာ ဒီလိုဖြစ်တာကို စိတ်ပညာသီအိုရီအရ ရှင်းပြရရင် အသက်အရွယ်ကြီးရင့် အိုမင်းလာတာနဲ့အမျှ သက်တမ်းမကုန်ဆုံးခင်ကျန်ရှိတဲ့ အချိန်လေးကိုဆွဲဆန့်လိုတဲ့အတွက် လူတွေမှာ ပိုပြီးကြေးများ (ဂျီးများ) လာပါတယ်။ မျောက်တွေဟာ မှတ်ဉာဏ်ကောင်းတာမှန်ပေမယ့် ၎င်းတို့ သေဆုံးတော့မယ်ဆိုတာကို ကြိုသိနိုင်ခြင်းရှိ မရှိထောက်ပြနိုင်တဲ့ သက်သေသာဓကတွေ မရှိသေးပါဘူး။ ဒါကြောင့် အကယ်၍များ မျောက်တွေနဲ့ လူသားတွေဟာ တူညီစွာပြုမူနေကြတယ်ဆိုရင် ဒါဟာဇီဝဆိုင်ရာ အခြေခံ သဘောတရားအရ ကြောင်းကျိုးဆက်စပ်ညီညွတ်တဲ့ သီအိုရီဖြစ်ကြောင်း ဒေါက်တာဖစ်စကာက ဆိုပါတယ်။

**(နယူးယောက်တိုင်းမ်)**



**မျောက်တွေဟာလည်း လူသားတွေလိုပဲ အသက်အရွယ်ရလာချိန်မှာ အဖော်အပေါင်းတွေနဲ့ ထိတွေ့ဆက်ဆံမှု မရှိတော့ပါဘူး . . .**

မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ရှေးနှစ်ပေါင်းများစွာကတည်းက နည်းမျိုးစုံ၊ ဟန်ပန်မျိုးစုံဖြင့် နေရာဒေသအလိုက် ရိုးရာလက်ဝှေ့လောကတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် မျိုးဆက်သစ်လက်ဝှေ့ကျော်များကို မွေးထုတ်ပေးခဲ့သည်။ နိုင်ငံတစ်ဝန်းနေရာဒေသအလိုက် ရိုးရာယဉ်ကျေးမှုပွဲများနှင့် ရိုးရာဘုရားပွဲများတွင် ထည့်သွင်းကျင်းပခဲ့ကြောင်း သမိုင်းအထောက်အထားမှတ်တမ်းများအရသိရသည်။ ယခုနောက်ပိုင်းတွင် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ပြိုင်ပွဲအမျိုးမျိုးကို အမည်နာမများပေးကာ ပြောင်းလဲကျင်းပခဲ့သည်။

# မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ပြိုင်ပွဲ ၂၀၁၆ ရဲ့ဆီမီးဖိုင်နယ်မှ ဖိုင်နယ်လုပွဲဆီသို့

သတင်းဆောင်းပါး မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်


စောထူးဇော်


ဖိုးလပြည့်


စောဒါဝိတ်


ထွန်းနိုင်ဦး

**ဖိုက်တာ တိမ်တိုက်သည် ကောင်တာဖြင့် ကစားသွားသည့် စွမ်းထက်နိုင်ကို ငါးချီပြည့် လိုက်လံယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ တိမ်တိုက်ကြိုးစားသမျှ ရင်ကွဲပက်လက်ဖြစ်ခဲ့သည်။ ၅၁ ကီလိုတန်းတွင် ရွှေခါးပတ် ချန်ပီယံဖြစ်ရမည်ဟု ၄င်းကိုယ်တိုင်ရည်မှန်းကြိုးစားလေ့ကျင့်ခဲ့ပြီး ရိုးရာလက်ဝှေ့ချစ်ပရိသတ်များကလည်း ရာနှုန်းပြည့်မှန်းထားကြသည်။**

ပြိုင်ပွဲတိုင်း၌ ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ ပေါ်ထွန်းလာသလိုအတန်းလိုက် ရွှေခါးပတ်ချန်ပီယံကဲ့သို့ ထိပ်တန်းရိုးရာလက်ဝှေ့ဘုရင်များလည်း ပေါ်ပေါက်လာသည်မှာ အထင်အရှားပင်။ ဇွန် ၂၅ ရက်က စတင်ကာကျင်းပလျက်ရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးကြပ်ပြီး H & S Groupက ဦးစီးကျင်းပသော ၂၀၁၆ ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ယှဉ်ပြိုင်မှုအရှိန်အဟုန်မှာ မြင့်တက်လျက်ရှိသည်။ ပြီးခဲ့သည့်ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များတွင် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များမထင်မှတ်သည့် အပြောင်းအလဲ၊ မျှော်မှန်းမထားသည့် လှည့်ကွက်ယှဉ်ပြိုင်ကစားဟန်များကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ဥပမာပြောရလျှင် တိမ်တိုက် (ထွန်းသွင်)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ပင် ဖြစ်သည်။

တိမ်တိုက်နှင့် စွမ်းထက်နိုင်ကို ယေဘုယျခြုံငုံသုံးသပ်ပြောရလျှင် မည်သူမျှ စွမ်းထက်နိုင် အနိုင်ရမည်ကိုမခန့်မှန်း။ မမျှော်လင့်ရဲသလိုရိုးရာလက်ဝှေ့သမ္ဘာရင့်ပွဲစီစဉ်သူများပင်လျှင် တွဲဆိုင်းညီမျှမှုရှိသည်ကိုသတိပြုမိကြမည်မဟုတ်ပေ။ မထင်မှတ်သည့် ပြောင်းလဲမှုကို စွမ်းထက်နိုင်လုပ်ဆောင်နိုင်ခဲ့၍ ရိုးရာလက်ဝှေ့ချစ် ပရိသတ်များ ရာနှုန်းပြည့်မှန်းထားသည့် တိမ်တိုက်ရွှေခါးပတ်ရမည်ဟု ကြုံးဝါးမှု သဲထဲရေသွန်ဖြစ်ခဲ့ရသည်။ ဖိုက်တာ တိမ်တိုက်သည် ကောင်တာဖြင့် ကစားသွားသည့် စွမ်းထက်နိုင်ကို ငါးချီပြည့် လိုက်လံယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ တိမ်တိုက်ကြိုးစားသမျှ ရင်ကွဲပက်လက်ဖြစ်ခဲ့သည်။ ၅၁ ကီလိုတန်းတွင် ရွှေခါးပတ်ချန်ပီယံဖြစ်ရမည်ဟု ၄င်းကိုယ်တိုင်ရည်မှန်းကြိုးစားလေ့ကျင့်ခဲ့ပြီး ရိုးရာလက်ဝှေ့ချစ်ပရိသတ်များကလည်း ရာနှုန်းပြည့်မှန်းထားကြသည်။ သို့သော် ရွှေခါးပတ်ချန်ပီယံလုပွဲသည် နတ်ကြီးသည်ဟုဆိုမလား၊ ကံဇာတာအလှည့်အပြောင်းဟုပဲပြောရမလား၊ နည်းဗျူဟာချမှု မှန်ကန်ခြင်းကြောင့်ပင်လားဆိုသည်မှာ ဝေဖန်စရာတွေ ဖြစ်လာခဲ့သည်။ ယနေ့ကျင်းပမည့် ဆီမီးပွဲများတွင်လည်း အလားတူပွဲမျိုးပါလာဦးမည်လား စောင့်ကြည့်ရပေတော့မည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်မည့် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ၅၁ ကီလို တန်း၌ သက်ပိုင်အောင်(တောင်ကလေး)နှင့် ရွှေဖားစည်(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)၊ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရွှေဖားစည်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သက်ပိုင်အောင် (တောင် ကလေး) သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် တွေ့ဆုံရာ၌ သိန်းစိုးမှာ သတ်မှတ်ဝိတ်တန်းထက်ကျော်လွန်ခဲ့သဖြင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းမရှိဘဲခုံဒိုင်ချုပ်၏ဆုံးဖြတ်ချက်အရအလဲထိုးဖြင့် အနိုင်ရကာ ယခုဆီမီးဖိုင်နယ်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ၄င်းနှင့်အတူယှဉ်ပြိုင်ထိုးသတ်မည့် ရွှေဖားစည်မှာမိုက်မိုက်(STL) နှင့်တွေ့ဆုံခဲ့ပြီး တတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရကာ ဆီမီးသို့တက်ရောက်လာခြင်းဖြစ် သည်။ စိုးဝင်းသန်း(ရန်စစ်ငြိမ်း) နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် စွမ်းထက်နိုင် (ဗမာ့သွေး) သည်လည်း တိမ်တိုက်(ထွန်းသွင်)ကိုကွာတားဖိုင်နယ်ပွဲစဉ်တွင် အသည်းအသန် အမှတ်ဖြင့်အနိုင်ရခဲ့ပြီး စိုးဝင်းသန်းမှာ စိန်လင်းအောင်(တိုက်ဂါး)ကို တတိယအချီတွင် အလဲထိုးဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။

၅၄ ကီလိုတန်းတွင် ကိုကိုအောင်(ထွန်းသွင်)နှင့် ရဲသွေးနီ(တောင်ကလေး)၊ အသည်းစွဲ(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် စစ်မျိုး(ရန်စစ်ငြိမ်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာရဲသွေးနီ (တောင်ကလေး)သည် ဒေါင်းဖြူ နှင့်ကွာတားတွင် တွေ့ဆုံရာ၌ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကဒေါင်းဖြူအား ပြီးခဲ့သည့်တစ်ပတ်ကြာ မျိုးဆက်သစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထားသည့်အတွက် ရွှေခါးပတ်ချန်ယီယံပွဲသို့ ဝင်ရောက်ထိုးသတ်ခွင့်မပြုခဲ့၍ ကွာတားဖိုင်နယ်ယှဉ်ပြိုင်ထိုးသတ်နိုင်မှုမရှိခဲ့ဘဲရဲသွေးနီ(တောင်ကလေး)ယခုကဲ့သို့ ဆီမီးတက်ရောက်သွားခြင်းဖြစ်သည်။

ယင်းပွဲစဉ်အား အဖွဲ့ချုပ်က ခွင့်မပြုခဲ့မှုနှင့်ပတ်သက်၍ ရိုးရာလက်ဝှေ့ကလပ်များအကြား ဝေဖန်မှုအသံများလည်း ထွက်ပေါ်လျက်ရှိသည်။ အလားတူ ကိုကိုအောင်(ထွန်းသွင်)သည်လည်း အောင်ခဲစော(တိုက်ဂါး)ဝိတ် ပိုနေသဖြင့် ကွာတားတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရခြင်းမရှိဘဲယခုကဲ့သို့ ဆီမီးတက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဒုတိယပွဲစဉ်ဖြစ်သည့် အသည်းစွဲ (မြိုင်ကလေးဘိလပ်မြေစက်ရုံ)သည်လည်း ပြိုင်ဘက်ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက်ဝိတ်ပိုနေခဲ့သဖြင့် ယှဉ်ပြိုင်ထိုးသတ်မှုမရှိဘဲ ဆီမီးသို့ တက်ရောက်လာခြင်းဖြစ်ပြီး ၄င်းနှင့် ယှဉ်ပြိုင် ထိုးသတ်ရမည့် စစ်မျိုး(ရန်စစ်ငြိမ်း)မှာ ကျန်ကျောင်း (ဗမာ့သွေး)ကို ကွာတားဖိုင်နယ်တွင် ဒုတိယအချီ၌ပင် အလဲထိုးဖြင့် အနိုင်ရ၍ ဆီမီးသို့ တက်ရောက်လာခြင်းဖြစ်သည်။


ရွှေဖားစည်

၅၇ ကီလိုတန်းတွင် ဂျစ်တူး(တိုက်ဂါး) နှင့် နက္ခအောင် (တောင်ကလေး)၊ မိုးဟိန်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် မိုက်ရိုင်း(ရွှေဖူး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာဂျစ်တူး(တိုက်ဂါး)နှင့် နက္ခအောင်(တောင်ကလေး)တို့တွဲဆိုင်းမှာလည်း ကွာတားတွင် ပြိုင်ဘက်များ သတ်မှတ် ကီလိုဝိတ်ကျော်လွန်ခဲ့သဖြင့် ယှဉ်ပြိုင်ထိုးသတ်မှုမရှိခဲ့ဘဲ ဆီမီးသို့ တက်ရောက်လာခြင်းဖြစ်သည်။ မိုးဟိန်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မိုက်ရိုင်း(ရွှေဖူး)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ထယ်ကြီး (STL)ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့ပြီး မိုးဟိန်းမှာ ကွာတားဖိုင်နယ် ပွဲစဉ်တွင် ပြိုင်ဘက်က သတ်မှတ်ဝိတ်တန်းပိုခဲ့သဖြင့် ယှဉ်ပြိုင်ထိုးသတ်မှုမရှိဘဲ ဆီမီးသို့ တက်ခဲ့ခြင်းဖြစ်ကာ ယခုကဲ့သို့ မိုက်ရိုင်းနှင့်တွေ့ဆုံခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် ၆၀ ကီလိုတန်းတွင် ရွှေထွန်းယုံ (ရန်စစ်ငြိမ်း)နှင့် စည်သူအောင် (ရွှေမိုးထိ ငြိမ်းချမ်းရေး)၊ စောထူးဇော်(ဒို့ရိုးရာ)နှင့် စောဒါဝိတ်(တောင်ကလေး)တို့ ပွဲများတွင် ရွှေထွန်းယုံ (ရန်စစ်ငြိမ်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် စည်သူအောင် (ရွှေမိုးထိ) သည် စိုးလေး (တိုက်ဂါး)ကို ကွာတားဖိုင်နယ် ပွဲစဉ်တွင် ပထမအချီမှာပင် အလဲထိုးဖြင့် နိုင်ခဲ့ပြီး ရွှေထွန်းယုံမှာ ပြိုင်ဘက် နေရူဘီ သတ်မှတ်ဝိတ် ကျော်လွန်ခဲ့သဖြင့် ယှဉ်ပြိုင်ထိုးသတ်မှုမရှိဘဲ ဆီမီးသို့တက်ရောက်လာခြင်းဖြစ်သည်။ စောထူးဇော် (ဒို့ရိုးရာ) နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် စောဒါဝိတ်(တောင်ကလေး)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက်ဂျိုကာ (မြိုင်ကလေးဘိလပ်မြေစက်ရုံ)ကို တတိယအချီတွင် အလဲထိုးဖြင့်နိုင်ခဲ့ပြီး စောထူးဇော်မှာလည်း ဇော်ချစ်အောင်(ဗမာ့သွေး)ကို ပထမအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့၍ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အလူးအလဲနှင့် ဖိုင်နယ်ရွှေခါးပတ်လုပွဲသို့ ဘယ်သူတွေ တက်လှမ်းသွားမည်ကို စောင့်ကြည့်ရပေတော့မည်။


စည်သူအောင်

၆၃ ဒသမ ၅ ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် ဒေါနအောင်(ရွှေဖားစည်)၊ ထက်အောင်ဦး (တောင်ကလေး)နှင့် သားအသည်းတစ်ပွင့် (ဗမာ့သွေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ကြယ်စင်ဖြိုးသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မျိုးမာန်သစ် (STL) ကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ကာ ဒေါနအောင်က ကျော်ကြားကို ပထမအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့သည်။ ထက်အောင်ဦး (တောင်ကလေး)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သားအသည်းတစ်ပွင့်သည်လည်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဒေါင်းသည်းခြေကိုကောင်တာဖြင့် အပေါ်စီးမှ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ ငါးချီပြည့်တွင် အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ထက်အောင်ဦးသည် ကြယ်စင်ထူး(မြိုင်ကလေးဘိလပ်မြေစက်ရုံ)ကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ယူပြီး ဆီမီးတက်လာခြင်းဖြစ်သည်။


စွမ်းထက်နိုင်


ရဲတံခွန်

၆၇ ကီလိုတန်းတွင် သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိ ငြိမ်းချမ်းရေး)နှင့် ဖိုးလပြည့် (ရွှေဖူး)၊ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် ထွန်းနိုင်ဦး (STL) တွဲဆိုင်းတို့ တွေ့ဆုံရာ ပညာရေးကိစ္စဖြင့် ခဏတာအနားယူပြီး တစ်ကျော့ ပြန်ဝင်ရောက်လာသည့် သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဗိုစိုးအောင် (ဗမာ့သွေး)ကိုပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ကာဖိုးလပြည့် (ရွှေဖူး)နှင့် ယခုဆီမီးဖိုင်နယ်တွင် တွေ့ဆုံခြင်းဖြစ်သည်။ ဖိုးလပြည့်သည်လည်း စောဘဦး (တောင်ကလေး)အား ကွာတားဖိုင်နယ်ပွဲစဉ်တွင် အမှတ်ဖြင့်အနိုင်ရခဲ့ပြီး ဆီမီးသို့ တက်လာခြင်းဖြစ်သည်။ အလားတူရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် တွေ့ဆုံမည့် ထွန်နိုင်ဦး(STL)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဉာဏ်လင်းအောင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီးရဲတံခွန်မှာ စောလူမင်း (တိုက်ဂါး)အား ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအရှိန်အဟုန်မြင့် နောက်ဆုံးပြိုင်ပွဲတွဲဆိုင်းများဖြစ်သည့် ၇၀ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ကြယ်လင်းအောင် (တောင်ကလေး)နှင့် ရန်နိုင်အောင်(ရွှေမိုးထိငြိမ်းချမ်းရေး)၊ စိုးထက်ဦး(အဖြူရောင် သွေးသစ်) နှင့်ရဲရင့်အောင်(နဂါးမာန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ တစ်ချိန်က လက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံဟောင်း ကြယ်လင်းအောင်သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် တက်လူရွှေရာမာဉ် (ရွှေဒေါ်ပုံ)နှင့်တွေ ဆုံရာဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ရန်နိုင်အောင်မှာလည်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် စောအယ်လေး (ထော့မဲပါ)အား ဒုတိယအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်မည့် စိုးထက်ဦး (အဖြူရောင်သွေးသစ်)နှင့် ရဲရင့်အောင်(နဂါးမာန်)တို့ပွဲတွင် စိုးထက်ဦး(အဖြူရောင် သွေးသစ်)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရှမ်းကို (T&T) ကို အမှတ်ဖြင့် နိုင်ခဲ့ကာ ရဲရင့်အောင်(နဂါးမာန်) သည်လည်း စောရန်ပိုင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)ကို အမှတ်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်၍ ယခုလာမည့် ၂၀၁၆ ခုနှစ်ရဲ့ရွှေခါးပတ်ချန်ပီယံဆီမီးဖိုင်နယ်ပွဲစဉ်များမှ ဖိုင်နယ်ရွှေခါးပတ်နောက်ဆုံးပြိုင်ပွဲသို့ စွဲကောင်း၊ အသည်းမာသည့် လက်ဝှေ့ကျော်များထဲမှ ဘယ်သူတွေများတက်လှမ်းသွားမည်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန် သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံကြီး၌ စောင့်မျှော်ကြည့်ရှုရပေတော့မည်။

**(မြန်မာ့အလင်း)**

# ဖိတ်ခေါ်ပါသည် နေပြည်တော်တိုင်းဌာနီဆီသို့

**နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်းမှာ လုပ်ငန်းစဉ် (၉)ရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအထဲကမှ ဆဌမလုပ်ငန်းစဉ်ကတော့ နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသား/တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်တွေကို ဖိတ်ကြားခေါ်ယူပြီး နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။**

**မြင့်စိုး (နတလ)** ❖

သူတို့လေးတွေ ခေတ္တတည်းခိုနေထိုင်ကြမည့် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရဲ့အိပ်ဆောင်၊ ထမင်းစားဆောင်တွေကို ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ လိုက်လံကြည့်ရှုခဲ့ကြပါတယ်။ အိပ်ဆောင်တစ်ခုကိုရောက်ခိုက် ခုတင် တစ်လုံးပေါ်မှာ ထောင်ထားတဲ့ ခြင်ထောင်ကို ကျွန်တော်က ဆွဲချကြည့်လိုက်တဲ့ အခါမှာတော့၊ ခြင်ထောင်အောက်စတွေလွတ်မနေဖို့ သေချာစစ်ဆေးထားပြီးဖြစ်တဲ့အကြောင်း၊ တပ်မှူးဖြစ်သူ ဒုတိယ ဗိုလ်မှူးကြီး နေလင်းထွန်းက ရှင်းပြပါတယ်။ ကျွန်တော် က ရယ်မောရင်းနဲ့ ခြင်ထောင်အောက်စလွတ် မလွတ် စစ်ဆေးနေတာ မဟုတ်ပါဘူး ငါ့ညီရာ၊ ကွယ်လွန်သွားပြီဖြစ်တဲ့ ငါတို့ရဲ့နယ်စပ်/စည်ပင်ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်ကို သတိရမိလို့ ဆွဲချကြည့်လိုက်တာပါဟု ပြန်ပြောလိုက်မိပါတယ်။ တကယ်လည်း သတိရသွားမိတာ အမှန်ပါ။ ကြာတော့ကြာခဲ့ပါပြီ။

လွန်ခဲ့သော ၂၈ နှစ်ခန့်က ကျွန်တော် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ ခလရ (၃၃)မှာ တာဝန်ထမ်းဆောင်နေချိန် တိုင်းမှူးဗိုလ်ချုပ်မောင်သင့်နှင့် ဇနီး အန်တီပြုံးတို့ ရောက်ရှိလာပြီး ရန်အောင်မြင်ရိပ်သာမှာ တည်းခိုကြပါတယ်။ အဲဒီအချိန်မှာ တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီးတင်အေးပါ။ တိုင်းမှူးက ရိပ်သာရှေ့မှာပဲ စစ်ဆင်ရေးအခြေအနေတွေ၊ နယ်မြေအခြေအနေတွေ မေးမြန်းမှာကြားပြီး အနားယူချင်လာလို့ထင်ပါရဲ့၊ သူ့အတွက် ပြင်ထားတဲ့ ရိပ်သာထိပ်ဆုံးခန်း၊ အခန်း နံပါတ်(၁)က ခုတင်ပေါ်ကိုသွားလှဲပြီး ခြင်ထောင်ကိုဆွဲချလိုက်တဲ့အခါမတော့ အဲဒီမှာ ငါးပါးမှောက်တော့တာပါပဲ။ လား … လား ခြင်ထောင်အောက်စက ခုတင်နှင့်တစ်ထွာလောက်လွတ်နေပါရောလား။ တိုင်းမှူးက ခြင်ထောင်ကိုပြန်ပြင် ခိုင်းဖို့အခန်းရှေ့ကိုထွက်လာချိန်မှာပဲ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ဆိုတဲ့ ဗဒင်ရဲ့သီချင်းထဲကလို အခန်းနံပါတ်(၂)မှာ နေရာချထားတဲ့ တိုင်းမှူးရဲ့ဇနီး အန်တီပြုံးဟာ ရေချိုးခန်းဝင်ရင်း ဘိုင်းခနဲ ခြေချော်လဲပါလေရောဗျာ…။

သို့တစေ တိုင်းမှူးဟာ သူ့ရဲ့ပင်ကိုစရိုက်နဲ့ အမူအကျင့်အတိုင်း ဒေါသထွက်ခြင်း၊ စိတ်တိုခြင်းအလျဉ်းမရှိဘဲ အထက်ဌာနအကြီးအကဲတွေလာချိန်မှာ တပ်ရင်းမှူးအနေနဲ့ အသေးအဖွဲလေးတွေကအစ ဂရုတစိုက် လိုက်လံကြည့်ရှု စစ်ဆေးကြပ်မတ်ဖို့လိုတဲ့အကြောင်း၊ တပ်ရင်းတစ်ရင်းရဲ့ စွမ်းရည် (၃)ရပ် မြင့်မားတိုးတက်လာဖို့အတွက် စစ်သည် တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတွေနဲ့လည်း အများကြီး သက်ဆိုင်နေကြောင်း စသည်…စသည်ဖြင့် ရိပ်သာရှေ့မြက်ခင်းဘေးမှာ တပ်ရင်းမှူးနဲ့ လမ်းလျှောက်ရင်း ပြောပြနေလိုက်တာများဗျာ၊ ကျွန်တော့်စိတ်ထင် နှစ်နာရီလောက်တောင်ကြာသွားသလားမသိ။ ထိုမြင်ကွင်းတွေကို ကောင်းကောင်းမြင်လိုက် တွေ့လိုက်ကြားလိုက်ရတဲ့ ကျွန်တော့်အဖို့တော့ ဘဝတစ်သက်စာ မှတ်သားစရာဖြစ်ခဲ့ရပါတယ်။

အမှန်တကယ်လည်း ကရင်၊ ပလောင်နှင့်ခနု တိုင်းရင်းသား/တိုင်းရင်းသူလေ့လာရေး အဖွဲ့ဝင်တွေတည်းခိုနေထိုင်စားသောက်ဖို့အတွက် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းက အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်တွေဟာ ကိုယ်စီကိုယ်စီတာဝန်တွေခွဲဝေပြီး စေတနာထက်သန်စွာနှင့်ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ အခန်းထဲက သန့်စင်ခန်းတွေ သန့်သန့်ရှင်းရှင်းရှိဖို့ကအစ စားရိပ်သာအတွင်း ပန်းကန်ခွက်ယောက်နှင့် ထမင်းဟင်းတွေ အမြဲသန့်ရှင်းလတ်ဆတ်နေဖို့၊ သောက်ရေအိုးစင်တွေအသင့်ရှိနေဖို့ အားလုံးကြိုတင်ဆောင်ရွက်ထားပြီးကြောင်း တွေ့ရပါတယ်။ သုံးလေးရက်လောက်ဆက်ပြီး ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးသွားကြတာကတော့ ဒုအရာခံဗိုလ် ဆရာကြီးတင်ဦး၊ ဒုတပ်ကြပ် စံသိန်းတို့ ဦးစီးတဲ့အကြပ်စစ်သည် ရဲမေတွေပါပဲ။

လေ့လာရေးအဖွဲ့ဝင် တိုင်းရင်းသား/တိုင်းရင်းသူတွေကလည်း သူတို့ကို အလွန်ကျေးဇူးတင်ခဲ့ကြပါတယ်။ ဒါတင်ပဲလားဆိုတော့ မြစ်ဝကျွန်းပေါ်ကစကားနှင့် ပြောရရင် မကသေးပါပေါ့ဗျာ။ တည်းခိုရေးစခန်းမှာရှိနေချိန်၊ လေ့လာရေးခရီးစဉ်တွေ သွားရောက်နေချိန်မှာ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)က ဆေးမှူးများဖြစ်ကြတဲ့ ဗိုလ်ကြီးဇာနည်အောင်၊ ဗိုလ်ယုဝေဝေလွင်၊ သူနာပြုများ ဖြစ်ကြသော ဗိုလ်တိုးပြည့်ဖြိုး၊ ဗိုလ်ဝတ်မှုန်ဦးတို့နဲ့ လူနာတင်ယာဉ်မောင်း တပ်ကြပ် ရဲထွန်းနိုင်တို့ကိုလည်း ကျေးဇူးတင်ခဲ့ရပါတယ်။ ရာသီဥတုအနည်းငယ်ပူပြင်းလို့ ခနုတိုင်းရင်းသူလေးတစ်ဦး လွှတ်တော်ကို ကြည့်ရှုလေ့လာနေချိန်မှာ နည်းနည်းမူးဝေသွားတာကလွဲရင် ကျန်တဲ့သူတွေအားလုံး ဘေးဘယာ ဝေးကွာခဲ့ကြပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်းမှာ လုပ်ငန်းစဉ် (၉)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအထဲကမှ ဆဌမလုပ်ငန်းစဉ်ကတော့ နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသား/တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်တွေကို ဖိတ်ကြားခေါ်ယူပြီး နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ် လက်ထက် နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာနက ပထမဆုံးအကြိမ်အဖြစ် ဖိတ်ကြားခြင်းခံရတဲ့ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်တွေကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လှိုင်းဘွဲမြို့နယ်များမှ ကရင်တိုင်းရင်းသား/တိုင်းရင်းသူ ၂၅ ဦး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်များမှ ပလောင်တိုင်းရင်းသား/တိုင်းရင်းသူ ၂၅ ဦး၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနှင့်ရွာငံမြို့နယ်များမှ ခနုတိုင်းရင်းသား/တိုင်းရင်းသူ ၂၀ စုစုပေါင်း ၇၀ တို့ဖြစ်ပါတယ်။

အဖွဲ့အားလုံး ဇွန် ၁၉ ရက်မှာ ရောက်ရှိလာကြပြီး ဇွန် ၂၀ ရက်ကနေ ၂၃ ရက်အထိ ပို့ဆောင်ပေးခဲ့တဲ့ လေ့လာရေးခရီးစဉ်တွေကတော့ ပထမနေ့မှာ နေပြည်တော်ရဲ့ အထင်ကရ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ကြပြီး ရေဆင်းမှာရှိတဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို သွားရောက်ကြည့်ရှုလေ့လာကြ ပါတယ်။ အဲဒီကမှ တစ်ဆင့် လွှတ်တော်ကို ရောက်ရှိသွားကြတဲ့အခါ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များအကြောင်း သိကောင်းစရာများကို တာဝန်ရှိသူများက ရှင်းလင်းပြောပြကြပါတယ်။

ထိုနေ့ညပိုင်း နေပြည်တော်ရေပန်းဉယျာဉ်ကိုပို့ဆောင်ပေးတဲ့အခါ တိုင်းရင်းသားအားလုံး ပျော်ရွှင်ကြည်နူးစွာ လေ့လာကြည့်ရှု အပန်းဖြေခဲ့ကြပါတယ်။ ဒုတိယနေ့မှာတော့ မဟာသကျရံသီ ရုပ်ပွားမြတ်ကြီးကို သွားရောက်ဖူးမြော်ပြီး အမျိုးသားအထိမ်းအမှတ်ဉယျာဉ်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့ကို ဆက်လက် ကြည့်ရှုလေ့လာခဲ့ကြပါတယ်။ တတိယနေ့မှာတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ပို့ဆောင်ပေးပြီး ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ပုံအဆင့်ဆင့်နှင့် တိုင်းရင်းသား



အစီအစဉ်များ ထုတ်လွှင့်ပေးနေမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြပါတယ်။ အဲဒီကမှတစ်ဆင့် တိရစ္ဆာန်ဉယျာဉ်ကိုရောက်ရှိခဲ့ကြပြီး နေပြည်တော် ဗုဒ္ဓဂယာကိုလည်းသွားရောက်ဖူးမြော်စေခဲ့ပါတယ်။ခရီးစဉ်ရဲ့ စတုတ္ထနေ့မှာတော့ မြဝတီရုပ်မြင်သံကြားကို သွားရောက်ကြည့်ရှုလေ့လာခြင်းနှင့် စတင်ဖွင့်လှစ်ခဲ့ပြီး အဲဒီကမှ အမျိုးသားပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။ နေ့လယ်ပိုင်းမှာတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဂုဏ်ပြု လက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံသောအခမ်းအနားကို တက်ရောက်ခဲ့ကြပြီး အိမ်အပြန်ခရီးမှာ လက်ဆောင်ပစ္စည်းများ ဝယ်နိုင်ဖို့ရာ ဉတ္တရ Ocean ကိုဆက်လက်ပို့ဆောင်ပေးခဲ့ပါတယ်။

ဇွန် ၂၄ ရက်မှာတော့ လေ့လာရေးခရီးစဉ်အားလုံး ပြီးဆုံးသွားပြီဖြစ်တဲ့ အတွက် နေရပ်အသီးသီးကို ပြန်လည်ထွက်ခွာကြတော့မှာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာနအနေနဲ့ လေ့လာရေးအဖွဲ့ဝင်တွေရဲ့တည်းခိုနေထိုင်စားသောက်ရေးကိစ္စများအတွက်သာမက ခရီးစဉ်အစမှအဆုံး ခရီးစရိတ်များ၊ စားသောက်စရိတ်များ၊ ယာဉ်ငှားရမ်းခများကိုပါ အားလုံးတွက်ချက် ဆောင်ရွက်ပေးထားတာမို့ တိုင်းရင်းသား/တိုင်းရင်းသူများအနေနဲ့ မိမိရဲ့ကိုယ်ပိုင်ငွေကြေးတစ်ပြားတစ်ချပ်သော်မှ သုံးစွဲဖို့မလိုဘဲ နေပြည်တော်နှင့်ပတ်ဝန်းကျင်ကို လာရောက်လေ့လာလည်ပတ်ခွင့် ရရှိသွားခဲ့ကြပါတယ်။ ပြန်မည့်နေ့မနက်ပိုင်းမှာလည်း ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်က တိုင်းရင်းသားအဖွဲ့တွေနဲ့သွားရောက်တွေ့ဆုံပြီး တစ်ဖွဲ့ချင်းစီကို ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်နှင့် စီဒီများပေးအပ်ခဲ့ပါတယ်။ ညွှန်ကြားရေးမှူးချုပ်က လိုက်လံနှုတ်ဆက်ရင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်တွေ၊ အခက်အခဲတွေကို မေးမြန်းပြီး နတလက လုပ်ပေးနိုင်တာတွေကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ကျွန်တော်ကတော့ ပလောင်တိုင်းရင်းသား/တိုင်းရင်းသူအဖွဲ့ကိုနှုတ်ဆက်ရင်း ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလမှာ ကျွန်တော်တို့အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁) အခြေချ စစ်ဗျူဟာအဖွဲ့၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာရဲ့ကွပ်ကဲမှုနဲ့ နမ့်ဆန်ဒေသမှာ တပ်ရင်း(၄)ရင်းနဲ့အတူ စစ်ဆင်ရေးဝင်ခဲ့ရတာတွေ၊ ဧပြီလထဲမှာတော့ PSLA အဖွဲ့က ဦးအိုက်မုန်းဦးစီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာတာတွေကို သတိရနေမိပါတယ်။ လေ့လာရေးအဖွဲ့ထဲမှာ ရှေ့မီနောက်မီ ဖြစ်နိုင်တဲ့သူတွေကို မေးကြည့်တဲ့အခါ PSLA အဖွဲ့ တိုင်းရင်းသားခေါင်းဆောင်တွေထဲမှာ ဦးအိုက်မုန်းကလွဲရင် ဦးညီလုံး၊ ဦးလွယ်ဆိုင်၊ ကိုကွီဂျိုးတို့အားလုံး ကွယ်လွန်သွားကြပြီဖြစ်တဲ့အကြောင်း၊ ဖထီး ဗိုလ်မှူးကြီးစောဘိုးသာရဲ့မိတ်ဆွေ ဇယန်းကြီးရပ်ကွက်က ကရင်တိုင်းရင်းသားကြီး စောကင်ဒီလည်း ကွယ်လွန်သွားပြီဖြစ်တဲ့အကြောင်း သိလိုက်ရပါတယ်။ ကျွန်တော်တို့တပ်မတော်ဘက်ကလည်း ဗိုလ်မှူးကြီး စောဘိုးသာနှင့် ဗိုလ်မှူး ကျော်ငြိမ်းတို့ ကွယ်လွန်ခဲ့ကြပါပြီ။ တစ်ချိန်ကငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက် လုပ်ခဲ့ကြသူတွေမို့ အမှတ်ရနေမိပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ဂုဏ်ပြုတွေ့ဆုံပွဲမှာ တိုင်းရင်းသား အဖွဲ့တွေအားလုံးရဲ့ကိုယ်စား ကျေးဇူးတင်စကားပြောကြားသွားတဲ့ နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာက ပလောင်တိုင်းရင်းသူကလေး မနွယ်နီထွန်းဟာ မကွေးဆေးတက္ကသိုလ်မှာ ဒုတိယနှစ်တက်နေတဲ့ ဆေးကျောင်းသူတစ်ဦးလည်းဖြစ်ပါတယ်။

“ပြန်တွက်ကြည့်ရင် ဘဘတို့ အာရမ်းကိုရောက်တဲ့အချိန် သမီးအဖေက အသက်(၂၀)၊ သမီးရဲ့အမေက အသက်(၁၅)နှစ်ပဲရှိကြဦးမှာမို့ အဲဒီအချိန်မှာ သမီးက ဘယ်နားတောင်နေမှန်းတောင် သိမှာမဟုတ်ဘူး”ဟု ပြောလိုက်တဲ့အခါ သဘောကျစွာဝိုင်းပြီး ရယ်နေကြလေရဲ့။

သူတို့အားလုံးပျော်ရွှင်ကြည်နူးစွာ ပြန်သွားခဲ့ကြပါပြီ။ လေ့လာရေးခရီးစဉ်ကရတဲ့ အတွေ့အကြုံ၊ ဗဟုသုတအသိအမြင်တွေကို ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် ပြန်လည်အသုံးချဖို့ ယူဆောင်သွားကြပါပြီ။ ရင်းနှီးချစ်ကြည်စွာ အတူနေရစဉ်ခဏ တစ်ဦးရဲ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို တစ်ဦးက သိမြင်နားလည်ဖလှယ်ခွင့်ရခဲ့ကြပါပြီ။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ရက်ပေါင်း ၁၀၀ ကာလ ဆဌမလုပ်ငန်းစဉ်မှာ ကျွန်တော်တို့ရဲ့အဓိကမျှော်မှန်းချက်ကတော့ နယ်စပ်ဒေသအသီးသီးဆီကို ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့တွေ မွှေးထုံကြိုင်လှိုင် သင်းပျံ့သွားစေဖို့ပါပဲ။

# ပညာလိုအိုသည်မရှိ

**မောင်တင် ❈**

**နီပေါအဘိုးအို ဒါဂါခမ်းမီးသည် သူ၏ပညာကို ကလေးဘဝက ပြီးဆုံးအောင်သင်ယူနိုင်ခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် အလွန်ဆင်းရဲသောကြောင့်ဖြစ်သည်။ ယခုအချိန်တွင် ၄င်း၏မပြီးဆုံးသေးသောပညာရေးကို ဆက်လက်သင်ယူရန်အတွက် အသက် ၆၈ နှစ်ရှိပြီဖြစ်သည့် မုဆိုးဖိုခမ်းမီးသည် ကျောင်းယူနီဖောင်းကိုဝတ်ဆင်လျက် တစ်ပတ်လျှင် ခြောက်ရက်ကြာ ကျောင်းသို့သွားရောက်ပညာလေ့လာဆည်းပူးလျက်ရှိသည်။**

အဘိုးအိုဒါဂါခမ်းမီးသည် သူ၏ဖြူဖွေးနေသောမုတ်ဆိတ်မွေးကို သပ်ရပ်စွာဖြီး၍ ကျောင်းဝတ်စုံကိုဝတ်ဆင်ကာ တောင်ဝှေးတစ်ချောင်းဖြင့် ၄င်း၏သင်ခန်းစာများကို ခက်ခက်ခဲခဲသွားရောက် လေ့လာသင်ယူနေပါသည်။ ဆင်းရဲမှုများကြောင့် ကလေးဘဝကတည်းက ပညာရေးကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသော ခမ်းမီးသည်သူ၏ရည်ရွယ်ချက်ဖြစ်သော ကျောင်းဆရာ တစ်ယောက်ဖြစ်လာရန် ကြိုးစားနေခြင်းဖြစ်ပါသည်။ ယခု မြေးရှစ်ယောက်၏အဘိုး သားခြောက်ယောက်၏ အဖေဖြစ်သူ အသက် ၆၈ နှစ်ရှိပြီဖြစ်သော ခမ်းမီးသည် တစ်ပတ်လျှင် ခြောက်ရက် ကျောင်းသို့သွားကာ ပညာသင်ယူနေလျက်ရှိသည်။ ၄င်းသည် ၄င်း၏မိန်းမသေဆုံးပြီးနောက် တစ်ယောက်တည်း အထီးကျန်ဆန်သော၄င်း၏ဘဝကို ပျော်ရွှင်စွာဖြတ်သန်းချင်သည်ကတစ်ကြောင်း၊ ပညာသင်ရေးရည်ရွယ်ချက်ကို အကောင်အထည်ဖော်လိုသည်ကတစ်ကြောင်း ၊၄င်း၏ မပြီးဆုံးသေးသော ပညာရေးကို ဆက်လက်သင်ကြားနေခြင်း ဖြစ်သည်။

အခန်းတစ်ခန်းတည်းသာရှိသော ၄င်း၏တိတ်ဆိတ်နေသည့် အိမ်ကလေးနှင့် နှိုင်းယှဉ်ကြည့်လျှင် အထက်တန်းကျောင်းထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကလေးအယောက် ၂၀ ၏ ဆူညံနေသောအသံက ၄င်းကိုဆီး၍ ကြိုဆိုလို့နေပါတော့သည်။ ခမ်းမီးသည် နီပေါနိုင်ငံ၏ မြို့တော်ဖြစ်သော ခတ္တမန္ဒူမြို့၏ အနောက်ဘက် ၁၅၅ မိုင်ခန့်ကွာဝေးသော ဆာဂျီရာဒေသတွင်ရှိသည့် လျှပ်စစ်မီးမှန်မှန်မရရှိသော ရပ်ကွက်ရှိ အမိုးများပေါက်နေသော အိမ်လေးတွင် နေထိုင်လျက်ရှိသည်။

"ကျွန်တော့်ရဲ့ဝမ်းနည်းပူဆွေးမှုတွေကို မေ့ဖျောက်နိုင်အောင်လို့ ကျွန်တော်ကျောင်းကိုသွားတယ်" လို့ ခမ်းမီးကပြောသည်။ အသက် ၁၄၊ ၁၅ နှစ်အရွယ်ရှိသော ကလေးများနှင့်အတူ အခန်းထဲတွင် စာသင်နေသောခမ်းမီးသည် နီပေါနိုင်ငံတွင် အသက်အကြီးဆုံးသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ ခမ်းမီးကို ကျောင်းသို့လာရောက်ပညာသင်ကြားရန်ဖိတ်ခေါ်ခဲ့သူမှာ ယင်းကျောင်းတွင်ပညာသင်ကြားပေးနေသော ဒေါက်တာ ကွိုင်ရာလာဖြစ်သည်။ ၄င်းသည် အဖြူရောင်ရှပ်အင်္ကျီ၊



အပြာရောင်အဆင်းလည်စီးနှင့် မီးခိုးရောင်ဘောင်းဘီ ကျောင်းဝတ်စုံနှင့်အတူ စာအုပ် စာတမ်းများကို ခမ်းမီးအားပေးလေသည်။ "ကျွန်တော့်ရဲ့ စာသင်တဲ့ သက်တမ်းတစ်လျှောက် ကိုယ့်အဖေအရွယ်ရှိတဲ့သူကို ပညာသင်ပေးရတာ ဒါဟာပထမဆုံးပါပဲ" လို့ ကွိုင်ရာလာကပြောသည်။ "ကျွန်တော်အလွန်လည်းပျော်တယ်၊ အလွန်လည်း စိတ်လှုပ်ရှားပါတယ်" လို့ ၄င်းကထပ်မံပြောဆိုလေသည်။

အတန်းထဲတွင်ရှိသည့် ၄င်းနှင့်အတူစာသင်ကြားနေသော ကလေးအယောက် ၂၀ က ခမ်းမီးကို နီပေါစကားနှင့် အဖေဟု သဘောသက်ရောက်သည့် "ဘား" ဟု ခေါ်ကြလေသည်။ ၄င်းသည် အသက်ကြီးဆုံး ကျောင်းသားဖြစ်သော်လည်း ကစားကွင်းတွင်ဘော်လီဘောကစားခြင်းအပါအဝင် အခြားကျောင်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ၄င်း၏အတန်းဖော်များနှင့်အတူ တက်ကြွစွာပါဝင်လေ့ရှိသည်။

"ဒီအဘိုးအိုဟာ ဘာကြောင့် ကျွန်တော်တို့နဲ့အတူ ကျောင်းမှာပညာသင်ကြားနေသလဲဆိုတာကို ကျွန်တော် တွေးမိတယ်။ ဒါပေမယ့် သူနဲ့ရင်းနှီးမှုကြာလာတော့ ကျွန်တော် ပျော်ခဲ့တယ်" လို့ ၁၄ နှစ်အရွယ် ခမ်းမီး၏ အတန်းဖော်တစ်ဦးဖြစ်သူက ပြောသည်။ ထို့ပြင် ခမ်းမီးက "ကျွန်တော်တို့နဲ့နှိုင်းယှဉ်လျှင် သင်ခန်းစာလေ့လာမှုမှာ နည်းနည်းအားနည်းတယ်။ ဒါပေမယ့် သူအားနည်းတဲ့အပိုင်းကို ကျွန်တော်တို့ ကူညီပါတယ်"လို့ ခမ်းမီး၏ အတန်းဖော်သူငယ်ချင်းဖြစ်သူက ပြောသည်။

ခမ်းမီးက၄င်းအနေဖြင့် သေသည့်အထိ ပညာလေ့လာသင်ယူချင်ပါတယ် "ပညာလို အိုသည်မရှိ" ဟု ပြောခဲ့သည်။ "ကျောင်းသွားပြီးကျွန်တော့်လို မုတ်ဆိတ်ဖြူနဲ့အဘိုးအိုက ပညာသင်နေတာကိုတွေ့လျှင် တခြားသူတွေစိတ်အားထက်သန်တက်ကြွလာမှာပါ" လို့ ၄င်းက ထပ်ပြောလေသည်။

**အခန်းတစ်ခန်းတည်းသာရှိသော ၄င်း၏တိတ်ဆိတ်နေသည့် အိမ်ကလေးနှင့် နှိုင်းယှဉ်ကြည့်လျှင် အထက်တန်းကျောင်း ထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကလေး အယောက် ၂၀ ၏ ဆူညံနေသောအသံက ၄င်းကို ဆီး၍ကြိုဆိုလို့နေ**

# ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာ့ရွှေသမင်များ ဝိုင်းဝန်းထိန်းသိမ်း


ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာ့ရွှေသမင်များ ရေရှည်တည်တံ့ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၈၊ ၂၉ ရက်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် Indo-Myanmar Conservation/ Friends Of Wildlife တို့ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ ရွှေဂူတောင်ကျောင်းတိုက်၌ ပူးပေါင်းကျင်းပကြောင်း သိရသည်။

" အခုလို အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာပေါင်းစုံကို ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်ဖို့၊ ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်တွေကို ထိရောက်စွာလုံခြုံမှုပေးနိုင်မယ့် ထိန်းသိမ်းရေးစီမံချက်တစ်ခု ရေးဆွဲရာမှာ အထောက်အကူဖြစ်စေမယ့် အချက်အလက်တွေရရှိနိုင်ဖို့၊ ချပ်သင်းဘေးမဲ့တောနဲ့ ရွှေသမင်များထိန်းသိမ်းရေးမှာ ဒေသခံပြည်သူများအကြား ထိန်းသိမ်းမှုအသိအမြင်တွေ တိုးတက်မြင့်မားလာစေပြီး ဝိုင်းဝန်းပူးပေါင်းလာစေဖို့ ဖြစ်ပါတယ်"ဟု FOW အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။




ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ ခုနှစ် ဇွန် ၁၉ ရက်တွင် အမိန့်ကြေညာစာအမှတ် ၁၇၇ ဖြင့် ကာကွယ်တော ဧရိယာသတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ဖွဲ့စည်းစဉ်က ၆၆၅၆ဝ ကေကျယ်ဝန်းခဲ့ပြီး ဘေးမဲ့တောအတွင်း နှစ်ကာလ အတန်ကြာနေထိုင်ခဲ့သော ကျေးရွာသုံးရွာဖြစ်သည့် ဆင်ခေါင်းကျေးရွာ၊ ဆပ်သွားချောင်းကျေးရွာနှင့် ကျေးအင်းကျေးရွာများ၏ လယ်မြေ၊ ရွာမြေအများ သာသနာပိုင်မြေဧရိယာ ၂၂၉၅ ဒသမ ၅၈ ဧကကို ဘေးမဲ့တောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးခဲ့ရာ ယခုအခါ ၆၄၂၆၄ ဒသမ ၄၂ ဧကကျန်ရှိပြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နှင့် ကသာခရိုင် ကောလင်းမြို့နယ်အတွင်း တည်ရှိသည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်များသည် ၂၀၀၀ ပြည့်နှစ်ခန့်က ကောင်ရေ ၃၀၀၀ ကျော်ခန့်ရှိခဲ့သော်လည်း ယခုအခါတွင် ၅၀၀ ကျော်ခန့်သာကျန်ရှိတော့ရာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်များ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိပြီး ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံအတွင်းရှိ ချပ်သင်းနှင့် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင်ရှိသည့် မြန်မာနိုင်ငံသားတို့အတွက် ဂုဏ်ယူဝံ့ကြွား မြတ်နိုးဖွယ်ရာ သတ္တဝါများဖြစ်သဖြင့် ယင်းသတ္တဝါနှင့် ယင်းတို့မှီတင်းနေထိုင်လျက်ရှိသည့် မှီခိုတောများ



ရေရှည်တည်တံ့ရေး ဘေးမဲ့တောအဖြစ်သတ်မှတ်စီမံအုပ်ချုပ်ထိန်းသိမ်းလာခဲ့သည်မှာနှစ်ပေါင်း ၇၅ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ချပ်သင်း ဘေးမဲ့တော တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ချပ်သင်းဘေးမဲ့တောကို ကမ္ဘာတွင် မြန်မာနိုင်ငံ၌သာရှင်သန်နိုင်သော၊ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော မြန်မာ့ရွှေသမင်နှင့် ယင်းတို့မှီခိုရာတောများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင် ရေမြေအပါအဝင် အခြားဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့ရေးနှင့် အင်တိုင်းတောဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းသွားရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဌာနတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန်၊ သဘာဝပတ်ဝန်းကျင် သိပ္ပံပညာရပ်မြှင့် တင်နိုင်ရန်သုတေသနလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဒေသဖွံ့ဖြိုးရေးနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်သွားရန် ရည်ရွယ်ချက်များ ချမှတ်ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီး/ ပြည်နယ်များအတွက် လိုအပ်သောကွန်ကရစ်ကျောက်တိုင်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း)ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသည်-

Tender No. 004/EPGE/16-17 (ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း)
Tender No. 005/EPGE/16-17 (ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူခြင်း)

၂။ Tender No.004 & 005 ၏ တင်ဒါပိတ်ရက်မှာ ၂၁-၇-၂၀၁၆ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ အောက်ပါအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

(က) အေးသာယာမူလတန်းကြိုကျောင်း (အေးသာယာမြို့)၊ တောင်ကြီးမြို့နယ်
  (၁) (၁၅၀'×၃၀')၊ ၁ထပ်(L)ပုံစံ RC ကျောင်းဆောင်(၁)လုံး ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ လျှောက်လမ်း၊ ပေါ်တီကို အပါအဝင်)
  (၂) (၂၀'×၁၅')၊ (၁ထပ်) RC မီးဖိုချောင် (၁)လုံး ဆောက်လုပ်ခြင်း၊
  (၃) စက်ရေတွင်းတူးဖော်ခြင်း (အချင်း ၂") + သံရေစင်တည်ဆောက်ခြင်း (မော်တာ + ကွန်ပရက်ရှာ အပါအဝင်)

၂။ တင်ဒါတင်သွင်းသူတိုင်းသည် အာမခံစပေါ်ငွေ (၁%)ကို ၁-၇-၂၀၁၆ ရက်မှ ၇-၇-၂၀၁၆ ရက်အထိ (ရုံးချိန်အတွင်း)ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၏ (MD- 010689)သို့ ငွေသွင်းချလန်ဖြင့် ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ချလန်မူရင်းခွဲတစ်စောင်အား တင်ဒါတင်သွင်းသည့်ရက်တွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ပေးအပ်ရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်ဒါပုံစံများအား အောက်ပါလိပ်စာများတွင် ၁-၇-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၁၄-၇-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။ ဆက်သွယ်နိုင်သည့် ဖုန်းအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့ ၀၈၁-၂၁၂၁၁၆
အမှတ် ၄၀၊ အုတ်ဖိုလမ်း၊ မြို့မရပ်ကွက် ၀၈၁-၂၁၂၃၉၀၆
တောင်ကြီးမြို့

## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## (၅၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၇-၈-၂၀၁၆ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အောက်ဖော်ပြပါ အကျုံးဝင်သူများလျှောက်ထားနိုင်ပါသည်။

၁။ ၂၀၁၅ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ခုနှစ် ဇူလိုင်လအထိ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ ဒီပလိုမာအောင်မြင်ပြီးသူများ။
၂။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၁/၂၀၁၃) သင်တန်း(နောက်ဆက်တွဲ) စာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ်ထမ်းဆောင်ပြီးသူများ။
၃။ ၂၀၁၅ခုနှစ် ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ)(၁/၂၀၁၄) သင်တန်း (ပုံမှန်)စာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန် (၁)နှစ်ထမ်းဆောင်ပြီးသူများ။

(ထိုကာလမတိုင်မီက အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

| | | |
|---|---|---|
| ဘွဲ့နှင်းသဘင်ကြေး | - | ၁၅၀၀ကျပ် |
| မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ သင်တန်းအတွက် ဘွဲ့နှင်းသဘင်ကြေး | - | ၁၅၀၀ကျပ် |
| အဝေးရောက်ဘွဲ့ကြေး | - | ၁၀၀၀ကျပ် |
| ပြင်ပဆရာဝန်များ၏ ဘွဲ့နှင်းသဘင်ကြေး | - | ၂၅၀၀၀ကျပ် |
| လျှောက်လွှာပိတ်ရက် | - | ၃-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) |

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁½"×၂")နောက်ခံအပြာနုရောင်ကာလာ ဓာတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားကြရမည်။

**မှတ်ချက်** ။ ။ ဓာတ်ပုံတွင် အမျိုးသားများသည် လည်ကတုံးအင်္ကျီအဖြူ (သို့) အနောက်တိုင်းဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာအင်္ကျီရင်ဖုံး (သို့) ရင်စေ့နားရွက်ပေါ်ပုံဖြစ်ရမည်။ ဆံပင်ဆေးဆိုးထားခြင်းမရှိရ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် ဘွဲ့လွန်/ စာမေးပွဲဌာနစု ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇၊ ၂၅၁၅၉၆ လိုင်းခွဲ (၂၀) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြမြမူ**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အရန်(မွမ်းမံ)သင်တန်းသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တူညီဝတ်စုံ (ဘူးလော့ပိတ်ထူ) | ၆၁၃၅ | ထည် |
| (ခ) | လက်မောင်းတံဆိပ်အစုံ | ၆၁၃၅ | စုံ |
| (ဂ) | ဦးထုပ်+တံဆိပ် | ၆၁၃၅ | လုံး |
| (ဃ) | ခါးပတ် (Logo)ပါ | ၆၁၃၅ | ချောင်း |
| (င) | စစ်ဖိနပ် (ပုံစံ-၁) | ၆၁၃၅ | ရံ |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာယူရန်** - ၂-၇-၂၀၁၆ ရက်မှ ၂၀-၇-၂၀၁၆ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရက်** - ၂၁-၇-၂၀၁၆ ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၇-၂၀၁၆ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၅၉-၂၃၈၇၁၊ ၀၅၉-၂၂၆၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းများကို ချင်းပြည်နယ်အတွင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီနှင့် လုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | အဆောက်အအုံ | (၂) လုံး |
| (ခ) | ကျောက်ချောလမ်း | (၂) လမ်း |
| (ဂ) | မြေသားလမ်း | (၁) လမ်း |
| (ဃ) | မြို့ရေပေးရေး | (၂) ခု |
| (င) | ကျေးရွာရေပေးရေး | (၃) ရွာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဟားခါးမြို့၊ ချင်းပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၅-၇-၂၀၁၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာများကို ၅-၈-၂၀၁၆ ရက် ၁၆း၃၀ နာရီအထိ နောက်ဆုံးထား တင်သွင်းရပါမည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၇၀-၂၁၃၂၂၊ ၀၇၀-၂၁၃၂၅၊ ၀၉-၃၆၄၉၄၀၈၊ ၀၉-၃၃၃၄၇၈၄၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ချင်းပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့**

## CLAIMS DAY NOTICE
## M.V HOEGH CHENNAI VOY:NO(25)

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO. (25) are here by notified that the vessel will arrive on about 4-7-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါ်ချိုငယ်လှိုင် နှင့် ဦးဇေယျာလင်းအောင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့၊ မင်္ဂလာအုပ်စု၊ ကျော်ညီနောင်ရပ်၊ အမှတ် (င/၁၇)တွင် နေထိုင်သူ ဦးဇေယျာလင်းအောင် (ဘ) ဦးစိန်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုငယ်လှိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
## (ရန်ကုန်၊ မန္တလေး)
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

| | အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|---|
| (က) | ဂီတပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) | သဘင်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) | ပန်းချီပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) | ပန်းပုပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| (င) | ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

၃။ ဂုဏ်ထူးတန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီပါက စုစုပေါင်းသင်တန်းကာလ ၅ နှစ်တက်ရောက်ရမည်ဖြစ်ပြီး ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ အပ်နှင်းသွားမည်ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ လည်းကောင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံငါးပုံတို့နှင့် ပူးတွဲလျက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး အလားတူ လျှောက်လွှာပုံစံများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website.www.culture.gov.mm နှင့် www. facebook.com ministry of culture & culture Myanmar တွင် Download ရယူပြီး တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄ တို့သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ဖုန်း-၀၈၅-၄၀၁၈၄သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဇော်ဦး)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွန်ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း (၆၆)ခု၊ အစားထိုးလုပ်ငန်း (၂၇)ခု၊ မြို့ပြလုပ်ငန်း (၂)ခုအား Lot(၂၈) ခုခွဲ၍ တစ်ခုချင်းအလိုက် Turnkey စနစ်ဖြင့် ဝယ်ယူ/ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၄-၇-၂၀၁၆ ရက်တွင် စတင်ရောင်းချပြီး ၁-၈-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၅၉၁၉၊ ၀၉-၈၇၂၅၅၇၁၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၈၇၂၅၅၈၆**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်သင်းသင်းမြင့် ၁၂/အစန(နိုင်)၀၅၄၃၁၀ ပိုင် ယာဉ်အမှတ် 9G-5744, M/C L/T ၏ ပါမစ်အမှတ် ISP IDVY8 12-13 14613 08/03/13, ID အမှတ် 835016, Custom Statement, ကားဓာတ်ပုံမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၃၅၀၆၉၃

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်၏

## ဘဏ်ခွဲ "၄၀၀" မြောက်

ကို (၂၈. ၆. ၂၀၁၆) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလ နှင့် ဇွန်လ အတွင်း ထိုင်းနိုင်ငံ နှင့် စင်္ကာပူနိုင်ငံတို့၌ နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက် နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ဦးတင်မြင့်နို**
**Managing Director**
**Nilar Group Co., Ltd.**

**ဦးမောင်မောင်အောင်**
**Managing Director**
**Annawar Aung Jetty**

**ဦးကောင်းစံ**
**Managing Director**
**Jasmine Palace Hotel**
**Jasmine Palace Construction Co., Ltd.**

**ဦးစိုးနိုင်**
**Managing Director**
**Strong Source Co., Ltd.**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်၏

## ဘဏ်ခွဲ "၄၀၀" မြောက်

ကို (၂၈. ၆. ၂၀၁၆) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလ နှင့် ဇွန်လ အတွင်း ထိုင်းနိုင်ငံ နှင့် စင်္ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက် နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ဦးရဲမင်း**
Chairman
Famous Parami Group Co., Ltd.

**ဦးဇော်မန်း**
Chairman
Myanmar Seilone Co., Ltd.

**ဦးဆန်းနောင်**
Chairman
Myanmar Alinkar Group Co., Ltd.

**ဦးသိန်းဝင်း**
Chairman
Peace Myanmar Group Co., Ltd.


## မြေကွက်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲတံတား၊ ဖလမ်းသွားလမ်းမကြီးမေးတင်၊ မိုင်တိုင် (၄) မိုင် (၆) ဖာလုံအနီး၊ စုစုပေါင်းလယ်မြေ ၄၇ဒသမ၇၃ဧက၊ မျက်နှာစာပေ ၆၀၀ရှိ အနက်ထဲမှ (၅)ဧက လန (၃၀)ရရှိပြီး (မျက်နှာပွင့်) ပေ (၃၆၀)နှင့် ကျန်လယ်မြေ ၄၂ဒသမ၇၃ ဧက များကို ရောင်းမည်။
- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ခရမ်းသုံးခွ၊ လမ်းမကြီးမေးတင်၊ သူဌေးကွင်းကျေးရွာအနီး၊ လယ်မြေ ၁၃ဒသမ၀၅ဧက (မျက်နှာပွင့်ပေ ၁၁၀၀)ရောင်းမည်။
- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ စစ်ကိုင်း (၉)လမ်း၊ ရွှေပုစွန်နှစ်ခြံကျော်၊ အဆင့်မြင့်ဈေး၊ Unit No" 29, 30 ၊ (၂) Units ၊ ဂရန်မြေကွက် (၂၀၀'x၂၀၀)အဆင့်မြင့်ခြံခတ်၊ အတွင်းပြင်ဆင်ပြီး၊ ၈၀'x၆၀' အဆင့်မြင့်ပြင်ပြီး အဆောက်အအုံနှစ်လုံး။ (၂၀'x၃၀)နှစ်ထပ်တိုက်၊ (၂၀'x၂၀')နှစ်လုံး၊ (၈၀'x၅၀) ဂိုဒေါင်တစ်လုံး၊ 30 hp Power Meter နှစ်ခု၊ အဆင့်မြင့် စားသောက်ဆိုင်နှင့် Beauty Saloon လုပ်ငန်းများလုပ်ရန် အဆင့်မြင့်ပြင်ဆင်ပြီး၊ ပစ္စည်းအဆင်သင့်၊ လုပ်ငန်းလိုင်စင်နှင့်ရစ်မျိုး လိုင်စင်များရှိပြီး (ရောင်း/ငှား)မည်။ 1 Unit ရောင်း (၅၀၀၀)သိန်း၊ ငှား (၂၅)သိန်း၊ 2Unit ပေါင်းယူပါက ဈေးညှိနှိုင်းပေးမည်။
- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ချင်းရွာ၊ သောက (၁၇)လမ်း၊ ၁၀၀'x၁၀၀' Permit မြေကွက်ရောင်းမည်။ (၆၀၀)သိန်း။
- နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီ(တိုးချဲ့)ပေါင်းလောင်းရပ်ကွက်၊ မြင့်မိုရ်နန်း Motel အနောက် Permit မြေကွက် (၆၀'x၈၀)ရောင်းမည်။ (၅၅၀)သိန်း၊

**အသေးစိတ်သိရှိလိုပါက**

**အမှန်တကယ်စိတ်ဝင်စားသူများသာ ဆက်သွယ်မေးမြန်းပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။**

**ပိုင်ရှင်ကိုယ်စား ဦးကျော်ကျော် (Manager) ဖုန်း-၀၉-၉၆၃၆၄၇၇၉၉၊ ၀၉-၂၅၃၃၉၀၀၀၃၊ ၀၉-၅၁၂၂၉၂၅**







### ခြံရောင်းမည်။ (ညှိနှိုင်း)

**သန်လျင်-ကျိုက်အင်း (40'x65')**
**ထောင့်ကွက်**
**အိမ်အကူ(မ) အလိုရှိသည်။**
**နေ၊ စား၊ ငြိမ်း လစာ ၆၀၀၀၀ိ/-**
**ဖုန်း-၀၉-၄၅၀၈၅၀၅၃၁/၂**

## မြေကွက်ဝယ်လိုသည်

သီလဝါစက်မှုဇုန်အတွင်း မြေကွက်များ ဝယ်လိုပါသည်။

**ဖုန်း-၀၉-၈၅၉၁၈၈၃၊ ၀၉-၉၇၇၈၁၁၁၈၈**

### ငွေးချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မုံရွာမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၃**

| | | |
|---|---|---|
| ဒေါ်ဌေးဌေးမာ | **နှင့်** | ဒေါ်စန်းစန်းလှိုင် |
| **တရားလို** | | **တရားပြိုင်** |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ဆစ်ဘုရားကျောင်းတိုက်တန်း နေသူ ဒေါ်စန်းစန်းလှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဌေးဌေးမာက ချေးငွေ(၃၄၀၀၀၀ိ/) ကျပ်ရလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စား လှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မုံရွာမြို့နယ်တရားရုံး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဖြူမြို့နယ်၊ အထက(ခွဲ) လဲရှောင် န၀မတန်း(A)မှ မစုစုမွန်၏ ဖခင် ဦးကြွေ သောင်းနှင့် ဦးအောင်နိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကြွေသောင်း(ခ)ဦးအောင်နိုင်**
**၆/ရဖန(နိုင်)၀၅၉၈၉၉**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လောင်းလုံးမြို့နယ်၊ အထက (ခွဲ) ကဒက်ကြီးကျောင်း န၀မတန်းမှ မအိဇင်ဖြိုး၏ ဖခင်ဦးတင်ဝင်းနှင့် ဦးစံအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဝင်း(ခ)ဦးစံအေး**
**၆/ကသန(နိုင်)၀၀၇၂၉၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ် ၂/၃၊ ဦးပိုင်အမှတ် ၅လမ်း၊ ၂၀၃၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိမြေအား ဦးအောင်မင်းမှ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ဂရန်မှာရေဝင်ရာမှ ပျက်စီးပျောက်ဆုံးသွားပါသဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်ထပ်မံ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၄၅ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်မင်း**

### ဖခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အထက (ခွဲ) ကဒက်ကြီးကျောင်း န၀မတန်းမှ မမေသူကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ဖြစ်ပါကြောင်း။

**ဦးမောင်နိုင် ၆/တသရ(နိုင်)၀၃၃၄၉၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၂၅၄၈ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ May Wadi Htun Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အာဟာရသုခဈေး ပွဲရုံဆိုင်ခန်းအမှတ် (ပ-၈၃) အား တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အိမ်အမှတ် ၁၅၅နေ ဦးရဲနိုင်အောင် ၁၃/ကခန(နိုင်)၀၀၁၉၃၉အမည်ပေါက် ပိုင်ဆိုင်ပြီး မကွေးမြို့၊ တိုင်းမင်းကြီးအိမ်ရာ၊ ဆားရွှေကင်းရပ်ကွက်နေ ဦးကျော်မြင့် ၉/၀တန(နိုင်)၀၀၈၁၉၈ အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၂၊ မြေကွက်/ဦးပိုင်အမှတ် ၃၃၅၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဒေါက်တာစန်းမောင် အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား ဒေါ်လှိုင်မိမိ ၁၂/ရကန(နိုင်)၀၂၂၇၂၈(ဘ) ဦးချစ်လှိုင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၂၊ မြေကွက်/ဦးပိုင်အမှတ် ၃၃၂၁၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်လှလှဌေး အမည်ပေါက် အငှားဂရန်မြေကွက်အားဦးကျော်စွာမြင့် (ဒေါ်လှလှဌေး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၀၁၈၅၂ (ဘ)ဦးစိုးမြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်**

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | ဘုရားကုန်း အဆင့်(၁) | ၇၈ | ဒေါ်တင်နွဲ့ | ဦးထွန်းလင်း | ၁၂/သကတ(နိုင်)၁၀၆၉၇၆ | |
| ၂ | သန်လျင် | အောင်ချမ်းသာ တိုးချဲ့ | ၁၂၀၂ | တပ်ကြပ်မြင့်ဦး | ဦးတင်ဝင်းအောင် | ၃/ကဆက(နိုင်)၀၀၁၉၆၃ | |
| ၃ | သန်လျင် | အောင်ချမ်းသာ တိုးချဲ့ | ၁၂၀၄ | တပ်ကြပ်ကြီးစာရေး အောင်ပိုင်မင်း | ဦးတင်ဝင်းအောင် | ၃/ကဆက(နိုင်)၀၀၁၉၆၃ | |
| ၄ | သန်လျင် | အောင်ချမ်းသာ တိုးချဲ့ | ၁၂၀၆ | တပ်ကြပ်ကြီးထွန်းစိုး | ဦးတင်ဝင်းအောင် | ၃/ကဆက(နိုင်)၀၀၁၉၆၃ | |
| ၅ | လှိုင်သာယာ | ၄-အေ | ၁၈၄ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးရာဇာမျိုးဝင်း | ၁၂/ရကန(နိုင်)၀၆၄၉၈၁ | |
| ၆ | လှိုင်သာယာ | ၄-အေ | ၂၀၂ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးရာဇာမျိုးဝင်း | ၁၂/ရကန(နိုင်)၀၆၄၉၈၁ | |
| ၇ | လှိုင်သာယာ | ၄-အေ | ၂၀၄ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးရာဇာမျိုးဝင်း | ၁၂/ရကန(နိုင်)၀၆၄၉၈၁ | |
| ၈ | လှိုင်သာယာ | ၂၁ | ၁၈ | Great Shwe Taung Development Co.,Ltd | ဦးသန်းဇော်ထွေး | ၉/ခအဇ(နိုင်)၀၁၇၇၅၉ | |
| ၉ | လှိုင်သာယာ | ၂၁ | ၁၉ | Great Shwe Taung Development Co.,Ltd | ဦးသန်းဇော်ထွေး | ၉/ခအဇ(နိုင်)၀၁၇၇၅၉ | |

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့တပ်မတော်တို့ ချစ်ကြည်ရေးဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစား ၈၁ - ၃



# မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်နေဦးမည်

**သတင်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံ - ကိုကြီးတင်**

**ရန်ကုန် ဇူလိုင် ၂**

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်မားလာသည့်အတွက် မြန်မာ့ရွှေဈေးသည်လည်း ဆက်လက်မြင့်မား လာဦးမည်ဖြစ်ကြောင်း ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ ကြားသိရသည်။

တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "ပြီးခဲ့တဲ့တစ်ပတ်ကျော်ကတည်းက ကမ္ဘာ့ရွှေဈေးက အတက်ဘက်ကိုချည်းပဲ တစ်လျှောက်လုံးသွားနေခဲ့တာ၊ ကျရိပ်လုံးဝမရှိဘူး။ ဒါ့ကြောင့် လာမယ့်အပတ်မှာလည်း ရွှေဈေးက ဆက်လက်မြင့်တက်မယ့် အနေအထားမှာရှိနေပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ဇွန် ၂၄ ရက်က စတင်၍ ဥရောပသမဂ္ဂ (အီးယူ)ထဲမှ ဗြိတိန်ထွက်ပြီးနောက် ကမ္ဘာ့ရွှေဈေးသည် အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ●

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပွဲဦးထွက်ပွဲ၌ မြန်မာ(ခ)အသင်း အနိုင်ရ

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ကိုကိုစိုးညွန့်**

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲနှင့် ပထမနေ့ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ပထမနေ့ပွဲစဉ်များ ဆက်လက်ကျင်းပရာ မြန်မာ(ခ)၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ အနိုင်ရရှိခဲ့သည်။ မြန်မာ(ခ)အသင်းသည် အုပ်စု(က)တွင် ပါဝင်နေပြီး စင်ကာပူအသင်းနှင့် ပွဲဦးထွက်ပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို ၂၅-၁၅ မှတ်၊ ၂၅-၂၃ မှတ်၊ ၂၅-၁၄ မှတ်တို့ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် ထိုင်းအသင်းက နယူးဇီလန်အသင်းကို ၂၅-၇၊ ၂၅-၂၂ မှတ်(၂၅-၉)ဖြင့် သုံးပွဲပြတ်၊ အင်ဒိုနီးရှားအသင်းက မော်လ်ဒိုက်အသင်းကို ၂၅-၁၆ ၊ ၂၅-၉၊ ၂၅-၆မှတ်တို့ဖြင့် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



မြန်မာ(ခ) အသင်းနှင့် စင်ကာပူ အသင်းတို့ ယှဉ်ပြိုင်နေစဉ်

# တရုတ်နိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန် အနိုင်ရရှိ

**သတင်း - ဖိုးသော်ဇင်**
**ဓာတ်ပုံ - ONE Championship**



ONE Championship အဖွဲ့အစည်းက ကျင်းပသည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက တရုတ်နိုင်ငံ Hefei မြို့၌ကျင်းပရာ ကချင်တိုင်းရင်းသား မြန်မာ MMA ကစားသမား အောင်လအန်ဆန် ဝင်ရောက် ယှဉ်ပြိုင်ပြီး နိုင်ပွဲရရှိခဲ့သည်။

အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဘူတိုရင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ၅၇ စက္ကန့်တွင် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန် သည် အမေရိကန်နိုင်ငံတွင်နေထိုင်ကာ MMA အားကစားနည်းဖြင့် နာမည်ကျော်လာသူဖြစ်ပြီး ယခုနှစ် မတ်လက မိခင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌ ပထမဆုံးထိုးသတ်သည့်ပွဲတွင် အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို အနိုင်ရရှိခဲ့သည်။

အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံဖြစ်ရန် ရည်မှန်းချက်ထားကာ ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း ၁၀ ပွဲကျင်းပခဲ့သည်။

# နိုင်လိုစိတ်ပြင်းထန်မှုဖြင့် ဝေးလ်တို့ ဘယ်လ်ဂျီယံကို အနိုင်ယူ

**❐ သီဟ**




ယူရို ၂၀၁၆ ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ဝေးလ်နှင့် ဘယ်လ်ဂျီယံပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝေးလ်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် ဝေးလ်အသင်း ကွင်းလယ်အင်အား တောင့်တင်းသလို နည်းပြကိုးလ်မန်သည် ကွင်းလယ်ကို အဓိကထားပြီး ၃-၅-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် လူကာကူကို အထောင်ထားကာ ပွဲထွက်လာသည်။ပွဲချိန် ၁၃ မိနစ်တွင် ကွင်းလယ်ကစားသမား နိုင်ဂိုလန်က ၁၈ ကိုက်အပြင်ဘက်မှ အဝေးဘောသွင်းယူခဲ့၍ ဘယ်လ်ဂျီယံအသင်းဦးဆောင်ဂိုးရရှိခဲ့သည်။ဘယ်လ်ဂျီယံအသင်း သွင်းဂိုးတစ်ဂိုးရရှိခဲ့ပြီး အထိုင်ကစားရာမှ ဝေးလ်အသင်း တိုက်စစ်မြှင့်ကာ ပွဲချိန် ၃၁ မိနစ်တွင် အသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံက ခေါင်းတိုက်သွင်းယူကာ ဝေးလ်တို့ချေပဂိုးရရှိခဲ့သည်။ဘယ်လ်ဂျီယံအသင်းသည် ပြန်လည်တိုက်စစ်ဖွင့်ခဲ့ပေမယ့် နိုင်လိုစိတ် *စာမျက်နှာ ၁၄ ကော်လံ ၆* ❍

